www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

## မဟူရာမြားကာညာ

ချင်းဟန်၏ဝင်လို့ပြောင်း

ဒုတိယပိုင်း
ဇာတ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၀၂၀၉၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၆၅၀၉၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ မုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်
ဝင်းကြွယ်

# မဟူရာမြားကညာ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၅ )

အချိန်အတန်ကြာပြီးနောက် ရန်ရှန်ပြန်ရောက်လာသည်။

ရန်ရှန်နှင့်အတူ အဘွားအိုတစ်ယောက်ပါလာသည်။

အဘွားအိုမှာ အသက်(၇၀)ခန့်ရှိသည်။

သူမသည် ပိန်ပိန်ပါးပါးဖြစ်သော်လည်း သန်စွမ်းပြီးပေါ့ပါးဖျတ်လတ်သည်။

လက်တွင် ကျားခေါင်းတောင်ဝှေးတစ်ခုကိုင်ထားသည်။

ရုပ်ရည်က ရန်ရှန်နှင့်ဆင်တူ၏။

"ဟောဒါ... ကျွန်မအဖေ ကျားဖြူမရှာယွင်ပါပဲ"

ရန်ရှန်က ပြောသည်။

ကျားဖြူမရှာယွင်၏အသွင်မှာ အကင်းပါးပြီး ပညာထက်သောသိုင်းသမားကြီးတစ်ယောက်ဖြစ်မှန်းသိသာနိုင်သည်။

သူ့သမီးရန်ရှန်လို ရိုးရိုးအအမဟုတ်ပေ။

"မင်းကဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျားဖြူမရှာယွင်က ကြူးလန်းရှုကို ခြေဆုံးခေါင်းဆုံး အတဲခတ်ကြည့်ပြီး မေးခွန်းထုတ်လိုက်သည်။

"ကျွန်တော့်နာမည်ကြူးလန်းရှုပါ၊ သိုင်းလောကမှာတော့ အချစ်မင်းသား တစ်ကိုယ်တော်သိုင်းသမားလို့ခေါ်ကြပါတယ်"

ကြူးလန်းရှုကပြန်အဖြေပေးသည်။

ကျားဖြူမရှာယွင်က....

"ဟောဒီမြွေကြီးသေသွားတာဟာ မင်းလက်ချက်လား"

ကြူးလန်းရှုခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် သူ ကျွန်တော့်ကိုအန္တရာယ်ပြုတဲ့အတွက် ကိုယ့်အသက်ကိုခုခံကာကွယ်ရင်း အသေသတ်ပစ်လိုက်ရတာပါ"

ကျားဖြူမရှာယွင်က ကြူးလန်းရှုအား ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်ပြီး....

"အင်း.... ဒီမြွေကြီးကိုတောင် အသေသတ်နိုင်တယ်ဆိုတော့ မင်းရဲ့သိုင်းပညာက အတော်အဆင့်မြင့်မှာပဲ"

ကြူးလန်းရှုခေါင်းခါလိုက်သည်။

"ဒီလောက်လဲမဟုတ်ပါဘူး၊ ကံကောင်းထောက်မလို့ အနိုင်ရခဲ့တာပါ"

"မင်း ဘာကိစ္စနဲ့ ဒီပန်းတစ်ရာတောင်ကုန်းကိုရောက်လာခဲ့တာလဲ"



"မိုးနတ်မယ်အဖွဲ့ဌာနချုပ်စခန်းကို လာရှာတာပါ"

ကျားဖြူမရှာယွင် မျက်မှောင်ကုပ်လိုက်သည်။

"မိုးနတ်မယ်အဖွဲ့ရဲ့ဌာနချုပ်စခန်း ဒီမှာရှိတယ်လို့ မင်းကို ဘယ်သူကလမ်းညွှန်လိုက်တာလဲ"

"မိန်းကလေးတစ်ယောက်ကပါ"

"အင်း... မင်းတော့အလိမ်ခံလိုက်ရပြီ"

ကြူးလန်းရှုကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဒီနေရာဟာ မိုးနတ်မယ်အဖွဲ့ရဲ့ဌာနချုပ်စခန်း မဟုတ်ဘူးလား"

"မင်းလဲ သိပ်ညံ့တဲ့လူတစ်ယောက်မဟုတ်ပါဘူးလေ၊ မင်းကိုယ်တိုင်အကဲခတ်ကြည့်စမ်းပါ၊ ဒီနေရာဟာ မိုးနတ်မယ်အဖွဲ့ ဌာနစခန်းချုပ်နဲ့တူရဲ့လားလို့"

ကျားဖြူမရှာယွင်ပြောမှပင် ဤနေရာမှာ လူသူလေးပါး ကင်းဝေးပြီး အလွန်ချောင်ကျသောနေရာဖြစ်ကြောင်း သတိပြုမိတော့သည်။

မိုးနတ်မယ်အဖွဲ့၏ဌာနချုပ်စခန်းဖြစ်နိုင်သည့် အထောက်အထားမရှိသည်ကို ကြူးလန်းရှုတွေးမိသည်။

"တောက်... ကွေ့ခက်က ကျွန်တော့်ကိုလိမ်ပြောသွားတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှုက မကျေမချမ်းဖြင့်ရေရွတ်လိုက်သည်။

"ကွေ့ခက်ဆိုတာဘယ်သူလဲ"

ကျားဖြူမက မေးသည်။

"ကျွန်တော့်ကိုသတင်းပေးတဲ့မိန်းကလေးပါ၊ သူဟာ မိုးနတ်မယ်အဖွဲ့က မဟူရာမြားကညာတစ်ယောက်လဲဖြစ်ပါတယ်"

"မင်း နောက်တစ်ခါအလိမ်ခံရပါပြီ၊ မိုးနတ်မယ်အဖွဲ့က မဟူရာမြားကညာတစ်ယောက်ဟာ ဒီနေ့အထိ ဘယ်ရှိနေနိုင်မှာလဲ"

ကြူးလန်းရှု ခေါင်းညိတ်ဝန်ခံလိုက်သည်။

"အမေကြီးပြောတာဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီနှစ်ပိုင်းတွေမှာ မိုးနတ်မယ်အဖွဲ့ဟာ ပြန်လည်တစ်စခန်းထလာတယ်၊ နေရာအနှံ့မှာ အဖွဲ့ခွဲတွေဖွဲ့ပြီး ပြန်လှုပ်ရှားနေတယ်... ကွေ့ခက်ဟာလဲ အဲဒီလိုပြန်လည်လှုပ်ရှားလာတဲ့မိုးနတ်မယ်အဖွဲ့က... မဟူရာမြားကညာတစ်ယောက်ပါ"

"သြော်... ဒီလိုကိုး၊ မဟူရာမြားကညာတစ်ယောက်က သူတို့အဖွဲ့ဌာနချုပ်တည်ရှိတဲ့နေရာကို အတအကျထုတ်ဖော်မှာ မဟုတ်ဘူးဆိုတာ မင်းနားလည်ဖို့ကောင်းတယ်၊ ပြောရင်လဲ အမှန်အတိုင်းမပြောဘဲ လိမ်ပြောမှာပါပဲ"

"ဟုတ်ကဲ့... ကွေ့ခက်က ကျွန်တော့်ကိုအလွယ်တကူနဲ့



ပြောပြခဲ့တာမဟုတ်ပါဘူး၊ သူ့ကိုအနိုင်တိုက်ပြီး အမိချုပ်ကိုင်နိုင်တော့မှထုတ်ဖော်ပြောသွားတာပါ၊ ဒါကြောင့်လဲ... ကျွန်တော်က ယုံမိတာပေါ့၊ ခုတော့... သူကသက်သက်မဲ့လိမ်ညာလိုက်တာမှန်း ကျွန်တော်သိရပါပြီ"

"ကွေ့ခက်ဆိုတဲ့ကောင်မလေးက ဒီပန်းတစ်ရာတောင်ကုန်းမှာ အစောင့်နတ်မြွေကြီးရှိမှန်းသိပါလိမ့်မယ်၊ ဒါကြောင့် မင်းကိုမြွေကြီးရဲ့ပါးစပ်ထဲမှာဇာတ်သိမ်းသွားအောင် လိမ်လည်ပြီး ဒီနေရာကိုလမ်းညွှန်လိုက်တာဖြစ်မယ်"

ကြူးလန်းရှုခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ဒီအတိုင်းပဲဖြစ်ပါလိမ့်မယ်၊ ကျွန်တော်အလိမ်မိပြီး အမေကြီးတို့ကိုအနှောင့်အယှက်ပေးသလိုဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်၊ ကျွန်တော့်ကိုပြန်ခွင့်ပြုပါ"

ကြူးလန်းရှုက ဤသို့ပြောပြီး... ဦးညွှတ်အရိုအသေပေးကာ လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်။

သို့သော်....

"အင်း... ဒီနေရာကိုရောက်လာပြီးတဲ့နောက် မင်းအသက်ရှင်ပြီး ပြန်သွားလို့မရတော့ဘူး"

ကျားဖြူမက ကြူးလန်းရှုကိုစူးစိုက်ကြည့်ပြီး အေးစက်သောလေသံဖြင့်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဘာဖြစ်လို့လဲ"

ကြူးလန်းရှုကတအံ့တသြပြန်မေးသည်။

ကျားဖြူမက နှာခေါင်းရှုံ့ကာ...

"ငါက ယောကျ်ားတွေကိုသိပ်မုန်းတီးတယ်၊ ငါ့နေရာကို ရောက်လာတဲ့ယောကျ်ားမှန်သမျှ အကုန်သေရတာချည်းပဲ"

ကြူးလန်းရှု ခေါင်းခါလိုက်သည်။

"ကမ္ဘာလောကကြီးမှာ ယောကျ်ားတွေအများကြီးရှိပါတယ်၊ အစ်မကြီးအနေနဲ့ ရှိသမျှယောကျ်ားတွေအားလုံးကို အကုန်သုတ်သင်ပစ်နိုင်ပါ့မလား"

"ဒါတော့ ယောကျ်ားအားလုံး တစ်ယောက်မကျန်အောင်ဘယ်သုတ်သင်ပစ်နိုင်မလဲ၊ ဒါကြောင့်လဲ... ယောကျ်ားတွေနဲ့ကင်းဝေးအောင် ဟောဒီနေရာမှာ ငါတို့သားအမိနှစ်ယောက်တည်းလာနေကြတာပေါ့၊ ငါတို့အေးအေးချမ်းချမ်းနေကြတဲ့နေရာကို ရောက်လာတဲ့ယောကျ်ားတွေကိုတော့ တစ်ယောက်မှချမ်းသာမပေးဘူး"

ကျားဖြူမက ဤသို့ပြောပြီး ကျားခေါင်းတောင်ဓားကို ဟန်ပါပါနှင့်ဆုပ်ကိုင်လိုက်သည်။

ချက်ချင်းပင်... တိုက်နိုက်သတ်ဖြတ်တော့မည့်ပုံမျိုး ...

"မေမေ... သူ့ကို သမီးသဘောကျတယ်၊ သမီး သူနဲ့အိမ်ထောင်ပြုချင်တယ်.... သူ့ကိုမသတ်ပါနဲ့မေမေရယ်"



ရန်ရှန်ကကြားဝင်ပြောသည်။

ရန်ရှန်သည် လူ့လောကအလယ်သို့မရောက်ဖူးဘဲ လူသူကင်းဝေးသည့်ပန်းတစ်ရာတောင်ကုန်းပေါ်ဝယ် တသီးတခြားနေထိုင်ကြီးပြင်းလာခဲ့ရသူဖြစ်ရာ လူမှုရေးကိစ္စများကိုနားမလည်...

ပြောသင့်မပြောသင့်လည်းမသိဘဲ စိတ်ထဲရှိသည့်တိုင်းဘွင်းဘွင်းရှင်းရှင်းပြောချလိုက်ခြင်းပင်။

"သမီးကလဲကွယ် မဖြစ်နိုင်တာကို စိတ်ကူးယဉ်မနေစမ်းပါနဲ့.... လောကမှာရှိတဲ့ယောကျ်ားတွေမှန်သမျှ တစ်ယောက်မှကောင်းတာမဟုတ်ဘူး... ဒီကောင်လေးလဲ မကောင်းဘူး... သူနဲ့အိမ်ထောင်ပြုလိုက်ရင် သမီးစိတ်ဆင်းရဲရမှာပေါ့"

ကျားဖြူမက သမီးကိုဖျောင်းဖျ၍ပြောဆိုသည်။

"သူကတော့ တခြားယောကျ်ားတွေနဲ့မတူပါဘူး... စိတ်ကောင်းရှိတဲ့ယောကျ်ားတစ်ယောက်ဖြစ်မှန်း အကဲခတ်မိပါတယ်၊ သမီးမှတ်မိသလောက်.... သမီးအရွယ်ရောက်ပြီးတဲ့နောက် အိမ်ထောင်ပြုနိုင်မဲ့ယောကျ်ား (၃၀)နီးပါး ဒီနေရာကိုရောက်လာတယ်၊ သူတို့အားလုံးကို မေမေကရှင်းပစ်လိုက်တာချည်းပဲ"

ထိုစကားကြောင့် ကြူးလန်းရှုကျောချမ်းသွားသည်။

ရန်ရှန်ထံမှစကားသံ ထပ်မံထွက်ပေါ်လာပြန်သည်။

"အခု သမီး အသက် (၂၆)နှစ်ရှိပြီ၊ မေမေလုပ်ပုံနဲ့ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



သမီး ဒီတစ်သက် အိမ်ထောင်ပြုခွင့်ရတော့မှာမဟုတ်ဘူး.... ဒီတစ်ယောက်ကိုတော့ ကျွန်မကသဘောကျတယ်... သူ့ကိုမေမေသတ်ဝစ်လိုက်ရင် သမီးလဲ ကိုယ့်ကိုယ်ကိုသတ်သေလိုက်မယ်"

"ဟာ ဒီကောင်မလေး... ဘာတွေလျှောက်ပြောနေတာလဲ၊ အရူးမဟုတ် အကောင်းမဟုတ်"

ကျားဖြူမကခေါက်ငမ်းလိုက်သည်။

ရန်ရှန်က ခေါင်းခါခါလည်ခါခါဖြင့်....

"သမီး မရူးဘူး၊ စိတ်ထဲရှိတာကိုပြောတာ မေမေက ဆယ့်ရှစ်နှစ်နဲ့အိမ်ထောင်ပြုတယ်၊ သမီးက နှစ်ဆယ့်ခြောက်နှစ်ပြည့်ပြီဆိုတော့ မေမေ့ထက် ရှစ်နှစ်လောက်တောင်နောက်ကျနေပြီ၊ ဟိုးအရင်တုန်းက မေမေပဲပြောဖူးတယ်မဟုတ်လား... မိန်းကလေးတွေအချိန်တန်အရွယ်ရောက်လာရင် အိမ်ထောင်ပြုရတယ်ဆို"

"တော်တိတ်... ပါးစပ်ပိတ်ထားစမ်း"

သို့သော် ရန်ရှန် ပါးစပ်ပိတ်မသွားပါ။

"သမီးပြောတာကို မေမေမလိုက်လျောရင်... သမီးလဲ ဒီလောကကြီးမှာဆက်မနေတော့ဘူး"

ရန်ရှန်က ဤသို့ပြောပြီး ဓားတိုလေးတစ်လက်ထုတ်ကာလည်ပင်းပေါ်တင်၍ လည်မျိုကိုလှီးဖြတ်မည်ပြုသည်။

ကျားဖြူမမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး....



"မလုပ်နဲ့...မလုပ်နဲ့၊ ကဲ... ကဲ သမီးသဘောအတိုင်းပါပဲ"

ဟုကမန်းကတန်းပြောသည်။

ရန်ရှန်က မိခင်ဖြစ်သူ ကျားဖြူမကိုပြန်ကြည့်ကာ....

"မေမေမညာရဘူးနော်"

"မညာပါဘူးကွယ်... ကဲ... ကဲ... ဓားကိုဘေးဖယ်ထားလိုက်စမ်းပါ"

ရန်ရှန်ခေါင်းခါသည်။

"မဖယ်နိုင်သေးဘူး... သူ့ကို သေသေချာချာပြောဆိုပြီးမှဖယ်မယ်"

ရန်ရှန်က ပေကပ်ကပ်ပြန်ပြောရာ....

ကျားဖြူမမှာ မတတ်သာတော့ဘဲ ကြူးလန်းရှဘက်လှည့်၍ လေအေးအေးဖြင့်ပြောလိုက်ရတော့သည်။

"ကဲ... ဒီတစ်ခါတော့ ငါ့ရဲ့စည်းကမ်းချက်ကိုလျှော့ပေါ့ပေးလိုက်တော့မယ်၊ မင်းကိုမသတ်တော့ဘူး၊ ဒါပေမဲ့ ငါ့သမီးကိုမင်းယူရမယ်"

ကြူးလန်းရှမှာ.... စောစောက ကျားဖြူမ သားအမိပြောစကားကြောင့် ရယ်ရမလိုငိုရမလိုဖြစ်သွားသည်။

ယခု ကျားဖြူမ၏စကားကြောင့် ဘာပြန်ပြောရမှန်းမသိတော့အောင်ဖြစ်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျားဖြူမတို့သားအမိ၏စိတ်ဓာတ်မှာ သာမန်လူများနှင့် မတူဘဲ ထူးခြားနေကြောင်းကိုလည်း ကြူးလန်းရှုနားလည်လိုက်လေသည်။

ကျားဖြူမသည် အကြောင်းတစ်ခုခုကြောင့် ခင်ပွန်းဖြစ်သူ၏စွန့်ပစ်ထားခြင်းကိုခံရလျှင်ခံရ ထိုသို့မဟုတ်လျှင် ယုတ်မာသောယောကျ်ားတစ်ယောက်ယောက်၏မသမာမှုကြောင့် အပျိုရည်ပျက်ကာ ကိုယ်ဝန်ရှိခဲ့ခြင်းဖြစ်မည်။

ထို့ကြောင့် ယောကျ်ားများကိုမုန်းတီးကာ ယောကျ်ားများနှင့်ကင်းဝေးအောင် ပန်းတစ်ရာတောင်ကုန်း၌ သမီးနှင့်အတူတသီးတခြားနေ,နေခြင်းဖြစ်ပေမည်။

သမီးဖြစ်သူကိုလည်း အပြင်အပသို့သွားလာခွင့်မပေးဘဲ ဤသီးခြားကမ္ဘာလေးထဲတွင်ပင်နေထိုင်ခဲ့သည်။

သို့သော်.... လောက၏သဘာဝတိုင်း အချိန်တန်အရွယ်ရောက်လာသောရန်ရှန်သည် ဆန့်ကျင်ဘက်လိင်ကိုတမ်းတကာ အိမ်ထောင်ပြုချင်လာမည်ဖြစ်ကြောင်းကိုလည်း ကြူးလန်းရှုတွေးမိသည်။

ရန်ရှန်သည်... အတွေ့အကြုံဗဟုသုတ လွန်စွာနည်းလှသောကြောင့် ပြောသင့်မပြောသင့်နားမလည်ဘဲ စိတ်ထဲရှိသည့်အတိုင်းပြောဆိုလုပ်ကိုင်နေခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။



ဤသို့ ကျားဖြူမတို့သားအမိဘဝအခြေအနေကိုနားလည်သောကြောင့် ကြူးလန်းရှုမှာ သူတို့သားအမိအပေါ်တွင် ကရုဏာသက်ကာ သနားလာမိသည်။

သို့သော် ရန်ရှန်နှင့်အိမ်ထောင်ပြုရန်ကိုကား ကြူးလန်းရှုအနေဖြင့် စိတ်ကူးထဲပင်မထည့်ပေ။

ရန်ရှန်မှာ သာမန်ရွက်ကြမ်းရေကျိုရုပ်ရည်လေးရှိသော်လည်း ကြူးလန်းရှုလို မိန်းမချောအမြောက်အမြားတွေ့ဖူးသူ တစ်ယောက်အဖို့တော့ အရုပ်ဆိုးသည်ဟုမှတ်ယူထားသည်။

ထို့ကြောင့်.... ရန်ရှန်ကို မည်သို့အိမ်ထောင်ဘက်အဖြစ်မှတ်ယူနိုင်မည်နည်း။

"ကျွန်တော့်အပေါ်စေတနာထားပြီး ခုလိုပြောတဲ့အတွက် အများကြီးဝမ်းသာပါတယ်၊ ဒါပေမဲ့... ကျွန်တော်မှာ သားမယားရှိပြီးသားပါ၊ ဒါကြောင့် အစ်မကြီးရဲ့စေတနာကို လက်မခံနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်"

ကြူးလန်းရှုက ကြည့်ကောင်းအောင် စကားအလှသုံးကာ ပြောလိုက်သည်။

"ဟဲ... သမီးကိုယ်တိုင်ကြားပြီမဟုတ်လား၊ သူနဲ့သမီးနဲ့ အိမ်ထောင်ပြုလို့မဖြစ်နိုင်ပါဘူးလို့"

ကျားဖြူမက ရန်ရှန်ကိုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ရှန်ကား လောကကြီးနှင့်ကင်းကွာနေသူဖြစ်ရာ မည်သည့်စကားကိုမျှ လက်မခံနိုင်ချေ။

ခေါင်းတွင်တွင်ခါယမ်းလိုက်ပြီး....

"ဒါတွေကို သမီးနားမလည်ဘူး၊ သူနဲ့အိမ်ထောင်ပြုရမှ ဖြစ်မယ်၊ မေမေဟာ သိုင်းပညာကို တစ်ဘက်ကမ်းခတ် တတ်ထားတယ်ဆို... လိုချင်တာရှိရင် ဘာမဆိုလုပ်နိုင်တယ်ဆို.... ခုတော့ သားမက်တစ်ယောက်ရအောင်တောင် မလုပ်နိုင်ဘူးလား"

ရန်ရှန်ကဤသို့ပြောပြီး လည်ပင်းကိုလှီးဖြတ်မည့်ဟန် ပြုပြန်သည်။

ကျားဖြူမပျာပျာသလဲဖြစ်ကာ....

"နေပါဦးသမီးလေး... ဒီလိုဆိုရင် သူ့ကို မေမေဖမ်းချုပ်ထားလိုက်မယ်၊ ပြီးမှ တဖြည်းဖြည်း သမီးအလိုကျဖြစ်အောင်လုပ်ကြတာပေါ့"

ကျားဖြူမက သမီးဖြစ်သူကိုဖျောင်းဖျသည်။

ယခုအချိန်တွင် သမီးဖြစ်သူအလိုကျပြုလုပ်ရန်မှတစ်ပါး အခြားမရှိတော့ပြီ။ သမီးအတွက် ဘာမဆိုလုပ်ရန် ဆုံးဖြတ်ထားပြီးပုံလည်းရသည်။

အခြေအနေမဟန်တော့ကြောင်း ကြူးလန်းရှုရိပ်မိသည်။

ထို့ကြောင့် ဘာဘာညာညာ ပြောမနေတော့ဘဲ....



ချာခနဲလှည့်ကာ အတင်းပြေးထွက်သွားလေတော့၏။

"ဟိတ်... ဒီလိုပြေးလို့ရမလား"

ကျားဖြူမက ဤသို့ပြောပြီး ကြူးလန်းရှုနောက်သို့ပြေးလိုက်သည်။

ကျားဖြူမ၏ပြေးလွှားပုံမှာ အလွန်ပေါ့ပါးသည်။

ပြေးလွှားပုံကိုကြည့်ခြင်းဖြင့် အထွတ်အထိပ်ရောက်လုနီးနေသောသိုင်းပညာရှင် အကျော်အမော်တစ်ယောက်ဖြစ်ကြောင်း အကဲခတ်သိရှိနိုင်သည်။ အားကုန်ထုတ်ပြေးနေသော ကြူးလန်းရှုကို ကျားဖြူမက တစ်ခဏအတွင်းမှာပင်ကျော်တက်သွားပြီး ရှေ့မှပိတ်ဆို့ရပ်တန့်လိုက်လေတော့သည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

ကြူးလန်းရှ တုံ့ခံနဲရပ်လိုက်ရသည်။ သူ့ရှေ့၌ ကျားဖြူမက ဗိတ်ဆို့ရပ်တန့်လိုက်ပြီမဟုတ်ပါလော။

မလွတ်သာသည့်အခြေအနေမို့....

ကြူးလန်းရှသည်... ရှည်ရှည်ဝေးဝေးတွေးမနေတော့ဘဲ ကျားဖြူမကို ဓားရှည်ဖြင့်လှမ်းပိုင်းလိုက်သည်။

"ဟား... ဟား... ဟား"

ကျားဖြူမက အားရပါးရရယ်မောပြီး ညာလက်တွင်ကိုင်ထားသောကျားခေါင်းတောင်ဝှေးဖြင့် ကြူးလန်းရှ၏ဓားရှည်ကို ပက်ထုတ်လိုက်သည်။

"ဒလံ...."

ကျားခေါင်းတောင်ဝှေး၏ပက်ထုတ်လိုက်သော အားအဟုန်မှာ ပြင်းထန်လှသည်။ ကြူးလန်းရှ၏ညာလက်မောင်းတစ်ခုလုံး ကျဉ်ခနဲဖြစ်သွားကာ...,



ညာလက်တွင်ဆုပ်ကိုင်ထားသော ဓားရှည်လည်း လွတ်ထွက်သွားသည်။ ကြူးလန်းရှ အလန့်တကြားဖြစ်ကာ ဘယ်ဘက်လက်ဝါးဖြင့် ကျားဖြူမကို အားကုန်ရိုက်ထည့်လိုက်သည်။

သေရေးရှင်ရေး အကျဉ်းအကျပ်မှရုန်းထွက်ရမည်ဖြစ်၍ ကြူးလန်းရှသည် အားကုန်အင်ကုန်သုံးကာ ရိုက်ထုတ်လိုက်သည်။

လက်ဝါးရိုက်ချက်က အလွန်ပင်ပြင်းထန်လှသည်။

ကျားဖြူမက ဘေးသို့ခုန်ကာ ကိုယ်ခန္ဓာကို အသာစောင်း၍ ကြူးလန်းရှ၏လက်ဝါးရိုက်ချက်ကိုရှောင်သည်။

တစ်ဆက်တည်းမှာပင်....

ကျားခေါင်းတောင်ဝှေးကိုဝှေ့ယမ်းကာ ကြူးလန်းရှ၏ခြေထောက်ကိုလွှဲရိုက်သည်။

"ခုန်လိုက်စမ်း"

ပါးစပ်မှလည်း အော်ပြောသည်။

ကြူးလန်းရှမှာ တကယ်ပင်အပေါ်သို့ ခုန်ပြီး ကျားခေါင်းတောင်ဝှေး၏ရိုက်ချက်ကိုရှောင်လိုက်သည်။ ကျားခေါင်းတောင်ဝှေးသည် လမ်းခုလတ်မှာပင် ရုတ်တရက် လမ်းကြောင်းပြောင်းကာ ကြူးလန်းရှခုန်သွားရာနောက်သို့လိုက်လာသည်။

ကြူးလန်းရှ၏ညာဘက်ပခုံးမှာ ကျားခေါင်းတောင်ဝှေးဖြင့် အရိုက်ခံရတော့မည်ကဲ့သို့ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထိစမ်း"

ကျားဖြူမက ပါးစပ်မှလည်းအော်ဟစ်ပြောသည်။

ကြူးလန်းရှမှာခေသူမဟုတ်။

အကျဉ်းအကျပ်အန္တရာယ်မှ ရုန်းထွက်နိုင်သည့်ဉာဏ်စွမ်းဉာဏ်စနှင့် လျင်မြန်ဖျတ်လတ်မှုရှိသည်။

မည်သို့မျှ ရှောင်တိမ်းမရနိုင်ဟုထင်ရသော ရိုက်ချက်ကိုလွတ်အောင်ရှောင်ထွက်သွားသည်။

ကြူးလန်းရှုက ရိုက်နှက်လာသောကျားခေါင်းတောင်ဝှေးကိုညာခြေဖြင့်ဆီးကန်ပြီး တောင်ဝှေးရိုက်ချက်၏အားကို အသုံးချကာ နောက်သို့ခုန်ဆုတ်တိမ်းရှောင်လိုက်ခြင်းဖြစ်သည်။

"ကောင်းလိုက်တဲ့သိုင်းကွက်"

ကျားဖြူမက ပါးစပ်မှထုတ်ဖော်ချီးမွမ်းရင်း ကျားခေါင်းတောင်ဝှေးကိုဝှေ့ယမ်းကာ ကြူးလန်းရှုကို ဆက်လက်တိုက်စစ်ဆင်ပြန်သည်။

ကျားဖြူမ၏သိုင်းပညာမှာ ကြူးလန်းရှုထက်သာသည်။

ကိုယ်ဖော့ပညာလည်း ကြူးလန်းရှုထက် ပို၍အဆင့်မြင့်လေသည်။

အတွင်းအားမှာလည်း ကျားဖြူမက ပိုမိုနက်ရှိုင်းသည်။

ထို့ပြင်... ကျားဖြူမက ကျားခေါင်းတောင်ဝှေးကိုသုံးပြီး



ကြူးလန်းရှုမှာ လက်နက်မဲ့ဖြစ်နေသည်။

ထို့ကြောင့် ကြူးလန်းရှုအဖို့ တစ်ပန်းရှုံးနေပြန်သည်။

ကျားခေါင်းတောင်ဝှေးက ကြူးလန်းရှုကို လှုပ်မရအောင်လွှမ်းခြုံထားသည်။

ကြူးလန်းရှုသည် မနိုင်မှန်းသိသော်လည်း အားမလျှော့ဘဲ တတ်နိုင်သမျှအပြင်းအထန်ပြန်လည်ခုခံသည်။

သို့သော်....

သိုင်းကွက်(၅၀)ခန့်အထိသာခုခံနိုင်သည်။

သိုင်းကွက်(၅၀)ကျော်လွန်ပြီးနောက် ကြူးလန်းရှုသည် ကျားဖြူမ၏အကြောပိတ်ခြင်းကိုခံလိုက်ရပြီး ပျော့ခွေကာ လဲကျသွားလေတော့သည်။

"ကဲ... သူ့ကိုအမိဖမ်းပေးပြီးပြီ၊ သမီးပဲ သူ့ကိုတာဝန်ယူစောင့်ကြည့်ထားပေတော့"

ကျားဖြူမကရန်ရှန်ကိုလှမ်းပြောသည်။

ရန်ရှန်သည် အကြောပိတ်ခံရကာ ပျော့ခွေနေသော ကြူးလန်းရှုကိုပွေ့ချီခေါ်ဆောင်သွားလေသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ကျားဖြူမတို့သားအမိနေထိုင်ရာ အိမ်ဂေဟာမှာ ပန်းတစ်ရာတောင်ကုန်းထိပ်တွင်ရှိသော ကျောက်ဂူကြီးတစ်ခုဖြစ်သည်။

သဘာဝကျောက်ဂူကြီးထဲ၌ အခန်းများကိုသေသပ်စွာဖွဲ့ထားခြင်းဖြစ်ရာ အတော်ပင်လှပသည်။ ရန်ရှန်က ကြူးလန်းရှူကို အခန်းတစ်ခုထဲသို့ခေါ်သွားပြီး ထိုအခန်းထဲရှိ ခုတင်ပေါ်တင်ထားလိုက်သည်။

"ဒါ ကျွန်မရဲ့အခန်းပဲ... အခုလောလောဆယ်မှာတော့ ဒီအခန်းမှာပဲ ခဏအနားယူလိုက်ဦး၊ ရှင့်အတွက် အစားအသောက်တွေ ကျွန်မသွားယူလိုက်ဦးမယ်"

ကြူးလန်းရှူကို ခုတင်ပေါ်ချထားပေးပြီးသောအခါ ရန်ရှန်ကပြောသည်။

"ကျွန်တော့်ကို အရင်အကြောပြန်ဖွင့်ပေးခဲ့ပါဦး"

"မလောပါနဲ့လေ... ဖြည်းဖြည်းတော့ဖွင့်ပေးမှာပေါ့"

ရန်ရှန်က ဤသို့ပြောပြီး အိပ်ခန်းထဲမှထွက်သွားသည်။

တစ်ယောက်တည်းကျန်နေခဲ့သောကြူးလန်းရှူက အခန်း၏အပြင်အဆင်ကို အကဲခတ်ကြည့်သည်။

ကျောက်ဂူကြီးထဲရှိ အခန်းတစ်ခုဖြစ်သော်လည်း....

နံရံကျောက်သားများကို ညီညာစွာပြုပြင်ထားပြီး အဖိုးတန်ပရိဘောဂများလည်းရှိသောကြောင့်....



နန်းတော်ထဲမှ ကျောက်သားအခန်းလိုဖြစ်နေသည်။

မကြာမီ ရန်ရှန်သည် စားသောက်ဖွယ်ရာများကို လင်ဗန်းကြီးတစ်ခုပေါ်တွင်တင်ကာပြန်ရောက်လာသည်။

ထို့နောက်.... ခုတင်ဘေးနားရှိစားပွဲပုလေးပေါ်ဝယ် စားသောက်ဖွယ်ရာများကို ခင်းကျင်းသည်။

ယုန်ကင်တစ်ကောင်....

ဟင်းလျာသုံးမျိုး....

ထမင်းနှင့်အရက်အိုးတစ်လုံးတို့ဖြစ်သည်။

"ရှင့်ကြည့်ရတာ အတော်ပင်ပန်းပြီး ဗိုက်ဆာနေပုံရတယ်၊ ကဲ... အားရပါးရစားလိုက်စမ်းပါဦး"

"အကြောကိုပြန်ဖွင့်မပေးဘဲနဲ့ ဘယ်လိုလုပ်စားနိုင်မှာလဲ"

ရန်ရှန်သည် ခေတ္တမျှတွေဝေစဉ်းစားပြီးနောက် ကြူးလန်းရှူ၏ပိတ်နေသောအကြောကို ပြန်ဖွင့်ပေးလိုက်သည်။

"ကိုင်း... အကြောပြန်ဖွင့်ပေးပြီးပြီ စားပေတော့"

"ခင်ဗျားကို ကျွန်တော်မှန်တဲ့အတိုင်းပြောမယ်"

ကြူးလန်းရှူကထထိုင်ရင်း စကားစလိုက်သည်။

"ဟင့်အင်း... ဘာမှမပြောပါနဲ့ဦး၊ အခုလောလောဆယ် ရှင့်ကို အားရပါးရပဲစားစေချင်တယ်"

ရန်ရှန်ကကြားဖြတ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



မစားလျှင် မဖြစ်သောကြောင့် ကြူးလန်းရွှက အသင့်ငှ ၉ားသောအရက်ခွက်ကို ကောက်ကိုင်ကာ အသာမွှေးကြည့်လိုက်သည်။

"အရက်က တယ်မွှေးတာပဲ၊ ဘယ်ကရတာလဲ၊ ခင်ဗျားတို့ ကိုယ်တိုင်ချက်တာလား"

"မေမေကိုယ်တိုင်ချက်ထားတဲ့အရက်ပဲ... မြည်းကြည့်စမ်းပါဦး"

"အရက်ထဲမှာ ဆေးတွေဘာတွေ ခတ်မထားပါဘူးနော်"

"ခတ်မထားပါဘူး"

"ဒါဆိုရင် ခင်ဗျားအရင်သောက်ပြ"

"ကောင်းပါပြီ"

ရန်ရှန်က ဤသို့ပြောပြီး ကြူးလန်းရွှ၏လက်မှ အရက်ခွက်ကိုယူကာ မော့သောက်ပြလိုက်သည်။ ကြူးလန်းရွှက ရန်ရှန်ကိုခေတ္တမျှစောင့်ကာအကဲခတ်ကြည့်သည်။

ရန်ရှန် မည်သို့မျှမဖြစ်ကြောင်းတွေ့ရသောအခါတွင်မှ စိတ်ချလက်ချဖြင့် အရက်ကိုသောက်သည်။ ဟင်းလျာများကိုလည်းစားသည်။ ကြူးလန်းရွှမှာ ဆာလောင်နေသည့်အပြင် ဟင်းလျာများကလည်း ကောင်းမွန်ချိုမြိန်သောကြောင့် အားရပါးရပင် စားသောက်လိုက်လေသည်။



ရန်ရှန်သည် ကြူးလန်းရွှ အားရပါးရစားသောက်နေသည်ကိုတွေ့ရသောအခါ ကျေနပ်အားရဟန်နှင့်တပြုံးပြုံးဖြစ်နေသည်။

"ခင်ဗျားသိထားအောင် အမှန်အတိုင်းပြောပြမယ်"

စားသောက်ရင်းမှ ကြူးလန်းရွှကစကားစလိုက်သည်။

"ရှင်ပြောချင်တာကို အခုမပြောပါနဲ့ဦး... နောက်သုံးရက်လောက်ကြာမှပြော... အခုတော့ စားမှသာစားစမ်းပါ"

ရန်ရှန်ကကြားဖြတ်ပြောသည်။

"ကျွန်တော့်မှာ သားမယားရှိတယ်ဗျ"

ကြူးလန်းရွှက အတင်းပင်ပြောဖြစ်အောင်ပြောသည်။

"အဲဒါကအရေးမကြီးပါဘူး၊ ရှင် ဒီမှာကျွန်မနဲ့အတူတူနေသွားရင် ပြီးတာပါပဲ"

"မဟုတ်ဘူးလေ"

ရန်ရှန်က လက်ကာပြလိုက်ပြီး....

"တော်ပြီ... ဘာမှမပြောနဲ့တော့၊ ရှင်ဒီနေရာကိုရောက်နေမှတော့ ရှင့်အတွက်ရွေးချယ်စရာလမ်းနှစ်ခုပဲရှိတယ်၊ ,တစ်ခုက ကျွန်မနဲ့အိမ်ထောင်ပြုဖို့၊ တခြားတစ်လမ်းကတော့ မေမေရဲ့ကျားခေါင်းတောင်ဓားအောက်မှာအသေခံဖို့၊ ဒါပဲရှိတယ်"

ကြူးလန်းရွှသည် ငြိမ်၍အစားအစာများကို ဆက်လက်စားသောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ စကားစလိုက်ပြန်သည်။

"ခင်ဗျားအမေလဲ မတွေ့ပါလား ဘယ်ရောက်နေလဲ"

"ပင်မခန်းမဆောင်ကြီးထဲမှာ ထိုင်နေပါတယ်"

"ဂူအဝင်ဝက ခန်းမကျယ်ကြီးလား"

"ဟုတ်တယ်"

ဂူထဲသို့ဝင်ထွက်ရန်မှာ လမ်းပေါက်တစ်ပေါက်တည်းသာရှိပြီး ထိုခန်းမကျယ်ကြီးကိုဖြတ်သွားရသည်။

ခန်းမကျယ်ကြီးတွင် ကျားဖြူမ ထိုင်နေခြင်းမှာ ကြူးလန်းရှူထွက်ပြေးမည့်လမ်းပေါက်ကိုပိတ်၍ စောင့်နေသည့်သဘော။

"ခင်ဗျားအမေက ပန်းတစ်ရာတောင်ကုန်းရဲ့အပြင်အပကို ခရီးတွေ ဘာတွေမထွက်ဘူးလား"

"ခြောက်လတစ်ခါလောက်တော့ အပြင်ထွက်ပြီးလိုအပ်တဲ့အသုံးအဆောင်ပစ္စည်းတွေ ဝယ်ပါတယ်"

"နောက်ဆုံးထွက်သွားတာ ဘယ်လောက်ကြာပြီလဲ"

"လွန်ခဲ့တဲ့လကပါ"

ကြူးလန်းရှူ စိတ်ပျက်သွားသည်။

သည်အတိုင်းဆိုလျှင်....

ကျားဖြူမ ဤနေရာတွင်မရှိရန်... နောက်ထပ်(၅)လခန့်စောင့်ရပေဦးမည်။



အစားအသောက်ကိုလည်း ဆက်လက်စားသောက်လိုစိတ်မရှိတော့ပေ။

"စားပါဦးလေ... ဘာတွေငိုင်ပြီးစဉ်းစားနေတာလဲ"

ကြူးလန်းရှူ၏အရိပ်အကဲကို အကဲခတ်နေသောရန်ရှန်ကမေးသည်။

"ကျေးဇူးတင်ပါတယ်... ကျွန်တော်ဝပါပြီ"

ကြူးလန်းရှူက ဤသို့ပြောပြီး စားသောက်နေမှုကိုလက်စသတ်လိုက်သည်။

"အချိုပွဲစားဦးမလား"

ရန်ရှန်ကမေးသည်။

"တော်ပါပြီ... မစားချင်တော့ပါဘူး၊ ဒါနဲ့ခင်ဗျားဆီက တစ်ခုလောက်တော့ ခွင့်တောင်းချင်တယ်"

"ပြောလေ"

"ကျွန်တော်သုံးရက်လောက် အေးအေးချမ်းချမ်းနေချင်တယ်၊ အဲဒီရက်အတွင်းမှာ ကျွန်တော့်ကိုဘယ်လိုမှအနှောင့်အယှက်မပေးပါနဲ့၊ ကျွန်တော့်ဘာသာနေပါရစေ"

ရန်ရှန်ကခေါင်းညိတ်ကာ ရှောရှောရှူရှူခွင့်ပြုလိုက်၏။

"ကောင်းပြီ သုံးရက်ပြည့်ရင်တော့ ကျွန်မနဲ့အိမ်ထောင်ပြုရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ရန်ရှန်က ဤသို့ပြောပြီး ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းကာ အခန်းပြင်သို့ထွက်သွားလေသည်။

အခန်းထဲဝယ်.... ကြူးလန်းရှုတစ်ယောက်တည်းသာ ကျန်ခဲ့လေသည်။

ဝဝဝ

ပထမတွင်.... ကြူးလန်းရှုသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ရင်ဆိုင်နေရသည့်အခက်အခဲကိုမည်သို့ကျော်လွှားရမည်နည်းဟု စဉ်းစားအကြံထုတ်နေသည်။

စိတ်ကျေနပ်လောက်သည့်အကြံကောင်းမရ....

စဉ်းစားတွေးတောရင်းက ရန်ရှန်မရှိခိုက် ဂူကြီးအတွင်းရှိ အခြေအနေများကိုလိုက်လံကြည့်ရှုထားရန် စိတ်ကူးရသောကြောင့် အခန်းထဲမှအသာအယာထွက်လာခဲ့သည်။

ထိုလိုဏ်ဂူအိမ်ဂေဟာကြီးထဲဝယ် အခန်းသုံးခန်းနှင့် ပင်မခန်းမဆောင် အခန်းကျယ်ကြီးတစ်ခန်းရှိသည်။

ကြူးလန်းရှုရောက်ရှိနေသော ရန်ရှန်၏အခန်းမှာ အတွင်းဘက် အစွန်ဆုံးအခန်းဖြစ်သည်။

အခန်းတစ်ခုနှင့်တစ်ခုကြားဝယ် စင်္ကြံလမ်းလေးတစ်ခုစီရှိသည်။



ရန်ရှန်၏အခန်းမှထွက်လာခဲ့ပြီးနောက်....

စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့ရာတွင် ဒုတိယအခန်း၏တံခါးမှာ စေ့ရုံသာစေ့ထားပြီး မဟတဟပွင့်နေသည်ကို တွေ့ရ၏။

ကြူးလန်းရှုသည် တံခါးကိုအသာလေးတွန်းကာ ဟသွားသောတံခါးချပ်ကြားမှခေါင်းပြူကာ အခန်းထဲသို့ချောင်းကြည့်လိုက်သည်။

အခန်းထဲတွင် ယောကျ်ားတစ်ယောက်ရပ်နေသည်ကို တွေ့လိုက်ရသဖြင့် ကြူးလန်းရှုအံ့ဩသွားသည်။

ယောကျ်ားများကိုမုန်းတီးလှသော ကျားဖြူမ၏အိမ်ဂေဟာတွင် ယောကျ်ားတစ်ယောက်မည်သည့်အတွက်ကြောင့်ရောက်နေရသနည်း။

ဤသူမှာ မိမိကဲ့သို့ပင် အကျပ်ကိုင်ကာ ဖမ်းဆီးထားခြင်းခံရသူဖြစ်လေမလားဟုလည်း တွေးမိသည်။

ဤသို့စဉ်းစားရင်းက သေချာအကဲခတ်ကြည့်လိုက်ရာ မိမိမြင်နေရသူမှာ လူသားအစစ်တစ်ယောက်မဟုတ်ဘဲ လူနှင့်မခြားအောင် ထုလုပ်ထားသောသစ်သားရုပ်တုတစ်ခုဖြစ်ကြောင်း တွေ့ရသည်။

ထိုသစ်သားရုပ်မှာ လက်ရာမြောက်လှသည့်အပြင်....

www.burmeseclassic.com

www.burmeseclassic.com



တကယ့်အဝတ်အစားများကို ဝတ်ဆင်ထားသောကြောင့် ရုတ်တရက် လူတစ်ယောက်ဟုထင်မှတ်မှားမိခြင်းဖြစ်သည်။

ကြူးလန်းရှသည် သစ်သားရုပ်တုကိုစိတ်ဝင်စားမိသောကြောင့် တံခါးကိုအသာတွန်းဖွင့်ကာ အခန်းထဲသို့လျှောက်လှမ်းဝင်လာပြီး အနီးကပ်အကဲခတ်ကြည့်ရှုသည်။

ရုပ်တု၏ရင်ဝတွင် မြားတိုလေးတစ်လက်စိုက်နေသည်ကို တွေ့ရသည်။

သေချာစစ်ဆေးကြည့်ရာ မိုးနတ်မယ်အဖွဲ့၏မဟူရာမြားလက်နက်ပုန်းဖြစ်နေကြောင်းတွေ့ရသည်။

မြားကိုချည်ထားသောပိုးကြိုးမှာ ဟောင်းနွမ်းနေသည်။ အရောင်ကလည်းမတောက်ပဘဲ ခပ်မှိန်မှိန်ဖြစ်နေသည်။

ဤရုပ်တုတွင် မြားတစ်စင်းစိုက်လျက်သားရှိနေသည်မှာ မည်သည့်သဘောနည်း။

ကျားဖြူမရှာယွင်သည် မိုးနတ်မယ်အဖွဲ့ဝင်တစ်ယောက်ပေလား။

ကြူးလန်းရှ၏စိတ်ထဲဝယ် မေးခွန်းအမျိုးမျိုးထုတ်မိ၏။

မည်သို့ပင်ဖြစ်စေ.... ကျားဖြူမရှာယွင်သည် မိုးနတ်မယ်အဖွဲ့နှင့်တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်ပတ်သက်နေလိမ့်မည်ဟုလည်းတွေးမိသည်။



သည်အတိုင်းဆိုလျှင်....

မိမိပန်းတစ်ရာတောင်ကုန်းသို့လာခဲ့သည်မှာ အလဟဿမဖြစ်တော့ဟုလည်း ကြူးလန်းရှယူဆမိ၏။

ရုပ်တုတွင်စိုက်နေသောမြားမှာ အတော်ပင်ဟောင်းနွမ်းနေသည်။ ထို့ကြောင့်.... ဤမြားတိုလေးမှာ လွန်ခဲ့သောအနှစ် (၂၀) ကျော်က တန်ခိုးထွားခဲ့သည့်မူလလက်ဟောင်း မိုးနတ်မယ်အဖွဲ့၏ မြားလက်နက်ပုန်းအစစ်ဖြစ်ရမည်။

ကျားဖြူမရှာယွင်သည် ကြွင်းကျန်ရစ်နေခဲ့သော မိုးနတ်မယ်အဖွဲ့ဝင်ဟောင်းတစ်ယောက် ဖြစ်နေမည်လား။

အကယ်၍ ကျားဖြူမသည် မူလလက်ဟောင်းမိုးနတ်မယ်အဖွဲ့၏ အဖွဲ့ဝင်တစ်ယောက်ဖြစ်ခဲ့လျှင်....

ယနေ့ပြန်လည်ခေါင်းထောင်ထလာသော မိုးနတ်မယ်အဖွဲ့သစ်နှင့်ဆက်စပ်ပတ်သက်နေသလော။

ပြန်လည်ခေါင်းထောင်ထလာသော မိုးနတ်မယ်အဖွဲ့သစ်ကို ကျားဖြူမက ကြိုးကိုင်ပေးနေတာများဖြစ်လေမည်လား။

ကြူးလန်းရှ၏ခေါင်းထဲဝယ် အမျိုးမျိုးတွေးတောနေမိသည်။

"အယ်နှယ်လဲ... ကြည့်လို့ဝပြီလား"

ရုတ်တရက် စကားသံတစ်ခုကိုကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှမှာ လန့်သွားပြီး အသံပေါ်လာရာဘက်သို့ လှည့်ကြည့်မိသည်။ ကျားဖြူမရှာယွင်သည် အခန်းတံခါးဝတွင် ရပ်လျက်ရှိနေသည်ကိုတွေ့ရသည်။

"အဲဒီမဟူရာမြားလက်နက်ပုန်းဟာ အမေကြီးရဲ့ကိုယ်ပိုင်လား"

ကြူးလန်းရှသည် လှုပ်ရှားသွားသောစိတ်ကို တည်ငြိမ်အောင်ပြန်ထိန်းပြီး ကျားဖြူမကိုလှမ်းမေးလိုက်သည်။

လက်ညှိုးဖြင့်လည်း သစ်သားရုပ်တု၏ ရင်ဝတွင်စိုက်နေသောမြားကို ထိုးပြသည်။

"ငါ့ကိုယ်ပိုင်လက်နက်ပုန်းမဟုတ်ပါဘူး... လက်ဆောင်ရထားတာပါ"

ကျားဖြူမကပြန်ဖြေသည်။

"ဘယ်သူ့ဆီကလက်ဆောင်ရထားတာလဲ"

"မိုးနတ်မယ်အဖွဲ့ကပဲ"

"လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်က ပေါ်ပေါက်ခဲ့တဲ့မိုးနတ်မယ်အဖွဲ့ဟောင်းကလား"

"ဟုတ်တယ်"

"ဒါဆိုရင်... အမေကြီးက မိုးနတ်မယ်အဖွဲ့ဟောင်းရဲ့အဖွဲ့ဝင်တစ်ယောက်ပေါ့"



"ဒီလိုလဲ မဟုတ်ပါဘူး"

"ဒါဖြင့်ရင် မိုးနတ်မယ်အဖွဲ့နဲ့တော့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ခဲ့မယ်ထင်တယ်"

"မမှားဘူး"

"ဘယ်လိုပတ်သက်ခဲ့တာလဲ"

ဤတွင် ကျားဖြူမက မိုးနတ်မယ်အဖွဲ့နှင့်ပတ်သက်ခဲ့ပုံကို ပြောပြလိုက်သည်။

"ငါဟာ မိုးနတ်မယ်အဖွဲ့မှာ အဖွဲ့ဝင်တစ်ယောက်မဟုတ်ပေမဲ့ မိုးနတ်မယ်အဖွဲ့ရဲ့ထိပ်သီးအဖွဲ့ဝင်တွေကိုသိုင်းပညာသင်ပေးခဲ့ရတဲ့နည်းပြဆရာဖြစ်ခဲ့ပါတယ်၊ အမှန်အတိုင်းဝန်ခံရရင်... ငါက မိုးနတ်မယ်အဖွဲ့ထဲကိုဝင်ချင်တာပါ၊ ဒါပေမဲ့... မိုးနတ်မယ်အဖွဲ့ဟာ အလှထိပ်ခေါင်တင်မိန်းမချောမိန်းမလှတွေကိုသာ အဖွဲ့ဝင်အဖြစ်လက်ခံတာမို့ ငါ့လိုသာမန်ရုပ်မျိုးနဲ့အဖွဲ့ဝင်မဖြစ်ခဲ့ရဘူး၊ ငါ့ရဲ့သိုင်းပညာစွမ်းကို အဖွဲ့ခေါင်းဆောင်ကျင်ပေ့ရမ့်က သဘောကျတဲ့အတွက် သိုင်းပညာနည်းပြဆရာအဖြစ်အဖွဲ့ထဲ ရောက်ခဲ့ရတာပါ"

ကြူးလန်းရှခေါင်းညိတ်လိုက်သည်။

"ဩော်... အင်း ... အင်း... ဆက်ပြောပါဦး"

အရှိန်ရလာပြီဖြစ်သဖြင့်... ကျားဖြူမကလည်း မမောနိုင်မပန်းနိုင်ဆက်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖွဲ့ခေါင်းဆောင်ကျင်ပွေ့ရှမ့်က ငါ့ဆီကို မိန်းမချော လေး ဆယ့်နှစ်ယောက်စေလွှတ်ပြီး ပညာသင်ခိုင်းတယ်၊ ငါကလဲ သူတို့ကိုအဆင့်မြင့်သိုင်းပညာရပ်တွေသင်ပေးလိုက်တယ်၊ ပညာ စုံသွားတဲ့အခါကျတော့ အဲဒီမိန်းမချောလေးဆယ့်နှစ်ယောက်ဟာ မိုးနတ်မယ်အဖွဲ့ရဲ့နာမည်ကျော် မဟူရာမြားကညာဆယ့်နှစ်ဖော် ဖြစ်လာခဲ့ကြတယ်"

ကြူးလန်းရှုက ခေါင်းညိတ်ကာ....

"ဟုတ်ကဲ့ ဆက်ပြောပါဦး"

ကျုးဖြူမကလည်း ဆက်၍ပြောလေသည်။

"အဲဒီမဟူရာမြားကညာဆယ့်နှစ်ဖော်ကို သိုင်းပညာသင် ပေးခဲ့ပြီးတဲ့နောက်ပိုင်းမှာတော့ ငါ့ရဲ့တာဝန်ပြီးသွားတာမို့ မိုးနတ် မယ်အဖွဲ့နဲ့ငါနဲ့ ဘာအဆက်အသွယ်မရှိတော့ပါဘူး၊ အဲဒီနောက်မှာ တော့ ထိပ်သီးသိုင်းပညာရှင်ဆယ်ယောက်ရဲ့ဝိုင်းဝန်းတိုက်ခိုက် ချေ မှုန်းမှုကြောင့် မိုးနတ်မယ်အဖွဲ့ ပျက်စီးပြိုကွဲသွားတဲ့သတင်းကို ငါ ကြားရတော့တာပဲ"

ကြူးလန်းရှုက သစ်သားရုပ်တုကိုလက်ညှိုးထိုးပြပြီး ....

"ဒါက အမေကြီးရန်သူရဲ့ ပုံတူရုပ်တုဖြစ်မယ်ထင်တယ်"

"ဟုတ်တယ် .... အဲဒီလူကို နတ်နတ်စင်းပစ်ချင်လောက် အောင် မုန်းတီးတယ်"



ကျုးဖြူမက သစ်သားရုပ်တုကိုမုန်းတီးမှုအပြည့်ပါသော မျက်လုံးများဖြင့်ကြည့်ပြီးပြောသည်။

"အဲဒီလူကဘယ်သူလဲ"

"ငါ့ရဲ့ခင်ပွန်းဟောင်းလေ"

"သူ အခုဘယ်ကိုရောက်နေတာလဲ"

"လောကကြီးမှာမရှိတော့ဘူး... သေသွားပြီ"

"အမေကြီးကသုတ်သင်ပစ်လိုက်တာလား"

"မဟုတ်ဘူး... သူ့ဘာသာသူ နေမကောင်းဖြစ်ပြီး သေ သွားတာ၊ ငါက သူ့ကိုငါ့လက်နဲ့မသတ်လိုက်ရတာကိုပဲ မကျေမ နပ်ဖြစ်မိတာ"

"ဒီလူက အမေကြီးတို့သားအမိကိုပစ်ခွာထားခဲ့လို့ အမေ ကြီး သူ့အပေါ်မှာစိတ်နာနေတာလား"

ကျုးဖြူမခေါင်းညိတ်လိုက်သည်။

"အင်း.... ဒီအတိုင်းပဲဆိုပါစို့တော့"

"အမေကြီးကို ကျွန်တော်အမှန်အတိုင်းပြောပြချင်တယ်၊ ရန်ရှန်နဲ့ကျွန်တော်အိမ်ထောင်ပြုဖို့ လုံးဝမဖြစ်နိုင်ပါဘူး၊ တကယ် လို့ အမေကြီးကအတင်းအဓမ္မအကျပ်ကိုင်ပြီး အိမ်ထောင်ပြုပေး ရင်လဲ နောက်ဆုံးတော့ အမေကြီးရဲ့သမီးပဲဒုက္ခတွေ့ရပါလိမ့်မယ်"

"အေးပါ... ဒါကို ငါလဲသဘောပေါက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုသဘောပေါက်လျက်သားနဲ့ ဘာကြောင့် ကျွန်တော့်ကိုဖမ်းချုပ်ထားရတာလဲ"

ကျားဖြူမက သက်ပြင်းအသာချကာ....

"ဒီကိစ္စနဲ့ပတ်သက်ပြီး ငါ့ဆန္ဒအတိုင်းမလုပ်နိုင်ဘူးလေ"

ကြူးလန်းရှု မျက်မှောင်ကုပ်သွားသည်။

"အမေကြီး ဘာကိုဆိုလိုတာလဲ"

"ငါ့သမီးဟာအသက်အစိတ်ကျော်လို့ နှစ်ဆယ့်ခြောက်နှစ်တောင်ရောက်နေပြီ၊ လောကဓမ္မတာသဘာဝအတိုင်း အိမ်ထောင်ဖက်လိုချင်နေတယ်၊ ပြီးတော့... သူကဘာဝအတွေ့အကြုံ ဗဟုသုတလဲနည်းပါးတော့ သူ့စိတ်ထဲရှိတဲ့အတိုင်း ဘွင်းဘွင်းရှင်းရှင်းကြီးပြောပြီး ဖွင့်လုပ်တာ မင်းအမြင်ပဲ၊ ငါ့အနေနဲ့ သူ့အလိုကိုငြင်းဆန်လို့မဖြစ်ဘူးလေ"

ကြူးလန်းရှု စိတ်ပျက်လက်ပျက်သက်ပြင်းချလိုက်သည်။

"အင်း... ခက်တော့နေပါပြီ"

ကျားဖြူမက သူ့အားစေ့စေ့ကြည့်ကာ....

"မင်းကတော့ ဒီနေရာကထွက်ပြေးဖို့ ကြံစည်နေမှာပဲ၊ ဒါကြောင့်... မင်းကိုသတိတစ်ခုပေးလိုက်မယ်၊ မင်း ဘယ်နေရာကိုရောက်နေရောက်နေ မင်းရဲ့အသက်ဟာ ငါ့လက်ထဲမှာရှိနေတယ်ဆိုတာမမေ့ဖို့ဘဲ"



"ဒါဖြင့် ကျွန်တော်ထွက်ပြေးရင် အမေကြီးက ကျွန်တော့်ကိုလိုက်ရှာပြီး သုတ်သင်ပစ်မယ်ဆိုပါတော့"

ကျားဖြူမက မဲ့ပြုံးတစ်ချက်ပြုံးကာ....

"မင်းကိုလိုက်ရှာနေစရာမလိုပါဘူး... မင်းရဲ့ကိုယ်ခန္ဓာထဲမှာ အဆိပ်ကောင်သွင်းထားပြီးပြီပဲ၊ မင်းကိုအချိန်မရွေး နေရာမရွေး အသေသတ်ပစ်နိုင်တယ်၊ မယုံမရှိနဲ့"

ထိုစကားကြောင့် ကြူးလန်းရှုမျက်လုံးပြူးသွားသည်။

"အဆိပ်ကောင်ဟုတ်လား... အဲဒါကဘာလဲ"

"ထူးဆန်းတဲ့အဆိပ်ကောင်တစ်မျိုးဆိုပါတော့... အဲဒီအဆိပ်ကောင်ကိုထိန်းချုပ်စေခိုင်းနိုင်တဲ့နည်းကို ငါတို့သားအမိပဲ သိတယ်၊ တို့ကလွဲပြီး ဘယ်သူမှမသိဘူး"

ကြူးလန်းရှုမျက်မှောင်ကုပ်သွားသည်။

"အမေကြီး တကယ်ပြောနေတာလား"

"မင်းကို ဘာကြောင့်ညာရမှာလဲ... စောစောက မင်းစားတဲ့အစားအစာတွေထဲမှာ အဆိပ်ကောင်တွေပါနေတယ်"

"ဒီလိုလုပ်တာဟာ... တရားနည်းလမ်းကျတယ်လို့ အမေကြီးကထင်နေသလား"

ကျားဖြူမ ခေါင်းခါယမ်းပြသည်။

"မထင်ပါဘူး... မတရားမှုတစ်ခုဖြစ်မှန်း ငါသိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မတရားမှန်းသိလျက်သားနဲ့ဘာကြောင့်လုပ်ရတာလဲ"

"ရန်ရှန်ဟာ ငါ့ကြောင့် လောကကြီးနဲ့ကင်းကွာပြီး အထီးကျန်လိုဖြစ်နေရရှာတယ်၊ ငါ့အသက်လဲကြီးလှပြီ၊ ငါမျက်စိမှိတ်သွားပြီးတဲ့နောက်မှာ ရန်ရှန်ဟာ တစ်ယောက်တည်း အားကိုးရာမဲ့ကျန်နေခဲ့မှာ ငါမလိုလားဘူး၊ ငါဟာ ယောကျ်ားတွေကိုမုန်းတီးနေတော့ သူ့အတွက်တိုင်ပင်ဖော် တိုင်ပင်ဖက် မိန်းမအဖော်တစ်ယောက်ရှာပေးဖို့ အကြံရှိပါတယ်၊ ဒါပေမယ့် ရန်ရှန်က ယောကျ်ားအဖော်အိမ်ထောင်ဖက်ကိုပဲ လိုချင်နေတယ်၊ ရန်ရှန်စိတ်ချမ်းသာမှုအတွက်လုပ်ပေးရမှာမို့ တရားတာတွေ မတရားတာတွေ ငါကြည့်မနေနိုင်တော့ဘူး၊ လူဆိုတာ တစ်ခါတလေမှာ မလုပ်ချင်တဲ့အလုပ်တွေကို မလွှဲမရှောင်သာဘဲ လုပ်ရတယ်ဆိုတာကို မင်းနားလည်ပါလိမ့်မယ်၊ ငါ့ကိုလဲခွင့်လွှတ်နိုင်ပါလိမ့်မယ်"

"ဒီလိုဆိုရင်လဲ အမေကြီးဆီမှာ တစ်ခုတော့တောင်းဆိုပါရစေ"

"ဘာတောင်းဆိုမှာလဲ"

"အခု တစ်စခန်းပြန်ထပြီး သောင်းကျန်းနေတဲ့ မိုးနတ်မယ်အဖွဲ့သစ်ကိုချေမှုန်းပစ်ဖို့ ကျွန်တော်ဆုံးဖြတ်ထားပါတယ်၊ ဒါကြောင့် ဒီကိစ္စကိုပြီးပြတ်အောင် ဆောင်ရွက်ခွင့်အရင်ပေးပါ၊ အဲဒီကိစ္စပြတ်သွားပြီးမှပဲ အမေကြီးတို့ဆီကိုပြန်လာပြီး



"ရှင့်အတွက် ဝမ်းသာစရာတစ်ခုပြောရဦးမယ်၊ ကျွန်မလဲရှင်နဲ့အတူတူလိုက်မယ်"

"ဗျာ...."

ရန်ရှန်၏ပြောစကားကြောင့် ကြူးလန်းရှူမှာ မျက်လုံးများဝိုင်းစက်ပြူးကျယ်သွားလေသည်။

"နေ... နေပါဦး၊ ခင်ဗျားကဘာလိုက်လုပ်မှာလဲ"

"ရှင့်ကိုအကူအညီပေးနိုင်အောင်လို့ပေါ့... မိုးနတ်မယ်အဖွဲ့ရဲ့အင်အားက မသေးဘူး၊ ရှင်တစ်ယောက်တည်းဆို အခက်အခဲတွေအများကြီးတွေ့နိုင်တယ်၊ ကျွန်မပါ လိုက်လာတော့ ရှင့်အတွက်ပိုမကောင်းဘူးလား"

"အပြင်လောကမှာ အန္တရာယ်တွေသိပ်များတယ်၊ ခင်ဗျားက အပြင်လောကကိုတစ်ခါမှရောက်ဖူးတာမဟုတ်တော့ ဒုက္ခတွေ့နိုင်တယ်၊ ဒါကြောင့် ဒီမှာပဲ အေးအေးဆေးဆေးနေခဲ့ပါ"

ရန်ရှန်က ခေါင်းတွင်တွင်ခါယမ်းလိုက်ပြီး....

"ဟင့်အင်း.... ဟင့်အင်း.... ကျွန်မဒီမှာမနေခဲ့ဘူး၊ ရှင်နဲ့အတူတူလိုက်မယ်၊ ရှင်နဲ့သာအတူသွားရမယ်ဆိုရင် ကျွန်မအနေနဲ့ဘာကိုမှမကြောက်ဘူး၊ ဘယ်လိုဒုက္ခမျိုးမဆိုရင်ဆိုင်ရဲတယ်"

"ခင်ဗျားအမေကိုကော ပြောပြီးပြီလား"

"ပြီးပြီ... မေမေကသဘောတူတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မတရားမှန်းသိလျက်သားနဲ့ဘာကြောင့်လုပ်ရတာလဲ"

"ရန်ရှန်ဟာ ငါ့ကြောင့် လောကကြီးနဲ့ကင်းကွာပြီး အထီးကျန်လို့ဖြစ်နေရရှာတယ်၊ ငါ့အသက်လဲကြီးလှပြီ၊ ငါမျက်စိမှိတ်သွားပြီးတဲ့နောက်မှာ ရန်ရှန်ဟာ တစ်ယောက်တည်း အားကိုးရာမဲ့ကျန်နေခဲ့မှာ ငါမလိုလားဘူး၊ ငါဟာ ယောကျ်ားတွေကိုမုန်းတီးနေတော့ သူ့အတွက်တိုင်ပင်ဖော် တိုင်ပင်ဖက် မိန်းမအဖော်တစ်ယောက်ရှာပေးဖို့ အကြံရှိပါတယ်၊ ဒါပေမယ့် ရန်ရှန်က ယောကျ်ားအဖော်အိမ်ထောင်ဖက်ကိုပဲ လိုချင်နေတယ်၊ ရန်ရှန်စိတ်ချမ်းသာမှုအတွက်လုပ်ပေးရမှာမို့ တရားတာတွေ မတရားတာတွေ ငါကြည့်မနေနိုင်တော့ဘူး၊ လူဆိုတာ တစ်ခါတလေမှာ မလုပ်ချင်တဲ့အလုပ်တွေကို မလွှဲမရှောင်သာဘဲ လုပ်ရတယ်ဆိုတာကို မင်းနားလည်ပါလိမ့်မယ်၊ ငါ့ကိုလဲခွင့်လွှတ်နိုင်ပါလိမ့်မယ်"

"ဒီလိုဆိုရင်လဲ အမေကြီးဆီမှာ တစ်ခုတော့တောင်းဆိုပါရစေ"

"ဘာတောင်းဆိုမှာလဲ"

"အခု တစ်စခန်းပြန်ထပြီး သောင်းကျန်းနေတဲ့ မိုးနတ်မယ်အဖွဲ့သစ်ကိုချေမှုန်းပစ်ဖို့ ကျွန်တော်ဆုံးဖြတ်ထားပါတယ်၊ ဒါကြောင့် ဒီကိစ္စကိုပြီးပြတ်အောင် ဆောင်ရွက်ခွင့်အရင်ပေးပါ၊ အဲဒီကိစ္စပြတ်သွားပြီးမှပဲ အမေကြီးတို့ဆီကိုပြန်လာပြီး



"ရှင့်အတွက် ဝမ်းသာစရာတစ်ခုပြောရဦးမယ်၊ ကျွန်မလဲရှင်နဲ့အတူတူလိုက်မယ်"

"ဗျာ...."

ရန်ရှန်၏ပြောစကားကြောင့် ကြူးလန်းရှူမှာ မျက်လုံးများဝိုင်းစက်ပြူးကျယ်သွားလေသည်။

"နေ... နေပါဦး၊ ခင်ဗျားကဘာလိုက်လုပ်မှာလဲ"

"ရှင့်ကိုအကူအညီပေးနိုင်အောင်လို့ပေါ့... မိုးနတ်မယ်အဖွဲ့ရဲ့အင်အားက မသေးဘူး၊ ရှင်တစ်ယောက်တည်းဆို အခက်အခဲတွေအများကြီးတွေ့နိုင်တယ်၊ ကျွန်မပါ လိုက်လာတော့ ရှင့်အတွက်ပိုမကောင်းဘူးလား"

"အပြင်လောကမှာ အန္တရာယ်တွေသိပ်များတယ်၊ ခင်ဗျားက အပြင်လောကကိုတစ်ခါမှရောက်ဖူးတာမဟုတ်တော့ ဒုက္ခတွေ့နိုင်တယ်၊ ဒါကြောင့် ဒီမှာပဲ အေးအေးဆေးဆေးနေခဲ့ပါ"

ရန်ရှန်က ခေါင်းတွင်တွင်ခါယမ်းလိုက်ပြီး....

"ဟင့်အင်း.... ဟင့်အင်း.... ကျွန်မဒီမှာမနေခဲ့ဘူး၊ ရှင်နဲ့အတူတူလိုက်မယ်၊ ရှင်နဲ့သာအတူသွားရမယ်ဆိုရင် ကျွန်မအနေနဲ့ဘာကိုမှမကြောက်ဘူး၊ ဘယ်လိုဒုက္ခမျိုးမဆိုရင်ဆိုင်ရဲတယ်"

"ခင်ဗျားအမေကိုကော ပြောပြပြီးပြီလား"

"ပြီးပြီ... မေမေကသဘောတူတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကျွန်တော်က သဘောမတူဘူး၊ ခင်ဗျားကို အတူ တူခေါ်မသွားနိုင်ဘူး"

ကြူးလန်းရှုက ခပ်ပြတ်ပြတ်ပင်ငြင်းလိုက်၏။

ရန်ရှန် မကျေမနပ်ဖြစ်သွားကာ....

"ဘာလဲ.... မေမေကိုယ်တိုင်ကသဘောတူပြီးတဲ့ဟာကို ရှင်က ကဖျက်ကယဖျက်လုပ်ချင်တာလား.... ရှင့်အနေနဲ့ မေမေ့ကို မလွန်ဆန်နိုင်ပါဘူး... မေမေသဘောတူတာကိုလုပ်ရမယ်"

"ဒီလိုဆိုရင်လဲ ခင်ဗျားက ဘာကြောင့် ကျွန်တော့်ဆီမှာ လာပြီး ပြောဆိုခွင့်တောင်းနေရသေးတာလဲ"

"ရှင်က ကျွန်မရဲ့ခင်ပွန်းဖြစ်လာမယ့်လူပဲ၊ ဒီတော့ ရှင့်ကို မရှိမသေလုပ်လို့ ဘယ်သင့်တော်မှာလဲ၊ ရှင့်ကိုပြောဆိုခွင့်တောင်း ရတာပေါ့"

ကြူးလန်းရှုမှာ ထိုင်ငိုချင်စိတ်ပေါက်သွားရတော့သည်။

၀၀၀



အခန်း ( ၁၇ )

နောက်တစ်နေ့နံနက်တွင် ကြူးလန်းရှုနှင့်ရန်ရှန်တို့သည် ခရီးထွက်ခွာရန် ပြင်ဆင်ကြသည်။

ကျားဖြူမက ကြူးလန်းရှုထံမှ သိမ်းဆည်းထားသော ဓား ရှည်ကိုပြန်ပေးသည့်အပြင် လမ်းခရီးတွင်သုံးစွဲရန် စရိတ်စကအ ဖြစ် ရွှေ(၂၀)သားပေးသည်။

"မင်းဟာ ပန်းတစ်ရာတောင်ကုန်းက ထွက်ခွာသွားပေ မင်းရဲ့လှုပ်ရှားမှုတွေအားလုံးကို ငါသိနေမယ်ဆိုတာမမေ့နဲ့၊ ဒီတေ ရန်ရှန်ကိုကောင်းကောင်းမွန်မွန်စောင့်ရှောက်သွားတာ အကော ဆုံးပါပဲ၊ ပြီးတော့.... မင်းကိုခြောက်လအချိန်ပေးမယ် ခြောက်း ပြည့်တာနဲ့ ရန်ရှန်နဲ့အတူတူ ဒီပန်းတစ်ရာတောင်ကုန်းကို ပြန်း ရမယ်"

ကျားဖြူမက ကြူးလန်းရှုကိုပြောဆိုမှာကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က မိုးနတ်မယ်အဖွဲ့ဌာနချုပ် ဘယ်မှာရှိတယ် ဆိုတာကိုတောင် မသိသေးဘူး၊ ဒီတော့... လိုက်လံစုံစမ်းရဦးမှာနဲ့ ဆိုရင် ခြောက်လဆိုတဲ့အချိန်ဟာ မလုံလောက်ပါဘူး"

ကြူးလန်းရှုက ပြန်ပြောသည်။

"မင်းကို ငါလမ်းစတစ်ခုတော့ညွှန်ပြလိုက်မယ်... အဲဒီ နေရာကိုသွားစုံစမ်းကြည့်ပါ"

"ဘယ်နေရာလဲ"

ကျားဖြူမက...

"ဟိန်းတောင်ကုန်း... ဟူယုန်တောင်ထိပ်မှာ"

"အဲဒီနေရာမှာ မိုးနတ်မယ်အဖွဲ့ဌာနချုပ်စခန်းရှိနိုင်တယ် လို့ အမေကြီးကဘာကြောင့်ပြောနိုင်တာလဲ"

ကြူးလန်းရှုက ပြန်မေးလိုက်သည်။

"လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်ကရှိခဲ့တဲ့ ကျင်ယွေရမ့်ရဲ့ မိုးနတ်မယ်အဖွဲ့ဟာ ငှးတောင်တန်းနတ်သမီးတောင်ထိပ်မှာ ဌာန ချုပ်စခန်းတည်ဆောက်ထားခဲ့တယ်၊ ဒါ့အပြင် ဟိန်းတောင်တန်း ဟူယုန်တောင်ထိပ်မှာလဲ... လျှို့ဝှက်ဌာနချုပ်စခန်းခွဲတစ်ခုထားခဲ့ သေးတယ်... နတ်သမီးတောင်ထိပ်က ဌာနချုပ်ကိုလူသိများပေမဲ့ ဟူယုန်တောင်ထိပ်က လျှို့ဝှက်စခန်းဌာနချုပ်ကိုတော့... သိတဲ့လူ နည်းတယ်"



"သိုင်းဆရာကြီး ဆယ်ယောက်မိုးနတ်မယ်အဖွဲ့ကို ချေ မှုန်းခဲ့တဲ့အချိန်က နတ်သမီးတောင်ထိပ်မှာရှိတဲ့ဌာနချုပ်စခန်းကိုပဲ တိုက်ခိုက်ချေမှုန်းခဲ့တယ်၊ ဟူယုန်တောင်ထိပ်က လျှို့ဝှက်ဌာနချုပ် ကိုဝင်တိုက်တယ်လို့တော့ သတင်းမကြားမိဘူး... ဒီတော့ အခု တစ်စခန်းပြန်ထလာတဲ့မိုးနတ်မယ်အဖွဲ့ဟာ ဟူယုန်တောင်ထိပ်မှာ ဌာနချုပ်ပြုလုပ်ချင်လုပ်နိုင်တယ်... ဒါကြောင့် ပြောတာပါ"

ထို့နောက်... ကြူးလန်းရှုနှင့်ရန်ရှန်တို့သည် ကျားဖြူမကို ကန်တော့ပြီး ပန်းတစ်ရာတောင်ကုန်းမှထွက်လာခဲ့ကြသည်။

ooo

ကြူးလန်းရှုနှင့်ရန်ရှန်တို့ခရီးထွက်လာခဲ့ကြသည်။

မွန်းလွဲပိုင်းလောက်တွင် ဝမ်ဖင်မြို့သို့ရောက်ရှိသွားကြ သည်။ ရန်ရှန်မှာ ပန်းတစ်ရာတောင်ကုန်းမှလွဲ၍ မည်သည့်နေရာ ကိုမျှ မသွားဖူးပေ။

ယခုလိုပထမဆုံးအကြိမ်အဖြစ် အပြင်လောကသို့ ထွက် လာသည်ဖြစ်ရာ တွေ့ရသမျှ မြင်ရသမျှတို့မှာ သူမအတွက် အထူး အဆန်းချည်းဖြစ်နေသည်။

မြို့ရိုးနှင့်မြို့တံခါးများကိုတွေ့သောအခါတွင်မူ ရန်ရှန်မှာ အကြီးအကျယ်အံ့သြသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်... ဒီအိမ်ကြီးက ကြီးလှချည်လား၊ နေမဲ့လူတွေကလဲ နည်းမှာမဟုတ်ဘူး"

ရန်ရှန်သည်.... အံ့ဩစိတ်ကို မချိုသိပ်နိုင်သောကြောင့် ထုတ်ဖော်ပြောလိုက်သည်။

"ဒါ အိမ်မဟုတ်ဘူး၊ မြို့ရိုးနဲ့မြို့တံခါး"

ရန်ရှန် မျက်လုံးကလေး ဝိုင်းသွားသည်။

"မြို့ရိုးနဲ့မြို့တံခါးတဲ့လား.... ကျွန်မက သိမှမသိဘဲဟာ အိမ်ကြီးလို့ထင်မိတာပေါ့"

ဤအတိုင်းသာဆိုပါက.... မြို့ထဲသို့ဝင်မိလျှင် ရန်ရှန်က ဟိုဟာပြော သည်ဟာပြော လုပ်နေပါက အကြီးအကျယ်အရှက်ကွဲကာ ဒုက္ခတွေ့နိုင်ကြောင်း ကြူးလန်းရှုနားလည်လိုက်သည်။

ထို့ကြောင့်....

"ဒီမယ်... ကျွန်တော်တစ်ခုပြောထားမယ်၊ သေသေချာချာနားထောင်ပါ၊ ခင်ဗျားအဖို့ ဒါဟာ ပထမဦးဆုံးအကြိမ်အဖြစ် ပြင်ပလောကကိုရောက်ဖူးတာဆိုတော့.... ခင်ဗျားမမြင်ဘူး မတွေ့ဘူးတာတွေကို အများကြီးတွေ့ရမြင်လိမ့်မယ်.... ခင်ဗျားအဖို့ အထူးအဆန်းတွေဖြစ်နေလိမ့်မယ်.... ကျွန်တော်ပြောတာ ဟုတ်တယ်မဟုတ်လား"

"အင်း... ဟုတ်ပါတယ်"



"ဒါပေမဲ့ တခြားလူတွေက ခင်ဗျားရဲ့အကြောင်းကိုသိကြတာမဟုတ်ဘူး၊ ခင်ဗျားကတအံ့တဩလုပ်နေရင် သူတို့က ခင်ဗျားကိုအထင်သေးပြီးကဲ့ရဲ့ကြလိမ့်မယ်၊ အရူးလို့တောင် ထင်ကြလိမ့်မယ်"

"ကျွန်မကိုအထင်သေးကဲ့ရဲ့ပြီး အရူးလို့ပြောလာတဲ့လူတွေကို လက်ဝါးစာကျွေးလိုက်ရုံပေါ့၊ မခက်ပါဘူး"

"ဟာ... ဒီလိုအရမ်းလျှောက်လုပ်လို့ဘယ်ဖြစ်မှာလဲ၊ ဒါဟာ မင်းမဲ့တိုင်းပြည်မဟုတ်ဘူး၊ ဥပဒေစည်းကမ်းတွေရှိတယ်"

"ဒါဖြင့် ကျွန်မကဘယ်လိုနေရမှာလဲ"

"ခင်ဗျား မမြင်ဘူးတာတွေတွေ့ရလို့ တအံ့တဩဖြစ်ရင် ပါးစပ်ကလျှောက်မပြောနဲ့ ငေးမောပြီးလဲ ကြည့်မနေနဲ့၊ အသာကလေးမြန်မြန် ... မေးစရာရှိရင်လဲ ကျွန်တော့်ကိုတိုးတိုးတိတ်တိတ်မေးဟုတ်လား"

ရန်ရှန်ကဘာမျှပြန်မပြော။

မျက်နှာတွင်မူ မကျေနပ်သည့်အမူအရာများပေါ်လွင်နေလေသည်။

"ကျွန်တော်ပြောတာကို နားမထောင်ဘူးဆိုရင် ခင်ဗျားကို မြို့ထဲခေါ်မသွားဘူး"

ကြူးလန်းရှုက ဤသို့ပြောလိုက်မှပင်....

www.burmeseclassic.com

www.burmeseclassic.com



ရန်ရှန်သည် ခေါင်းညိတ်လေတော့သည်။

"ကောင်းပါပြီ... ရှင့်စကားကိုနားထောင်ပါ့မယ်"

ထို့နောက် သူတို့နှစ်ယောက် မြို့ထဲသို့ဝင်လာခဲ့ကြသည်။

မြို့ထဲသို့ဝင်မိသည်နှင့် ရန်ရှန်မှာ အိပ်မက်ကမ္ဘာတစ်ခုထဲသို့ရောက်သွားသလိုဖြစ်နေသည်။

မြင်ရသမျှ တွေ့ရသမျှ ကြားရ သမျှအရာရာတိုင်းသည် အံ့ဩဖွယ် စိတ်ဝင်စားဖွယ် အထူးအဆန်းများချည်း ဖြစ်နေပေတော့သည်။

ပထမတွင်.... ကြူးလန်းရှ၏ ပြောဆိုမှာကြားချက်အရ ရန်ရှန်သည် နှုတ်ပိတ်ကာ ဣန္ဒြေရရရှိနေသည်။

သို့သော်....

မကြာမီမှာပင် သူမသည် စူးစမ်းချင်စိတ်ကိုမထိန်းနိုင်ဘဲ ဟိုဟိုသည်သည် ငေးမောကြည့်လာသည်။

ကြူးလန်းရှကို ဟိုမေးသည်မေးဖြစ်လာသည်။

ကြူးလန်းရှသည် တတ်နိုင်သမျှ တိုးတိုးပြောဆိုဖြေရှင်းပြသည်။ ယင်းသို့ရှင်းပြကာမှ ရန်ရှန်က တဖြည်းဖြည်းပို၍ အမေးအမြန်းထူလာသည်။

ဘေးလူများကပင် သတိထားမိကြကာ ရန်ရှန်ကို တစေ့တစောင်းကြည့်လာကြလေသည်။



မကြာမီပင်....

သူတို့နှစ်ယောက်၏ အနားဝယ် လူအများ ဝိုင်းဝိုင်းလည်ကာ မျောက်ပွဲကြည့်သလိုဝိုင်းကြည့်လာကြလေတော့၏။

ကြူးလန်းရှမှာ မျက်နှာဘယ်မှာထားရမှန်းမသိအောင်ပင် အရှက်ကြီးရှက်လာရသည်။

နောက်ဆုံးတွင် ကြူးလန်းရှသည် မျက်နှာပြောင်တိုင်ကာ မနေရဲတော့ဘဲ မြို့ပြင်သို့ခပ်သုတ်သုတ်ပြန်ထွက်လာခဲ့ရလေတော့သည်။

ရန်ရှန်ကလည်း ကြူးလန်းရှကိုအော်ဟစ်ခေါ်ရင်း နောက်မှပြေးလိုက်သည်။

လမ်းသွားလမ်းလာလူအများကလည်း ကြူးလန်းရှနှင့် ရန်ရှန်တို့ဖြစ်ပုံကို ဝိုင်း၍ကြည့်ကြလေသည်။

ooo

www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင်သို့ရောက်မှပင် ကြူးလန်းရှုက အမြေးရပ်သည်။

ရန်ရှန်ကလည်း အပြေးရပ်လိုက်သည်။

"ရှင်က ဘာကြောင့်ဒီကိုပြေးထွက်လာရတာလဲ"

ရန်ရှန်ကမေးသည်။

"ခင်ဗျားလုပ်ပုံကိုလဲ ကြည့်ဦးလေ... ဟိုဟာလိုက်ကြည့် ဒီဟာလိုက်ကြည့် ဟိုအကြောင်းအော်မေး ဒီအကြောင်းအော်မေးနဲ့ လူတွေကဝိုင်းအုံပြီး မျောက်ပွဲလိုလာကြည့်နေတော့ ကျွန်တော်က မျက်နှာပြောင်တိုက်ပြီး ဒီအတိုင်းနေရမှာလား၊ ဗိုး... ကျွန်တော့် မျက်နှာကို ဓားနဲ့လှီးပစ်လိုက်ချင်တာပဲဗျာ၊ ကြိုတင်မှာထားလျက်နဲ့ ဘာကြောင့်မထိန်းသိမ်းတာလဲ"

"ကျွန်မအပြစ်ပါပဲ... ထူးဆန်းတာတွေမြင်ရလွန်းလို့ မမျိုသိပ်နိုင်ဘဲ ကြည့်မိ မေးမိတာပါ"

ရန်ရှန်ကမျက်နှာငယ်လေးနှင့်ပြောသည်။

သည်လိုဆိုတော့လည်း ကြူးလန်းရှုမှာ ရန်ရှန်ကို အပြစ်မတင်ရက်တော့။

သက်ပြင်းချလိုက်ပြီး....

"အင်းလေ... ခင်ဗျားအပြစ်ချည်းပဲမဟုတ်ပါဘူး၊ ကဲ... ခင်ဗျား ဒီမှာစောင့်နေခဲ့၊ ကျွန်တော်မြို့ထဲဝင်ပြီး လိုအပ်တဲ့ရိက္ခာနဲ့ ပစ္စည်းတွေသွားဝယ်လိုက်ဦးမယ်"



ရန်ရှန် မကျေမနပ်ဖြစ်သွားသည်။

"စောစောတုန်းကတော့ ဘာကြောင့် တစ်ခါတည်း မဝယ်တာလဲ"

"ဝယ်မလို့ပါဘဲ၊ ဒါပေမဲ့ ခင်ဗျားလုပ်ပုံကြောင့် ထွက်ပြေးလာခဲ့ရတော့ ဝယ်ဖို့အချိန်မရလိုက်ဘူး"

"ဒါဆို ကျွန်မလဲလိုက်မယ်"

"မလိုက်နဲ့ ခင်ဗျားလိုက်လာရင် ပစ္စည်းဝယ်ဖြစ်မှာမဟုတ်ဘူး၊ ဒီမှာပဲစောင့်နေခဲ့၊ ကျွန်တော်ချက်ချင်းပြန်လာခဲ့ပါ့မယ်"

"ရှင်ကကျွန်မကိုထားခဲ့ပြီး ထွက်ပြေးသွားချင်လို့ ဉာဏ်ဆင်တာမဟုတ်လား"

ကြူးလန်းရှု ကမန်းကတန်းလက်ကာပြလိုက်သည်။

"မဟုတ်ပါဘူး... ကျွန်တော့်ဗိုက်ထဲမှာ ခင်ဗျားအမေရဲ့ အဆိပ်ကောင်ရှိနေတာပဲ၊ ကျွန်တော်ထွက်ပြေးရဲမှာတဲ့လား"

ထိုစကားကြားမှ ရန်ရှန် အနည်းငယ် စိတ်သက်သာရာရသွားပုံရသည်။

"ကောင်းပြီ... ဒီလိုဆိုရင်လဲသွား၊ အမြန်ဆုံးပြန်လာနော်၊ ကျွန်မအကြာကြီးစောင့်မနေနိုင်ဘူး"

"စိတ်ချပါ... အလွန်ဆုံး တစ်နာရီလောက်ပဲကြာမှာပါ၊ ခင်ဗျားလဲ အရမ်းထင်ရာလျှောက်သွားမနေနဲ့ ဒီနေရာကပဲစောင့်"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကြူးလန်းရှသည် မြို့ထဲဘက်သို့ပြန်လာခဲ့သည်။ ရန်ရှန်နှင့်ခေတ္တခဏဝေးကွာစွာနေရခြင်းမှာ ကြူးလန်းရှအဖို့ ထောင်သားတစ်ယောက် ထောင်ပြင်သို့ခေတ္တထွက်ခွင့်ရသည်နှင့်တူသည်။

စိတ်လက်ပေါ့ပါးကာ အလွန်ပျော်နေသည်။

ကြူးလန်းရှသည် လမ်းခရီးတွင်အသုံးပြုရန်လိုအပ်သော ပစ္စည်းတချို့နှင့် ငါးရက်စာရိက္ခာခြောက်များကို ဝယ်ယူလိုက်၏။

ထို့နောက် ရန်ရှန်နှင့်ဝေးဝေးနေရခိုက် ကောင်းကောင်းအရသာခံရန်စိတ်ကူးရပြီး စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်လာခဲ့လေသည်။

အကောင်းစား အရက်တစ်အိုးနှင့်အမဲကြော်တစ်ပွဲမှာယူကာ အရက်တစ်ခွက်ငှဲ့လိုက်သည်။

အရက်ကိုအရသာခံကာ သောက်မည်အပြုတွင် သူ့ပခုံးကိုလက်ဖြင့်အသာတို့ခြင်းကို ခံလိုက်ရသည်။

အမျိုးသမီးတစ်ယောက်.... သူ့နောက်နားသို့ရောက်နေကြောင်း ကြူးလန်းရှနားလည်လိုက်သည်။

"ဟာ... ဒုက္ခပါပဲ၊ ရန်ရှန် ငါ့နောက်ကိုလိုက်လာပြန်ပြီ"

ကြူးလန်းရှ၏စိတ်ထဲမှလည်းတွေးလိုက်မိသည်။

ထို့ကြောင့်....



"ရန်ရှန်... ခင်ဗျားက ဘာကြောင့် ကျွန်တော့်နောက်ကိုလိုက်လာရတာလဲ"

ကြူးလန်းရှက နောက်သို့လှည့်မကြည့်ဘဲပြောသည်။

အရက်ခွက်ကိုလည်း စားပွဲပေါ်ပြန်ချထားလိုက်သည်။

"ခစ် ခစ်... ရှင် လူမှားနေပြီ၊ ကျွန်မက ရန်အမျိုးအနွယ်မဟုတ်ပါဘူးရှင့်၊ လောင်အမျိုးအနွယ်ကပါ"

ကြည်လင်ချိုအေးသောအသံလေးကို ကြားလိုက်ရသည်။

ရန်ရှန်၏အသံမဟုတ်။

ထိုအခါမှ ကြူးလန်းရှလည်း ဖျတ်ခနဲနောက်သို့လှည့်ကြည့်လိုက်မိသည်။

သူ့နောက်နားဝယ် မိန်းမပျိုလေးတစ်ယောက်ရပ်နေသည်ကိုတွေ့လိုက်ရသည်။

အလွန်လှပချောမောသောမိန်းမပျိုတစ်ယောက်....

ရန်ရှန်၏ရုပ်ရည်နှင့်တခြားစီ....

အသက်(၁၆)နှစ် (၁၇)နှစ်ခန့်ရှိပြီး အနီရောင်ဝတ်စုံကိုဝတ်ထားသည်။ နှင်းပွင့်ပမာဖြူဖွေးသောအသားအရည်နှင့် ဝတ်ထားသောအနီရောင်ဝတ်စုံမှာ လွန်စွာလိုက်ဖက်လှသည်။

မျက်လုံးကြည်ကြည်၊ နှာတံပေါ်ပေါ်၊ မေးစေ့ဝိုင်းဝိုင်းအိအိလေးနှင့်ရုပ်ရည်ကချောမောလှပသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါးလှပ်သောနှုတ်ခမ်းလွှာများက နီထွေးနေသည်။

ပါးပြင်လေးက ပန်းနုရောင်သန်းကာ နုအိလျက်ရှိသည်။

ပြုံးပန်းလေးကိုဆောင်ထားသည်မို့ အလှတွင်အယဉ်ဆင့်နေသည်။

မှုစ်စို့ကြီးပမာ ဖူးပွင့်စကိုယ်ခန္ဓာအဆက်အပေါက်ကလည်း တောင့်တင်းဖွံ့ဖြိုးလှသည်။

ခါးသေးရင်ချီကာ တင်သားများ ကားစွင့်ပြီး ပေါင်တံများကတောင့်တင်းပြည့်ဖြိုးသည်။

"ဖေဖေပြောတာမှန်နေပြီ... ရှင်ဟာ နေရာတကာမှာ ချစ်တမ်းကစားနေတဲ့ အချစ်မင်းသားတစ်ယောက်ပဲ"

မိန်းမပျိုလေးက အရည်လဲ့နေသောမျက်လုံးများဖြင့် ကြူးလန်းရှုကိုကြည့်ပြီးပြောသည်။ မြူချိုသောအကြည့်ကြောင့် ကြူးလန်းရှုမှာ ရင်သိမ့်ခုန်သွားရသည်။

မိန်းမပျိုလေးက ဤသို့ပြောပြီး ကြူးလန်းရှု၏ပခုံးပေါ်တင်ထားသောလက်လေးကို အသာဖယ်လိုက်သည်။

ထိုအခါမှ ကြူးလန်းရှုသတိပြန်ဝင်လာပြီး....

"မင်း ဘာတွေပြောနေတာလဲ"

မိန်းကလေး၏ပြောဆိုပြုမူပုံကို နားမလည်နိုင်သောကြောင့် ကြူးလန်းရှုက မေးလိုက်သည်။



"ရှင်ဖေဖေက လွှတ်ခနဲပြောလိုက်တဲ့ ရန့်ရှန်ဆိုတဲ့ မိန်းကလေးက ဘယ်သူလဲ၊ ရှင် သူ့အကြောင်းစဉ်းစားနေတာ မဟုတ်လား"

"နေပါဦး... မင်းကဘယ်သူလဲ"

"ကျွန်မ လောင်ရှောက်မေလေ"

"လောင်ရှောက်မေ... ဟုတ်လား"

ကြူးလန်းရှုမှာ ကြောင်အမ်းအမ်းနှင့်ရေရွတ်လိုက်သည်။

"ကျွန်မတို့အိမ်က စီထိန်တောင်ခြေမှာရှိပါတယ်၊ ကဲ... မှတ်မိပြီလား"

"သြော်... ဟုတ်ပြီ၊ မင်းက လက်နက်စကြာ လောင်စီပိုက်ရဲ့သမီးကိုး"

ကြူးလန်းရှုက စဉ်းစားပြီးပြောလိုက်သည်။

လောင်စီပိုက်၏အိမ်သို့ ကြူးလန်းရှု တစ်ကြိမ်ရောက်ခဲ့ဖူးသည်။ ထိုအချိန်က လောင်စီပိုက်၏သမီးကို ရိပ်ခနဲတွေ့မိသည်။

ရုပ်ရည်ချော မောသောမိန်းကလေးဖြစ်သည်ဟု သတိပြုမိသည်မှအပ ရုပ်ရည်သွင်ပြင်ကိုမူ သေသေချာချာမမြင်မိခဲ့ပေ။

"ဟုတ်ပါတယ်"

"ဒီနေရာမှာ မင်းနဲ့လာတွေ့ရလိမ့်မယ်လို့ ကျုပ်မထင်ခဲ့ဘူး၊ ကဲ... ထိုင်ပါဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှက ထိုင်ရာမှထကာ အရှိအသေပြုပြီး နေရာပေးလိုက်သည်။ လောင်ရှောက်မေက ဆွဲဆောင်မှုအပြည့်ပါသော အကြည့်လေးဖြင့် ကြူးလန်းရှကိုကြည့်ကာ ကျေးဇူးတင်စကားဆိုပြီး ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်။

ကြူးလန်းရှက စားပွဲထိုးကိုလှမ်းခေါ်ပြီး....

နောက်ထပ် ဟင်းလျာများမှာကြားလိုက်သည်။

"မင်းက ကျုပ်ကိုဘယ်လိုလုပ်သိနေတာလဲ"

ဟင်းလျာများ ထပ်မံမှာယူပြီးသောအခါ ကြူးလန်းရှက လောင်ရှောက်မေကိုမေးသည်။

"ရှင်ဟာ အချစ်မင်းသားရယ်လို့ နာမည်ကြီးနေတဲ့လူလို့ ဖေဖေကပြောတယ်၊ ဒါကြောင့် ရှင်က ဘယ်လိုရုပ်ရည်မျိုးရှိမလဲလို့ ကျွန်မသိချင်တယ်၊ ဟိုနေ့က ကျွန်မတို့အိမ်ကို ရှင်ရောက်လာပြီး ဖေဖေနဲ့ထိုင်စကားပြောနေတုန်း.... ကျွန်မက အသာချောင်းကြည့်ထားလို့ ရှင့်ကိုမှတ်မိနေတာပေါ့.... အခုလဲ ရှင် ဒီဆိုင်ထဲဝင်သွားတာကိုမြင်မိလို့လိုက်လာခဲ့တာပဲ"

"မင်းက ဘာကိစ္စနဲ့ဒီမြို့ကိုရောက်လာတာလဲ"

"ကိစ္စထွေထွေထူးထူး မရှိပါဘူး.... လည်ရင်း ပတ်ရင်း လမ်းကြုံလို့ရောက်လာတယ်ပဲဆိုပါစို့"

"မင်း တစ်ယောက်တည်းလျှောက်လည်နေတာလား"



လောင်ရှောက်မေက ချစ်စရာအပြုံးလေးပြုံးပြီး ခေါင်းညိတ်ပြသည်။ ကြူးလန်းရှက....

"မင်းတစ်ယောက်တည်း အခုလိုလျှောက်သွားနေတာကို မင်းအဖေက စိတ်ချသလား"

လောင်ရှောက်မေ ခေါင်းခါလိုက်သည်။

"စိတ်မချပါဘူး"

"စိတ်မချဘဲနဲ့ ဘာကြောင့်လွှတ်လိုက်ရတာလဲ"

"ခစ်ခစ်... ကျွန်မထွက်လာတာကို ဖေဖေကသိမှမသိဘဲ"

"မင်းက မင်းအဖေမသိအောင်ခိုးထွက်လာတာကိုး"

"ဟွန်း... အဲဒီလိုတော့မပြောပါနဲ့ ကျွန်မက ခိုးထွက်လာတာမဟုတ်ပါဘူး၊ ဖေဖေ့ကိုအသိမပေးခဲ့တာပါ"

"အင်း... အင်း... ဟုတ်ပါတယ်၊ မင်းက အလောတကြီးထွက်လာရလို့ မင်းအဖေကိုအသိပေးချိန်မရဘူးဆိုပါတော့... ဟား... ဟား... ဟား"

ကြူးလန်းရှက သဘောကျဟန်ဖြင့်ပြောလိုက်လေသည်။

"ကျွန်မကိုမလှောင်ပါနဲ့... ဒီလိုလှောင်ရင် ကျွန်မရှင့်ကို စကားမပြောတော့ဘူး"

လောင်ရှောက်မေက နှုတ်ခမ်းစူကာပြောပြီး ထိုင်ရာမှထရန် ဟန်ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အို... အို... မသွားပါနဲ့ဦးလေ၊ မလှောင်တော့ပါဘူး"

ကြူးလန်းရှူက ကပျာကယာတားလိုက်သည်။

ထိုအချိန်တွင်.... စားပွဲထိုးက ကြူးလန်းရှူထပ်မံမှာယူထားသောဟင်းလျာများကို လာချပေးသည်။

လောင်ရှောက်မေအတွက်လည်း ပန်းကန်ခွက်ယောက်နှင့် တူတစ်စုံချပေးသည်။ ကြူးလန်းရှူက လောင်ရှောက်မေအတွက် အရက်တစ်ခွက်ငှဲ့ပေးသည်။

"နေပါစေ... ကျွန်မ အရက်မသောက်တတ်ပါဘူး"

"ဒါဖြင့် ဟင်းတွေတော့စားပါ"

ကြူးလန်းရှူက ဤသို့ပြောပြီး... လောင်ရှောက်မေ၏ ပန်းကန်ထဲသို့ဟင်းလျာများထည့်ပေးလိုက်သည်။

"ချီကျင်းအသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ရှင်လိုက်စုံစမ်းတာ အတော်ခရီးရောက်နေပြီလား၊ မိုးနတ်မယ်အဖွဲ့ကိုကော ခြေရာခံမိပြီလား"

လောင်ရှောက်မေက ဟင်းဖတ်များကိုတူနှင့်ညှပ်ကာ စားရင်း မေးသည်။

"အတော်တော့ ခရီးရောက်နေပြီလို့ဆိုရမယ်"

"ကျွန်မကိုပြောပြပါလားဟင်"

"ပြောပြရမှာက အတော်တော့ရှည်တယ်"



"ကျွန်မနားထောင်ပါ့မယ်"

ဤတွင် ကြူးလန်းရှူက ကျူပင်းနောက် နောက်ယောင်ခံလိုက်ခဲ့ပုံမှစကာ ဗန်းတစ်ရာတောင်ကုန်းသို့ရောက်ရှိပြီး ကျားဖြူမတို့သားအမိနှင့်ဆုံတွေ့ရပုံအကြောင်းများကိုပြောပြလိုက်သည်။

"ဩော်... ရန်ရှန်ဆိုတာက ကျားဖြူမရဲ့သမီးကိုး... အခုသူဘယ်မှာလဲ"

လောင်ရှောက်မေက မေးသည်။

"မြို့ပြင်မှာ စောင့်နေပါတယ်"

"ရန်ရှန်က အရုပ်ဆိုးအကျည်းတန်တာပဲလား"

"အကျည်းတန်တယ်လို့တော့ မပြောနိုင်ပါဘူး၊ ခွက်ကြမ်းရေကျိုရှမ်းရည်လောက်တော့ရှိပါတယ်၊ ဒါပေမဲ့ မင်းတို့လို မိန်းမချောလေးတွေနဲ့ယှဉ်လိုက်တော့ မကျည်းတန်လိုဖြစ်သွားတာပေါ့"

"ဟွန်း... ကျွန်မကမလှပါဘူး"

လောင်ရှောက်မေက ဤသို့ပြောသော်လည်း မျက်နှာမှာမူ ကျေနပ်သည့်အသွင်ဖြင့်ပြုံးနေသည်။

"ကျားဖြူမက ကျူပ်ဗိုက်ထဲကို အဆိပ်ကောင်သွင်းထားတော့ ကျူပ်အဖို့ သူတို့သားအမိကို မဆန့်ကျင်ရဲဘူး၊ ရန်ရှန်ကိုလဲ မယူချင်ဘူး။ ဒုက္ခကောင်းကောင်းတွေ့နေတယ်ဆိုပါတော့"

ကြူးလန်းရှူက စိတ်ပျက်လက်ပျက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမျိုးသမီးတစ်ယောက်အနေနဲ့ ရုပ်ရည်က နတ်သမီးလို လှနေဖို့ထက် စိတ်နေစိတ်ထားကောင်းမွန်ဖို့က ပိုအရေးကြီးပါတယ်၊ အလှကိုပဲမက်နေရင် ခက်လိမ့်မယ်"

လောင်ရှောက်မေကပြောသည်။

"ရန်ရှန်က ဘာမှသိတတ်တာမဟုတ်ဘူး.... အသက်နှစ်ဆယ်ကျော်နေပေမဲ့ သူ့အသိစိတ်ဓာတ်က ဆယ်နှစ်အရွယ်ကလေးတစ်ယောက်လောက်တောင် မရှိဘူး"

"လူသူကင်းဝေးတဲ့နေရာမှာ တစ်ယောက်တည်းနေရတာဆိုတော့ ဒီလိုပဲဖြစ်မှာပေါ့.... ဒါပေမဲ့ ရှင့်ပြောပုံအရဆိုရင်တော့ ရန်ရှန်ဟာ အတော်ပဲရိုးသားပွင့်လင်းပြီး စိတ်ရင်းကောင်းပုံရပါတယ်"

"ရိုးသားလွန်းအားကြီးတော့လဲ အ,သလိုဖြစ်နေတော့တာပေါ့"

"ရှင်ရင်ဆိုင်နေရတဲ့အခက်အခဲက လွတ်မြောက်နိုင်မယ့်နည်းလမ်းတစ်ခုတော့ရှိတယ်"

ကြူးလန်းရှူစိတ်ဝင်စားသွားသည်။

"ပြောစမ်းပါဦး"

"ရှင်နဲ့ကျွန်မပူးပေါင်းပြီး ရန်ရှန်ကိုအမိဖမ်းလိုက်မယ်လေ၊ ပြီးတော့... ကျားဖြူမကို ရှင့်ဗိုက်ထဲမှာရှိနေတဲ့အဆိပ်ကောင်ကို



ပြန်ထုတ်ခိုင်းမယ်၊ မထုတ်ပေးရင် သူ့သမီးကိုအသေသတ်ပစ်မယ်လို့ခြိမ်းခြောက်ရင် ကျားဖြူမကတင်းမခံနိုင်ပါဘူး"

ကြူးလန်းရှူခေါင်းခါလိုက်သည်။

"ကျားဖြူမစိတ်ဓာတ်က တစ်မျိုးဗျ... ဒီလိုအကျပ်ကိုင်ပြီးသူ့ကိုအနိုင်ယူလို့မရဘူး"

"ကျွန်မတို့တောင်းတာကို မလိုက်လျောရင် သူ့သမီးကိုသတ်ပစ်လိုက်ရုံပေါ့"

"ရန်ရှန်ကိုသတ်လိုက်ရင် မင်းရောကျုပ်ပါ အသက်ဆက်ရှင်နိုင်တော့မှာမဟုတ်ဘူး"

"ဒါဆိုရင် ရှင်ဘယ်လိုလုပ်မယ်စိတ်ကူးထားလဲ"

"အခုလောလောဆယ်မှာတော့ ဘာလုပ်ရမှန်းမသိသေးဘူး၊ ဒီအတိုင်းပဲ ရေလိုက်ငါးလိုက်နေသွားရမှာပဲ.... အချိန်ကြာလာရင်တော့ အကြံကောင်း အခွင့်အလမ်းကောင်း ပေါ်လာပါလိမ့်မယ်"

လောင်ရှောက်မေက မျက်မှောင်ကုပ်ကာ...

"ရှင်က ရန်ရှန်ကို ဟိန်းတောင်တန်း ဟူယုန်တောင်ထိပ်အထိ အတူခေါ်သွားမှာလား"

"အင်း... ခေါ်သွားမယ်၊ ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့အကူအညီတော့အများကြီးပေးနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလဲ ရှင်နဲ့အတူတူလိုက်ခဲ့မယ်လေ… ဘယ့်နှယ်လဲ"

"ဟာ… မဖြစ်ဘူး၊ ကျုပ်တို့က အပျော်သွားမှာမဟုတ်ဘူး၊ အန္တရာယ်နဲ့သွားရင်ဆိုင်ရမှာ…. မင်းကိုခေါ်သွားရင် မင်းအဖေက ကျုပ်ကိုအပြစ်တင်လိမ့်မယ်၊ မင်းအဖေကို ကျုပ် ဘယ်လိုလုပ်ဖြေရှင်းရမှာလဲ"

"ရှင်က ကျွန်မကိုခေါ်မသွားနိုင်ဘူးပေါ့"

"ဟုတ်တယ်… ဒီခရီးဟာ မင်းအနေနဲ့လိုက်လို့သင့်တော်မဲ့ခရီးမဟုတ်ဘူး"

လောင်ရှောက်မေက မဲ့ပြုံးပြုံးကာ….

"ဟူယုန်တောင်ထိပ်ကို ရှင်သွားမယ်ဆိုတာ ကျွန်မသိပြီးပြီပဲ၊ ရှင်မခေါ်ရင်လဲ ကျွန်မဘာသာသွားတတ်ပါတယ်ရှင့်"

လောင်ရှောက်မေ၏စကားကြောင့်….

"ဘာ… ဘယ်လို…"

ကြူးလန်းရှု မျက်လုံးပြူးသွားသည်။

"ကျွန်မဘာသာကျွန်မ ဟူယုန်တောင်ထိပ်ကိုသွားမယ်လေ၊ ဒါဆိုရင် ရှင့်မှာ ဘာမှတာဝန်မရှိတော့ဘူး၊ ကျွန်မတစ်ခုခုဖြစ်သွားရင်လဲ ရှင့်ကိုဘယ်သူမှအပြစ်မတင်တော့ဘူး"

"အင်း… ဒီအတိုင်းဆိုရင်တော့ မင်းကို ကျုပ်နဲ့အတူတူခေါ်သွားရမယ့်အခြေမျိုးရောက်နေပြီ"



ကြူးလန်းရှုက သက်ပြင်းတစ်ချက်ချပြီးပြောသည်။

"ကျွန်မက အတင်းအကျပ်ကိုင်တာမဟုတ်ဘူးနော်၊ ရှင်ကိုယ်တိုင်ကခေါ်တာ"

"ဟုတ်ပါပြီ… ကျုပ်ကပဲ လိုလိုလားလားခေါ်တာပါ"

လောင်ရှောက်မေသည် ကစားပွဲတွင်အနိုင်ရလိုက်သောကလေးငယ်တစ်ယောက်ပမာ အားရဝမ်းသာရယ်မောသည်။

ချောမောနုပျိုသော လောင်ရှောက်မေ၏အလှသည် ပြုံးရယ်နေသည့်အခါ ပို၍ချစ်စရာကောင်းနေသည်။

"မင်းကိုခေါ်ခဲ့တာတော့ ဟုတ်ပါပြီ… ရန်ရှန်ကိုဘယ်လိုပြောရမှာလဲ"

"ခက်တာမှတ်လို့… ကျွန်မဟာ ရှင့်ရဲ့ညီမဝမ်းကွဲလို့ ပြောလိုက်ရင်ပြီးနေတာပဲ"

"ဝမ်းကွဲလို့ပြောရင် မကောင်းဘူး… ညီမအရင်းလို့ပြောမှဖြစ်မယ်ထင်တယ်"

"ကောင်းပြီ… ဒါဖြင့်ရင်လဲ ညီမအရင်းလို့ပြောလိုက်၊ ကျွန်မက ရှင့်ကိုအစ်ကိုလို့ခေါ်ရမှာပေါ့… ခစ်… ခစ်… ခစ်"

လောင်ရှောက်မေက ဤသို့ပြောပြီး ကြူးလန်းရှု၏လက်မောင်းကို လက်သီးဆုပ်လေးဖြင့်ခပ်ဖွဖွထုသည်။

ကြူးလန်းရှုနှင့်လောင်ရှောက်မေတို့သည်ရယ်မောကာ

www.burmeseclassic.com

www.burmeseclassic.com



စကားပြောရင်း ဆက်လက်စားသောက်နေကြသည်။ စားသောက်နေဆဲဝယ် ကြူးလန်းရှု၏ဗိုက်ထဲတွင် ရုတ်တရက်အောင့်ကာ နာလာသည်။

ကြူးလန်းရှုမှာ မျက်နှာရှုံ့မဲ့သွားသည်။

"ဟင်... ဒါကဘာဖြစ်တာလဲ"

ကြူးလန်းရှု မျက်နှာရှုံ့မဲ့သွားသည်ကိုတွေ့ရသောအခါ လောင်ရှောက်မေကမေးသည်။

"ဗိုက်ထဲကတစ်ချက်အောင့်ပြီး နာသွားတယ်၊ ဗိုက်ထဲမှာရှိနေတဲ့အဆိပ်ကောင်ကိုက်တာပဲဖြစ်မယ်၊ ကျုပ်ထွက်လာတာ ကြာလို့ ရန်ရှန်ကလှမ်းသတိပေးတဲ့အနေနဲ့အဆိပ်ကောင်ကို အကိုက်ခိုင်းလိုက်တာလားမသိဘူး"

လောင်ရှောက်မေက လက်မခံနိုင်ဟန်ဖြင့်....

"သူက မြို့ပြင်မှာရှိနေတာပဲ၊ ဘယ်လိုလုပ်ပြီး ရှင့်ဗိုက်ထဲက အဆိပ်ကောင်ကိုကိုက်ခိုင်းလို့ရမှာလဲ"

"အဲဒါက လျှို့ဝှက်အတတ်ပညာတစ်ခုဖြစ်တယ်၊ ကျုပ်လဲနားမလည်ဘူး၊ ကဲ... ကဲ... မြို့ပြင်ကိုသွားကြစို့"

ကြူးလန်းရှုကပြောပြောဆိုဆို စားပွဲထိုးကိုလှမ်းခေါ်ပြီး ကျသင့်ငွေကိုရှင်းပေးကာ မြို့ပြင်သို့ထွက်လာခဲ့ကြလေသည်။

၀၀၀



## အခန်း (၁၈)

မြို့ပြင်ရှိ ရန်ရှန်စောင့်နေသောနေရာသို့ကြူးလန်းရှုနှင့်လောင်ရှောက်မေတို့ရောက်လာကြသည်။ ရန်ရှန်သည် ယောကျ်ားကြီးနှစ်ယောက်နှင့်ရင်ဆိုင်တိုက်ခိုက်နေသည်ကို လှမ်းမြင်ရသည်။

"ဟာ... ဘယ်လိုဖြစ်ပြီး တိုက်ခိုက်ကုန်ကြတာလဲ"

ကြူးလန်းရှုက အလန့်တကြားရေရွတ်ပြီး မြင်းပေါ်မှခုန်ဆင်းကာ တိုက်ခိုက်နေရာသို့ပြေးလာခဲ့သည်။ လောင်ရှောက်မေလည်းမြင်းပေါ်မှခုန်ဆင်းလျက် အသာရပ်ကာ အခြေအနေကိုအကဲခတ်ကြည့်နေသည်။

ရန်ရှန်နှင့်တိုက်နေသောယောကျ်ားကြီးနှစ်ယောက်မှာ သိုင်းဝတ်စုံများကိုဝတ်ထားကြသည်။ နှစ်ယောက်နှင့်တစ်ယောက်တိုက်ခိုက်နေသော်လည်း ရန်ရှန်ကအထက်စီးရနေသည်။

ယောကျ်ားကြီးနှစ်ယောက်မှာ ရန်ရှန်၏တိုက်ခိုက်မှုကိုအသေအလဲ ခုခံနေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့.... ရန်ရှန်မလုပ်နဲ့၊ **ရပ်လိုက်... ဘာကြောင့် သူများ**နဲ့တိုက်ခိုက်နေတာလဲ"

ကြူးလန်းရှု အော်ဟစ်တားမြစ်ဆဲမှာပင် ယောကျ်ားကြီးတစ်ယောက်မှာ ရန်ရှန်၏ လက်ဝါးရိုက်ချက်ထိမိကာ မြေကြီးပေါ်လဲကျသွားလေသည်။

"ဟော့... ရပ်... ရပ် အို... ခက်တော့တာပဲ"

ကြူးလန်းရှုက ထပ်အော်တားမြစ်သည်။

ရန်ရှန်က မရပ်။ ဆက်လက်တိုက်ခိုက်ရာ ကျန်ယောကျ်ားကြီးလည်း ရန်ရှန်၏ ခြေကန်ချက်ထိကာ လဲကျသွားပြန်သည်။

ရန်ရှန်က လဲကျနေသူများ ဆက်လက်တိုက်ခိုက်မည် ပြုသည်။ ကြူးလန်းရှုမှာ မနေသာတော့ဘဲ အတင်းပြေးဝင်ကာ ရန်ရှန်၏ရှေ့မှတားဆီးထားလိုက်ရသည်။

"တော်ပြီလေ.... ဘာကြောင့် သူများကို အနာတရဖြစ်အောင်တိုက်ခိုက်ရတာလဲ"

ကြူးလန်းရှုက ပြောသည်။

"ကျွန်မ လမ်းဘေးမှာထိုင်ပြီး ရှင်ပြန်လာမှာကိုစောင့်နေတုန်း ဒီလူနှစ်ယောက်က ကျွန်မဘေးကဖြတ်သွားကြတယ်၊ သူတို့ဆွဲခေါ်လာတဲ့အကောင်တစ်ကောင်က ထူးဆန်းလွန်းလို့ အဲဒါ ဘာကောင်လဲလို့ ကျွန်မကမေးလိုက်မိတယ်၊ သူတို့က ကောင်းကောင်း



ပြန်မဖြေဘဲ ဝိုင်းရယ်ကြတယ်၊ ဒါ... ကျွန်မကိုသက်သက်လှောင်ပြောင်တာပဲမဟုတ်လား... ဒါကြောင့် ဆုံးမလိုက်တာပေါ့၊ ရှင်ရောက်လာတာမြန်လို့ မဟုတ်ရင် နှစ်ယောက်စလုံးသေပြီ"

ရန်ရှန်က ပြန်ပြောသည်။

ကြူးလန်းရှုသည် အနီးအနားကိုမျက်စိကစားကာ ကြည့်လိုက်ရာ မြည်းပုလေးတစ်ကောင်ကိုတွေ့ရသည်။ ရန်ရှန်က မြည်းပုလေးကိုမမြင်ဘူးသောကြောင့် အဆန်းလုပ်ပြီးမေးရာမှ ပြဿနာစကြောင်း ကြူးလန်းရှုနားလည်လိုက်သည်။

"သူတို့နှစ်ယောက်လဲ ခင်ဗျားလက်ချက်ကြောင့် အတော်လေး နာကျင်နေကြပါပြီ၊ ကျေနပ်ပါတော့... ကဲ... ကဲ... ခင်ဗျားတို့နှစ်ယောက် မြန်မြန်ထွက်သွားကြလေ"

ကြူးလန်းရှုသည် ရန်ရှန်ကိုဖျောင်းဖျပြောဆိုနေရာမှ ယောကျ်ားကြီးနှစ်ယောက်ကို ဆက်ပြောသည်။ ထိုလူနှစ်ယောက်မှာ ရန်ရှန်၏ လက်ချက်ကိုကောင်းကောင်းခံရပြီးပြီမို့ စကားတစ်ခွန်းမှမပြောဘဲ မြည်းပုလေးကိုဆွဲကာ သုတ်ခြေတင်ထွက်ပြေးသွားကြတော့သည်။

"အဲဒီမိန်းကလေးက ဘယ်သူလဲ"

ယောကျ်ားကြီးနှစ်ယောက်ထွက်သွားသောအခါ ရန်ရှန်က လောင်ရှောက်မေကိုမေးငေါ့ပြပြီးမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ညီမလေးပါ… နာမည်က လောင်… အဲ… ကြူးရှောက်မေတဲ့"

လောင်ရှောက်မေကို မိမိ၏ညီမအရင်းအဖြစ်ပြောဆိုရမည်မို့ ကြူးလန်းရှုကမိမိ၏မျိုးနွယ်အမည်ထည့်ကာ ကြူးရှောက်မေဟုပြောလိုက်ခြင်းဖြစ်သည်။

"ရှင့်မှာ ညီမတစ်ယောက်ရှိတယ်လို့ ကျွန်မကို မပြောဘူးပါလား"

"စကားမစပ်မိလို့ပါ၊ ရှောက်မေအပြင်တခြားတစ်ယောက်လဲ ရှိသေးတယ်"

ကြူးလန်းရှုက ခပ်တည်တည်ဖြင့်ပြောလိုက်သည်။

"ရှင့်ရဲ့မိဘနှစ်ပါးကော ရှိကြသေးလား"

"ရှိတယ်… နောက်ဆိုရင် ကျွန်တော်ရဲ့မိသားစုအားလုံးကို ခင်ဗျားဆုံတွေ့ရတော့မှာပါ"

"ညီမရေ… ဟောဒါ… မင်းရဲ့ယောင်းမလောင်းကြီးပဲ၊ ရန်ရှန်တဲ့"

ကြူးလန်းရှုက လောင်ရှောက်မေကိုလှမ်းပြောသည်။

လောင်ရှောက်မေကလည်း ပြုံးရယ်ကာ မိတ်ဆက်စကားဆိုသည်။

"ကျွန်မရှောက်မေပါ၊ တွေ့ရတာဝမ်းသာပါတယ်"



"ကျွန်မက အပြင်လောကကိုမရောက်ဘူးတော့ ဘာမှနားမလည်ဘူး၊ အမှားရှိရင် သည်းခံခွင့်လွှတ်ပြီးပြင်ဆင်ပေးပါနော်"

ရန်ရှန်က လောင်ရှောက်မေကိုပြောသည်။

"ဟုတ်ကဲ့… ကျွန်မအတတ်နိုင်ဆုံးကူညီပေးပါ့မယ်"

လောင်ရှောက်မေက ပြန်ပြောသည်။

"မြို့ထဲမှာ ကျွန်တော်သွားနေတုန်း ဗိုက်ထဲကတစ်ချက်အောင့်ပြီးနာလာတယ်၊ အဲဒါ ခင်ဗျားကအဆိပ်ကောင်ကို အကိုက်ခိုင်းလိုက်တာလား"

ကြူးလန်းရှုကမေးသည်။

"ဟင့်အင်း… ကျွန်မ ဘာမှမလုပ်ပါဘူး"

"တကယ်ပြောတာလား"

"တကယ်ပါ… ရှင့်ကိုဘာကြောင့်လိမ်ရမှာလဲ"

ရန်ရှန်ကပြောသည်။

"အင်း… ရန်ရှန်ကဘာမှမလုပ်ဘဲနဲ့ ငါ့ဗိုက်ထဲ ဘာကြောင့်နာလာရတာလဲ၊ ကျားဖြူမက ငါနဲ့လောင်ရှောက်မေ စကားပြောနေတာကိုသိလို့ လှမ်းလုပ်လိုက်တာလား"

ကြူးလန်းရှု၏စိတ်ထဲဝယ် တွေးလိုက်မိသည်။

"ခင်ဗျားလုပ်တာမဟုတ်ရင် ခင်ဗျားအမေလက်ချက်ဖြစ်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မေမေက ပန်းတစ်ရာတောင်ကုန်းမှာကျန်နေခဲ့တာပဲ၊ ဘယ်လိုလုပ်ပြီး ရှင့်မိုက်ထဲက အဆိပ်ကောင်ကိုထိန်းချုပ်စေနိုင်နိုင်မှာလဲ"

"ပန်းတစ်ရာတောင်ကုန်းကနေလှမ်းပြီး အမိန့်ပေးလို့ကော မရဘူးလား"

"ဟာ... ပေါက်ပေါက်ရှာရှာ၊ မေမေကနတ်လဲမဟုတ် မှော်ဆရာလဲမဟုတ်ဘဲ ဒီလောက်အဝေးကြီးကနေ ဘယ်အမိန့်ပေးနိုင်မှာလဲ၊ အဆိပ်ကောင်ကိုလျှို့ဝှက်အနံ့တစ်မျိုးပေးပြီး ထိန်းချုပ်စေခိုင်းရတာရှင့်၊ အဲဒီလိုစေခိုင်းနိုင်ဖို့အတွက် အဆိပ်ကောင်အသွင်းခံထားတဲ့လူနဲ့ ကိုက်သုံးရာဝန်းကျင်လောက်ကနေ လျှို့ဝှက်အနံ့ဖန်တီးပေးရတယ်၊ ဒီအနံ့ကို လူရဲ့နှာခေါင်းနဲ့ ဘယ်လိုမှအနံ့ခံလို့မရဘူး၊ ရှူသွင်းလိုက်တဲ့လေနဲ့အတူ မိုက်ထဲဝင်သွားမှအဆိပ်ကောင်အနံ့ရတယ်၊ အဲဒီတော့မှ အဆိပ်ကောင်က အနံ့ရဲ့စေခိုင်းချက်အရလိုက်လုပ်တာ"

ပင်ကိုယ်စိတ်ထားရိုးဖြောင့်ပြီး ကြူးလန်းရှုအပေါ်တွင်လည်း စိတ်ညွှတ်နေသောရန်ရှန်က အဆိပ်ကောင်ကိုထိန်းချုပ်စေခိုင်းပုံလျှို့ဝှက်ချက်ကိုထုတ်ပြောပြလိုက်သည်။

"ဒီအတိုင်းဆိုရင် အဆိပ်ကောင်ကိုက်လို့မဟုတ်ဘဲ သူဘာသာသူ လေထိုးပြီးအောင့်တာဖြစ်လိမ့်မယ်၊ ဒါနဲ့ ခင်ဗျားလဲ



ဘာမှမစားရသေးတော့ ဆာနေမှာပဲ.... ခင်ဗျားအတွက် စားစရာတွေယူလာခဲ့တယ်"

ကြူးလန်းရှုက ဤသို့ပြောပြီး ရန်ရှန်ကို ထမင်းထုပ်တစ်ထုပ်ပေးသည်။ ရန်ရှန်က ထမင်းထုတ်ကိုလှမ်းယူရင်း....

"ဆာနေတာတော့မပြောနဲ့ မိုက်ထဲက တကွိကွိတောင်မြည်နေတယ်"

ပြောပြောဆိုဆိုပင် ထမင်းထုပ်ကိုဖြေကာ အားရပါးရစားလေတော့သည်။

ထမင်းတစ်ထုပ် တစ်ခဏအတွင်း တက်တက်စင်ပြောင်သွားလေသည်။

"ကိုင်း... ခရီးဆက်ကြစို့၊ ကျွန်တော်တို့နောက်က ရန်သူတွေလိုက်ချင်လိုက်လာနိုင်တယ်၊ ဒီတော့ ခင်ဗျားက နောက်ချန်နေခဲ့ပြီး ရန်သူကိုစောင့်ကြည့်ပေးပါ၊ ကျွန်တော်တို့မောင်နှမ ရှေ့ကသွားနှင့်မယ်"

ရန်ရှန်စားသောက်ပြီးသောအခါ ကြူးလန်းရှုကပြော၏။

"ရှင်တို့စိတ်ချပြီးသွားကြပါ၊ ရန်သူလိုက်လာရင် ကျွန်မကြည့်ပြီး ရင်ဆိုင်လိုက်ပါ့မယ်"

ရိုးအသောရန်ရှန်မှာ ကြူးလန်းရှု၏မရိုးယာယ်ကိုမသိဘဲ ရိုးရိုးစင်းစင်းပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရန်သူက အင်အားသိပ်များနေရင် ကျွန်တော်တို့ကို လှမ်းအော်ခေါ်ပေါ့၊ ကဲ... ညီမလေး မြင်းပေါ်တက်"

ကြူးလန်းရှုသည် ရန်ရှန်နှင့်ပြောနေရာမှ လောင်ရှောက်မေကိုလှမ်းပြောလိုက်သည်။ ထို့နောက် နှစ်ယောက်သား မြင်းများပေါ်သို့တက်ကာ မြင်းချင်းယှဉ်စီးရင်းထွက်လာခဲ့ကြသည်။

ရန်ရှန်က သူတို့၏နောက်ဘက် ကိုက်(၃၀၀)ခန့်အကွာမှ နောက်ချန်ကာလိုက်လာခဲ့သည်။

"ရှင်က အတော်ဉာဏ်များတယ်၊ ရန်ရှန်ကို တမင်သက်သက်နောက်ချန်ထားခဲ့ချင်လို့ ရန်သူတွေလိုက်လာမလေး ဘာလေးပြောတာမဟုတ်လား"

မြင်းချင်းယှဉ်စီးလာရင်း လောင်ရှောက်မေကပြောသည်။

"ဟုတ်တယ်လေ... ဒါမှ မင်းနဲ့ကျုပ်နဲ့အေးအေးဆေးဆေး စကားပြောပြီး ပျော်ပျော်ရွှင်ရွှင်ခရီးသွားနိုင်မှာမဟုတ်လား"

"ဖေဖေကပြောတယ်... ရှင်ဟာ အချစ်မင်းသားရယ်လို့ နာမည်ကျော်ကြားနေပေမဲ့ ဆိုးဝါးယုတ်မာတဲ့လူ မဟုတ်ပါဘူးတဲ့၊ လူကောင်းတစ်ယောက်လို့ဆိုနိုင်ပါတယ်တဲ့ အဲဒါတကယ်ပဲလား"

"ဟုတ်ပါတယ်... ကျုပ်က လူရှုပ်လူပွေတစ်ယောက် မဟုတ်ပါဘူး၊ မိန်းကလေးတွေနဲ့အဲဆက်အသွယ်များတာ တစ်ခုပါပဲ"



"တွေ့ဆုံမိတဲ့မိန်းကလေးတိုင်းကို ကြိုက်လိုက်တာမျိုးပဲမဟုတ်လား"

"ဒီလိုတော့မဟုတ်ပါဘူး... ဥပမာပြရရင် ရန်ရှန်ကို ဘယ်လိုမှစိတ်မဝင်စားပါဘူး၊ ကြိုက်လဲမကြိုက်ပါဘူး"

"ဟွန့်... တော်တော်အပြောကောင်းတယ်"

လောင်ရှောက်မေက ဤသို့ပြောပြီး ကြူးလန်းရှုကို မျက်စောင်းလှလှလေးတစ်ချက်ထိုးလိုက်သည်။ ကြူးလန်းရှု၏ရင်ထဲဝယ် ကြည်နူးသာယာသွားမိသည်။

ဤသို့ဖြင့်.... ခရီးနှင်လာခဲ့ကြရာ ခရီးရက်ကြာလာသည်နှင့်အမျှ လောင်ရှောက်မေနှင့်ကြူးလန်းရှုတို့မှာ ပိုမိုရင်းနှီးခင်မင်လာခဲ့ကြသည်။

နောက်ဆုံးတွင် ဟိန်းတောင်တန်း၏တောင်ခြေမြို့တစ်မြို့ဖြစ်သော ငေါ့ကျူးမြို့သို့ရောက်လာခဲ့ကြသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကျူးမြို့သို့ရောက်သောအခါ နေဝင်မိုးချုပ်နေပြီ။

ကြူးလန်းရှုတို့သုံးယောက်သည် တည်းခိုရိပ်သာတစ်ခုတွင်ဝင်ကာ အခန်းသုံးခန်းငှားလိုက်ကြသည်။ တည်းခိုရိပ်သာမှာ နှစ်ထပ်ဖြစ်ပြီး အောက်ထပ်ဝယ် စားသောက်ဆိုင်ရှင်ရှိပြီး အပေါ်ထပ်တွင် တည်းခိုခန်းများရှိသည်။

ငှားရမ်းထားသောအခန်းများသို့ ပစ္စည်းများပို့ပေးထားရန်၊ တည်းခိုရိပ်သာအမှုထမ်းများထံအပ်ခဲ့ပြီး သုံးယောက်သားစားသောက်ခန်းထဲသို့ဝင်၍ ညစာစားသောက်သည်။

"ကဲ… ရန်ရှန် ခင်ဗျား အခန်းမှာသွားပြီး အေးအေးဆေးဆေးအိပ်ပေတော့"

ညစာစားပြီးသောအခါ ကြူးလန်းရှုကရန်ရှန်ကိုပြော၏။

"ဟင့်အင်း… မအိပ်သေးဘူး"

ရန်ရှန်ကပြန်ပြောသည်။

"ဘာဖြစ်လို့လဲ"

"ခရီးထွက်လာကြတာ ဆယ်ရက်ကျော်ပြီ၊ ဒီရက်တွေမှာ ရှင်က ရှင့်ညီမနဲ့ချည်း စကားတတွတ်တွတ်ပြောနေတယ်၊ ကျွန်မကိုတော့အရေးတောင်မလုပ်ဘူး၊ ကျွန်မ ရှင်နဲ့စကားထိုင်ပြောချင်တယ်"

"ပြောချင်ရင် မနက်ဖြန်ကျမှ အေးအေးဆေးဆေးပြောကြတာပေါ့၊ အခုတော့ ခရီးပန်းလာတာမို့ ကျွန်တော်လဲ အိပ်ချင်နေတယ်"

"ကောင်းပြီလေ…. မနက်ဖြန့်ကျရင် ကျွန်မနဲ့စကားအများကြီး ပြောရမယ်နော်"

"စိတ်ချပါ"

ရန်ရှန်သည် ဘာမျှပြန်မပြောတော့ဘဲ သူမ၏အခန်းသို့ထွက်သွားသည်။

"အင်း…. ရန်ရှန်က တစ်ခုတော့ကောင်းတယ်၊ သိပ်ရိုးအတော့ သူ့ကိုလှည့်စားလို့သိပ်လွယ်တာပဲ"

ရန်ရှန်ထွက်သွားသောအခါ ကြူးလန်းရှုကပြောသည်။

"ခရီးထွက်လာကြတဲ့ရက်ပိုင်းအတွင်းမှာ သူ့ရဲ့အသိဉာဏ်ဗဟုသုတဟာ အတော်တိုးတက်လာတယ်၊ သူဟာ ပင်ကိုယ်ဉာဏ်တော့ မဆိုးပါဘူး၊ လူသူကင်းဝေးတဲ့နေရာမှာနေလာခဲ့ရလို့ ဗဟုသုတနည်းတာတစ်ခုပါပဲ"

လောင်ရှောက်မေက ပြန်ပြောသည်။

"သူ့အဖို့ အတွေ့အကြုံဗဟုသုတများလာတာဟာ တစ်နည်းကောင်းသလို တစ်ဘက်ကပြန်တွေးကြည့်ရင်လဲ မကောင်းတာရှိနေပြန်တယ်"

"ဘာမကောင်းတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရန်ရှန်ဟာ စိတ်ကူးယဉ်ကမ္ဘာထဲမှာနေလာခဲ့ရတဲ့လူလို ဖြစ်နေတယ်၊ သူ့အမေရဲ့ ပြောဆိုထားမှုကြောင့် သူ့ကိုယ်သူ ကမ္ဘာမှာအလှဆုံးလို့ထင်နေတယ်၊ သူလိုချင်တာကို ဘာမဆိုရနိုင်မယ်လို့လဲယုံနေတယ်၊ အတွေ့အကြုံရင့်ကျက်လာပြီး ဒီဟာတွေ တကယ်မဟုတ်မှန်းသိသွားရင် သူအတော့်ကိုစိတ်ထိခိုက်မှာပဲ"

"ဘယ်လိုပဲပြောပြော သူက ရှင့်ကိုတော့အတော်ပဲစွဲလန်းနေပုံရတယ်၊ ဒီကိစ္စကိုဘယ်လိုရှင်းမှာလဲ"

"အခြေအနေအရ ကြည့်ပြီးဖြေရှင်းရမှာပဲ၊ ကျုပ်ကတော့ သူ့ကိုအိမ်ထောင်ဘက်အဖြစ်မယူနိုင်ဘူး"

"ကဲ... ကျွန်မတို့လဲ အပေါ်ထပ်ကိုသွားကြရအောင်"

"အပြင်ဘက်မှာ လေညင်းခံရင်း လမ်းထွက်လျှောက်တာက ပိုမကောင်းဘူးလား"

"ဟင့်အင်း... မလျှောက်ချင်တော့ဘူး၊ ဆယ်ရက်လောက်ခရီးပြင်းနှင်လာခဲ့ရတာမို့ ပင်ပန်းနေပြီ၊ အခန်းမှာသွားပြီး နားချင်တယ်"

"ဒါဆိုလဲ သွားကြစို့"

ထို့နောက် ကြူးလန်းရှုနှင့်လောင်ရှောက်မေတို့သည် စားသောက်ခန်းမှထွက်ကာ တည်းခိုခန်းများရှိရာ တည်းခိုရိပ်သာ အပေါ်ထပ်သို့တက်လာခဲ့ကြသည်။



သူတို့ငှားရမ်းထားသော အခန်းသုံးခန်းမှာ ဘေးချင်းယှဉ်လျက်သားရှိနေသောအခန်းများဖြစ်သည်။

ရန်ရှန်၏အခန်းကိုဖြတ်အသွားတွင် အတွင်းဘက်မှ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျ၍ အသက်ပြင်းပြင်းရှူနေသည့်အသံကို ကြားရသည်။

"စိတ်ထားရိုးဖြောင့်တဲ့လူတွေဟာ ဒီတစ်ခုတော့ ကောင်းတယ်၊ ဟိုတွေးဒီတွေးလုပ်စရာမလိုဘဲ ခဏလေးနဲ့အိပ်မောကျနိုင်တယ်"

ကြူးလန်းရှုကပြောသည်။ ရန်ရှန်၏အခန်းဘေးဝယ် လောင်ရှောက်မေ၏အခန်းရှိသည်။

"လာလေ... ကျွန်မအခန်းထဲကိုဝင်ပါဦး"

လောင်ရှောက်မေက အခန်းတံခါးကို ဖွင့်ပေးပြီးပြောသည်။ ကြူးလန်းရှုကိုလည်း ချိုမြိန်သောအပြုံးကလေးဖြင့် ပြုံး၍ကြည့်နေသည်။

လမ်းခရီးတွင် ကြူးလန်းရှုနှင့်လောင်ရှောက်မေတို့မှာ ရင်းနှီးခင်မင်မှုရှိလာခဲ့သော်လည်း လောင်ရှောက်မေက ကြူးလန်းရှုကို ယခုလိုအခန်းထဲသို့ဖိတ်ခေါ်ခြင်း တစ်ကြိမ်မျှမပြုခဲ့ဖူးပေ။

ကြူးလန်းရှုသည်... အလွန်ပင် ကျေနပ်ဝမ်းသာသွားပြီး လောင်ရှောက်မေဖွင့်ပေးထားသော တံခါးမှနေ၍... အခန်းထဲသို့

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လှမ်းဝင်လိုက်သည်။

လောင်ရှောက်မေကလည်း ကြူးလန်းရှုနှင့်အတူ အခန်းထဲသို့ဝင်သည်။ လောင်ရှောက်မေသည် ဆက်လက်လျှောက်သွားပြီး ခုတင်ဘေးနားရှိထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်။ ကြူးလန်းရှုက ပွင့်နေသောအခန်းတံခါးကိုပြန်ပိတ်လိုက်သည်။

"အခန်းထဲကိုပိတ်ခေါ်တာတော့ ဟုတ်ပါပြီ၊ ညှိသည်ကို ဘာနဲ့ညှိခံမှာလဲ"

ကြူးလန်းရှုက ဤသို့ပြောပြီး လောင်ရှောက်မေရှိရာသို့ လျှောက်လာသည်။ အခန်းထဲဝယ် ထိုင်ခုံသုံးခုရှိသည်။ လောင်ရှောက်မေက ထိုင်ခုံတစ်ခုတွင်ထိုင်နေရာ ကျန်ထိုင်ခုံနှစ်ခုမှာလွတ်နေသည်။ ကြူးလန်းရှုသည် ထိုထိုင်ခုံများတွင် မထိုင်ဘဲ လောင်ရှောက်မေထိုင်နေသောထိုင်ခုံဘေးနားဝယ် ရပ်လိုက်သည်။

"အခုပဲ ညစာစားခဲ့ပြီးပြီပဲ... ရှင်က ဘာများထပ်စားချင်သေးလို့လဲ"

လောင်ရှောက်မေက မိမိဘေးနားဝယ်ရပ်နေသော ကြူးလန်းရှုကို မျက်လွှာပင့်ကာမော့ကြည့်ပြီးပြောသည်။

ကြူးလန်းရှုမှာ လောင်ရှောက်မေ၏ဘေးနားဝယ် ကပ်လျက်ရပ်နေရာ ခေါင်းမော့၍ပြောလိုက်သည်တွင် အနမ်းခံရန် အလိုက်သင့်မော့ပေးထားသည့်အနေအထားမျိုးဖြစ်သွားသည်။



အရည်လဲ့နေသော လောင်ရှောက်မေ၏မျက်လုံးအကြည့်က ကြူးလန်းရှု၏ရင်ကိုခုန်စေသည်။ မဟတဟလေးဖြစ်နေသော လောင်ရှောက်မေ၏နှုတ်ခမ်းလွှာနီနီထွေးထွေးလေးက ကြူးလန်းရှု၏စိတ်ကိုလှုပ်ရှားစေသည်။

နေရာကလည်း တိတ်ဆိတ်နေသောအခန်းထဲ ....

ရှိနေသူကလည်း ကြူးလန်းရှုနှင့် လောင်ရှောက်မေတို့နှစ်ယောက်တည်း။

သည်တော့ ကြူးလန်းရှုမှာစိတ်ကိုမချုပ်တည်းနိုင်တော့ဘဲ လောင်ရှောက်မေ၏နီနီထွေးထွေးနှုတ်ခမ်းလွှာလေးကို အသာငုံ့ကာနမ်းလိုက်မိသည်။

ဤသို့နမ်းမိပြီးမှ မိမိအပြုအမူသည် ရိုင်းပြလွန်းသွားလေမည်လား၊ လောင်ရှောက်မေက အကြီးအကျယ်စိတ်ဆိုးသွားလေမည်လားဟု ကြူးလန်းရှုတွေးလိုက်မိသည်။

သို့သော် လောင်ရှောက်မေသည် ကြူးလန်းရှု၏အနမ်းကို လိုလိုလားလားပင် တုံ့ပြန်လာသည်။ ကြူးလန်းရှု၏လည်ပင်းကို လက်ကလေးနှစ်ဖက်ဖြင့် အသာသိုင်းဖက်လာသည်။

လောင်ရှောက်မေမှာ... အပျိုရိုင်းလေးဖြစ်ပြီး အချစ်နတ်ဖမ်းစားနေ၍ ယခုလို ရဲရဲတင်းတင်းရှိနေခြင်းဖြစ်မည်ဟု ကြူးလန်းရှုတွေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှု၏ စိုးရိမ်စိတ်များ ပျောက်သွားသည်။ စိုးရိမ်စိတ်ပျောက်သွားသည်နှင့် ကြူးလန်းရှု၏ အပြုအမူများက ပိုမိုရဲတင်းလာသည်။ လောင်ရှောက်မေကလည်း ကြူးလန်းရှုပြုသမျှကို ငြင်းဆန်ခြင်းမပြုဘဲ လိုက်လျောနေသည်။

သို့သော် ....

၀၀၀

ကြူးလန်းရှုသည် အချစ်မင်းသားဟု ကျော်ကြားနေသူဖြစ်၏။ ယခု သူ့အတွက် ရေကန်အသင့် ကြာအသင့်ဖြစ်နေပေပြီ။ သို့သော် သူသည် ချက်ချင်းပင် သတိပြန်ဝင်ကာ ....

"ကျုပ် တောင်းပန်ပါတယ်၊ ကျုပ် ဒီလိုပြုမူဖို့ မရည်ရွယ်ပါဘူး၊ စိတ်ကိုဘယ်လိုမှမထိန်းနိုင်လို့ဖြစ်သွားရတာပါ"

ကြူးလန်းရှုက လေသံတိုးတိုးဖြင့် တောင်းပန်စကားဆိုလိုက်သည်။ လောင်ရှောက်မေမှာ မျက်နှာကြီးနီရဲလျက် တစ်ကိုယ်လုံးကိုစောင်ဖြင့် ပတ်ထားလိုက်သည်။

"ဟိုလေ... ကျွန်မ... ကျွန်မ... ရှင့်ကိုစိတ်မဆိုးပါဘူး၊ အပြစ်လဲမဆိုပါဘူး၊ ဟို... ဟို... ရှင်က ကျွန်မကိုချစ်လို့ဆိုတာ ကျွန်မသိပါတယ်"

"ဟုတ်တယ်... မင်းကိုချစ်တယ်"



ကြူးလန်းရှုကခေါင်းညိတ်ပြီး ပြန်အဖြေပေးလိုက်သည်။

"ကျွန်မလဲ ရှင့်ကို .... ဟိုလေ ...."

လောင်ရှောက်မေသည် စကားဆက်ရန် ရှက်သလိုဖြင့် မျက်နှာကြီးနီရဲသွားသည်။ ထိုစဉ်မှာပင် သူမသည် ထိတ်လန့်ဖွယ်ရာ တစ်စုံတစ်ခုတွေ့မြင်သွားဟန်ဖြင့် ....

"ဟို... ဟို... အား..."

လောင်ရှောက်မေသည် အလန့်တကြားအော်ပြီး ခေါင်းကိုစောင်ဖြင့်ခြုံလိုက်လေသည်။

"ရှောက်မေ ဘာဖြစ်တာလဲ"

ကြူးလန်းရှုက အရေးတကြီးမေးသည်။

"ဟိုပြတင်းပေါက်မှာ လူရောက်နေတယ်"

လောင်ရှောက်မေ စောင်ခေါင်းမြီးခြုံလျက်က ပြန်ပြောသည်။ ကြူးလန်းရှုက ပြတင်းပေါက်ကို ခေါင်းငဲ့ကြည့်လိုက်ရာ ပြတင်းဝတွင် အမျိုးသမီးတစ်ယောက်၏ ကိုယ်အပေါ်ပိုင်းသဏ္ဍာန်ပေါ်နေသည်ကိုမြင်လိုက်ရသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ပေါ်ဝယ် **အမျိုးသမီးတစ်ယောက်၏အပေါ်**ပိုင်းသဏ္ဍာန်ထင်နေသည်။ ပြတင်းပေါက်အပြင်ဘက်တွင် အမျိုးသမီးတစ်ယောက်ရပ်နေကြောင်း ကြူးလန်းရှု နားလည်လိုက်၏။

ကြူးလန်းရှုက ခုတင်ဘေးနားဝယ်ထောင်ထားသည့် ဓားလွယ်မှ ဓားရှည်ကိုလှမ်းယူလိုက်သည်။

"သိပ်မလောပါနဲ့လေ... ကျွန်မလာတာက ရန်ပြုဖို့မဟုတ်ပါဘူး၊ ရှင်နဲ့စကားနည်းနည်းပါးပါးပြောချင်လို့ပါ"

ပြတင်းပေါက်အပြင်ဘက်တွင်ရပ်နေသော အမျိုးသမီးထံမှစကားသံပေါ်လာသည်။ အသံမှာချိုအေးကာ ကြည်လင်နေသည်။ ကြူးလန်းရှုသည် မူလကအခန်းပြင်သို့ပြေးထွက်ကာ အမျိုးသမီးကိုရင်ဆိုင်ရန် စိတ်ကူးထားသည်။

သို့သော် အမျိုးသမီးက အေးချမ်းစွာစကားဆိုလာသည့်အပြင် လောင်ရှောက်မေကလည်း အဝတ်အစားများ ပြန်မဝတ်ရသေးသောကြောင့် ကိုယ်ရှိန်ကိုသတ်ပြီးပြန်မေးလိုက်သည်။

"ခင်ဗျားဘယ်သူလဲ"

"ကျွန်မနာမည်ယူခက်၊ မိုးနတ်မယ်အဖွဲ့ရဲ့ မဟူရာမြားကညာတစ်ယောက်ပဲ"

"အင်း... ကျုပ်က ခင်ဗျားတို့မိုးနတ်မယ်အဖွဲ့ရဲ့ဌာနချုပ်ကိုလိုက်ရှာနေတာ၊ အခု ခင်ဗျားရောက်လာတာနဲ့အတော်ပဲ"



"ကျွန်မက အဖွဲ့ခေါင်းဆောင်ရဲ့အမိန့်အရ သူ့ကိုယ်စားရှင်နဲ့လာတွေ့တာပါ"

"ကောင်းပါပြီ... ခင်ဗျားအခန်းထဲကိုဝင်လာပါလား"

"မဝင်ပါဘူးလေ... အခန်းထဲကိုဝင်ရင် ရှင်တို့ကိုအနှောင့်အယှက်ပေးသလိုဖြစ်နေမှာပေါ့၊ ဒီလိုပဲ ပြတင်းပေါက်တံခါးခြားပြီးပြောကြတာကောင်းပါတယ်၊ အတွေ့အကြုံတစ်မျိုးပေါ့"

ယူခက်ကရယ်သံနှောကာပြောသည်။

"ခင်ဗျား ဘာပြောစရာရှိသလဲ၊ ပြောနိုင်ပါတယ်"

"ကျွန်မတို့ခေါင်းဆောင်က ရှင့်ကို ရွှေပိတုန်းမင်းသားလုပ်ဖို့ထပ်မံဖိတ်ခေါ်ကမ်းလှမ်းခိုင်းပါတယ်.... ကျွန်မတို့နဲ့ ရှင်နဲ့ရန်သူမဟုတ်တော့ဘဲ မိတ်ဆွေဖြစ်ချင်တဲ့သဘောပါ"

"ဒီကိစ္စနဲ့ပတ်သက်ပြီး... ခင်ဗျားတို့အဖွဲ့က မဟူရာမြားကညာတစ်ယောက်ဖြစ်တဲ့ကွေ့ခက်နဲ့ စကားကုန်ပြောပြီးပြီပဲလေ၊ နောက်ထပ်ဆက်ပြောစရာ အကြောင်းမရှိတော့ပါဘူး"

"ကွေ့ခက်ကိုပြောခဲ့ပြီးတာကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ရှင်ထပ်ပြီးစဉ်းစားနိုင်အောင်လို့ ကျွန်မတို့ဘက်က နောက်တစ်ခါထပ်မံကမ်းလှမ်းတာပါ"

"ခင်ဗျားတို့ရဲ့ရွှေပိတုန်းကျွန်အဖြစ် ကျုပ် တစ်သက်လုံးမလုပ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရွှေပိတုန်းကျွန် မဟုတ်ပါဘူး... ရွှေပိတုန်းမင်းသားပါ၊ ဒီကမ်းလှမ်းချက်ကိုသာလက်ခံရင် ရှင့်အဖို့လောကစည်းစိမ်ဥစ္စာချမ်းသာတွေအားလုံး လိုလေသေးမရှိရစေရမယ်"

"ဒီအကြောင်းကိုထပ်မပြောပါနဲ့တော့၊ ကျုပ်ကြူးလန်းရှူက မိန်းကလေးတွေရဲ့အမိန့်ကိုနာခံရမယ့်အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး"

"ရှင့်အနေနဲ့ ကျွန်မတို့ရဲ့အမိန့်ကိုနာခံစရာ မလိုပါဘူး၊ ကျွန်မတို့ကိုကာကွယ်စောင့်ရှောက်ပြီး ပူးပေါင်းဆောင်ရွက်ရမှာပါ၊ အမျိုးသမီးတွေကိုကူညီကာကွယ်စောင့်ရှောက်ပေးဖို့ ယောကျ်ားတိုင်းရဲ့ဝတ္တရားပါ၊ ရှင်က အချစ်မင်းသားတစ်ယောက်ရယ်လို့ နာမည်ကျော်နေပြီး အမျိုးသမီးတွေကို မကူညီ မစောင့်ရှောက်ပေးချင်ဘူးလား"

"လောကမှာရှိတဲ့ တခြားအမျိုးသမီးတွေအတွက် ကူညီစောင့်ရှောက်ပေးဖို့ ကျုပ်အမြဲတမ်းအဆင်သင့်ပါပဲ၊ ဒါပေမဲ့ ခင်ဗျားတို့မိုးနတ်မယ်အဖွဲ့အတွက်ကိုတော့ ဝမ်းနည်းပါတယ်"

"ကျွန်မတို့က ဘာများမကောင်းလို့လဲ၊ တခြားအမျိုးသမီးတွေနဲ့ဘာများခြားနားလို့လဲ"

"ခင်ဗျားတို့ရဲ့အခြေအနေကို ခင်ဗျားတို့သိပါတယ်၊ ကျုပ်ပြောစရာမလိုပါဘူး"



"ကျွန်မတို့ရဲ့ဖိတ်ခေါ်ကမ်းလှမ်းမှုကိုလက်ခံရင် ရှင့်အဖို့အကျိုးအများကြီးရှိပါတယ်၊ အတင်းငြင်းပယ်နေရင်တော့ ရှင့်အဖို့အန္တရာယ်ဆိုးကိုရင်ဆိုင်ရလိမ့်မယ်"

ကြူးလန်းရှူပခုံးတွန့်လိုက်သည်။

"ဘယ်လိုအန္တရာယ်ဆိုးမျိုးပဲဖြစ်ဖြစ်... ကျုပ်က ရင်ဆိုင်ဖို့အသင့်ပါပဲ"

"ကျွန်မတို့ရဲ့ကမ်းလှမ်းချက်ကို ငြင်းပယ်လိုက်တဲ့အတွက် တစ်နေ့ ရှင်နောင်တကောင်းကောင်းရပါလိမ့်မယ်"

စကားသံတိတ်သွားသည်။

မြတင်းပေါက်ဝယ်ထင်နေသည့်အရိပ်လည်း ပျောက်သွားသည်။ ကြူးလန်းရှူသည် ဓားကိုအသင့်ပြင်ကာ အခန်းအပြင်သို့ပြေးထွက်၍ကြည့်သည်။

အခန်းအပြင်ဘက်တွင် မည်သူမျှမရှိတော့။

အနီးအနားဝန်းကျင်တွင်လည်း လူရိပ်လူရောင်ပင်မတွေ့ရ။ ယွခက်သည် အဆင့်မြင့်ကိုယ်ဖော့ပညာကိုသုံးကာ လျင်မြန်စွာထွက်ခွာသွားလေပြီ။

ကြူးလန်းရှူသည် အခန်းထဲပြန်ဝင်လာကာ အခန်းတံခါးကိုသေသေချာချာ ချက်ချ၍ပိတ်လိုက်သည်။

ထို့နောက် ခုတင်ပေါ်ရှိ လောင်ရှောက်မော့ကိုကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



လောင်ရှောက်မေသည် စောင်ကိုခေါင်းမြီးခြုံထားဆဲ။

မြင်နေရသော ကိုယ်ခန္ဓာကောက်ကြောင်းသဏ္ဍာန်အရ လောင်ရှောက်မေသည် အဝတ်အစားများပြန်မဝတ်ရသေးကြောင်း ကြူးလန်းရှုရိပ်မိလိုက်သည်။

"ရှောက်မေ... ဘာကြောင့် အဝတ်တွေပြန်မဝတ်သေးတာလဲ"

ကြူးလန်းရှု လောင်ရှောက်မေ၏တင်ပါးလေးကို သာသာလေးပုတ်ပြီးပေးသည်။

"ဟိုအမျိုးသမီးသွားပြီလား"

စောင်ခြုံထဲမှ လောင်ရှောက်မေကပြန်မေးသည်။

"အင်း... သွားပြီ"

စောင်ခေါင်းမြီးခြုံထဲမှ လောင်ရှောက်မေ ခေါင်းပြူထွက်လာသည်။

"ကြူးလန်းရှု ကျွန်မကိုရှင်တကယ်ချစ်သလား"

လောင်ရှောက်မေက အရည်ရွှမ်းလက်သောမျက်လုံးများဖြင့် ကြူးလန်းရှုကိုကြည့်ပြီးမေးသည်။

"အင်း... မင်းကိုကျုပ်တကယ်ချစ်ပါတယ်၊ မင်းဟာကျုပ်တွေ့မြင်ဖူးသမျှမိန်းကလေးတွေထဲမှာ အလှဆုံးပါ၊ တကယ်လို့ မင်းရဲ့အဖေကခွင့်ပြုမယ်ဆိုရင် မင်းကိုကျုပ်လက်ထပ်ယူမယ်"



ကြူးလန်းရှုကလည်း လောင်ရှောက်မေကို ရွှမ်းရွှမ်းစားစားကြည့်ပြီးပြန်ပြောသည်။

"ကျွန်မ အမှန်အတိုင်းပြောပါ့မယ်၊ ရှင် ဟိုတစ်ခါ ကျွန်မတို့အိမ်ကိုလာလည်တုန်းကတည်းက ရှင့်အပေါ်မှာ ကျွန်မမေတ္တာရှိနေခဲ့တာပါ"

ဤသို့ပြောပြီး လောင်ရှောက်မေက စောင်ခြုံထဲမှ လက်နှစ်ဖက်ကိုဆန့်ထုတ်ပြီး ကြူးလန်းရှုကိုသိုင်းဖက်သည်။

ထိုမှသာမက... ကြူးလန်းရှုကို အားရပါးရပင် နမ်းရှုပ်သည်။ ကြူးလန်းရှု၏ရင် တဒိန်းဒိန်းခုန်ကာ ပူထူလှုပ်ရှားသွား၏။ ကြူးလန်းရှုသည် လှုပ်ရှားနေသောစိတ်ကို ကြိုးစားထိန်းချုပ်ပြီး မိမိကိုသိုင်းဖက်ထားသောလောင်ရှောက်မေ၏လက်ကို အသာအယာဆွဲဖယ်ကာ နောက်သို့ဆုတ်လိုက်သည်။

"ရှောက်မေ... အပျိုလေးတစ်ယောက်အနေနဲ့ဒီလိုမျိုး ထင်ရာမလုပ်ရဘူး၊ မင်း အတော်သတ္တိကောင်းတာပဲ"

ကြူးလန်းရှုကပြောသည်။

"ရှင်က ကျွန်မနဲ့လက်ထပ်မယ့်လူပဲ၊ ဘာဖြစ်သေးလဲ"

လောင်ရှောက်မေက ဤသို့ပြောပြီး ကြူးလန်းရှုကိုသိုင်းဖက်ရန်လက်လှမ်းပြန်သည်။

ကြူးလန်းရှုကလှမ်းလာသော လောင်ရှောက်မေ၏လက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ကို ဖမ်းကိုင်ဟန့်တားထားလိုက်သည်။

"မင်း ကျုပ်နဲ့တွေ့လို့သာ တော်တော့တယ်.... တခြားယောကျ်ားတစ်ယောက်ယောက်နဲ့တွေ့မိရင်တော့ မလွယ်ဘူး။ ကျုပ်တောင်အချိန်မီ သတိကောင်းသွားလို့ တော်တော့တယ်"

ကြူးလန်းရှုကပြုံး၍ပြောသည်။

"ဟွန့်... အရမ်းလျှောက်ပြောမနေနဲ့ ရှင့်ကိုချစ်လို့ ကျွန်မက ဒီလိုလိုက်လျောတာပေါ့၊ တခြားလူဆိုရင်ဝေးပါသေးရဲ့"

လောင်ရှောက်မေက ဤသို့ပြောပြီး ကြူးလန်းရှုကို ချစ်မျက်စောင်းလေးတစ်ချက်ထိုးလိုက်သည်။

၀၀၀



## အခန်း (၁၉ )

နောက်တစ်နေ့နံနက်တွင် သူတို့သုံးယောက် ခရီးဆက်ခဲ့ကြပြန်သည်။

"မနေ့ညတုန်းက မိုးနတ်မယ်အဖွဲ့က မဟူရာမြေးကညာယူဓေက် ကျွန်တော့်ဆီကိုလာသွားတာ ခင်ဗျားသိလိုက်ရဲ့လား"

တည်းခိုရိပ်သာမှထွက်လာကြပြီးသည်နှင့် ကြူးလန်းရှုက ရန်ရှန်ကိုပြောသည်။

"ဟင့်အင်း... မသိလိုက်ဘူး၊ အိပ်ကောင်းကောင်းနဲ့အိပ်ပျော်သွားတယ်၊ သူက ဘာလာလုပ်တာလဲ"

ရန်ရှန်က ပြန်မေးသည်။

"ဘာမှမလုပ်ပါဘူး... ကျွန်တော့်ကို သူတို့အဖွဲ့ထဲဝင်ဖို့ လာဖျောင်းဖျပြောဆိုတာပါ၊ ကျွန်တော်က မဝင်နိုင်ဘူးလို့ငြင်းလိုက်တယ်၊ ဒီတော့.... သူက ကျွန်တော့်ကိုကောင်းကောင်း အန္တရာယ်ပေးမယ်လို့ခြိမ်းခြောက်သွားတယ်"

ရန်ရှန် နှာခေါင်းရှုံ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခြိမ်းခြောက်စမ်းပါစေ… သူတို့ ရှင့်ကို ဘာမှမလုပ်နိုင်ပါဘူး၊ ကျွန်မတစ်ယောက်လုံးရှိတယ်။ ရှင် ဘာမှမပူနဲ့"

"ခင်ဗျားက တကယ်အားကိုးရမှာလား"

"တကယ်ပေါ့… ကျွန်မ မေမေ့ဆီကသိုင်းပညာအမွေတွေ ရထားတယ်… မိုးနတ်မယ်အဖွဲ့က မဟူရာမြားကညာလောက်ကိုတော့ အမှုန့်ချေပစ်နိုင်တယ်"

"ဒီလိုဆိုရင်… ခင်ဗျား ကျွန်တော်တို့နောက်မှချန်နေခဲ့ပြီး ရန်သူ့အခြေအနေကိုကြည့်ပေးပါဦး… အခု သူတို့ရဲ့ဌာနချုပ်စခန်းရှိနိုင်မဲ့နေရာနားကိုရောက်နေပြီဆိုတော့ ပိုသတိထားမှဖြစ်မယ်"

"နောက်ချန်ပြီးစောင့်ကြည့်နေတာက ဟုတ်ပါပြီ၊ ရှင်နဲ့ ကျွန်မနဲ့ဘယ်လိုလုပ်ပြီး စကားပြောနိုင်တော့မှာလဲ၊ ဒီနေ့ ကျွန်မနဲ့ စကားအများကြီးပြောမယ်လို့ ရှင်ပြောထားတာမေ့နေပြီလား"

"မြို့ပြင်ဘက် လေးငါးမိုင်လောက်တော့ ခဏသည်းခံပြီး နောက်ကနေ ရန်သူကိုကြည့်ပေးပါ၊ မြို့ပြင်ဘက်ငါးမိုင်ကျော်ရင်တော့ ကျွန်တော်တို့အတူတူဆက်သွားကြမယ်၊ အဲဒီတော့မှ ခင်ဗျား စကားပြောချင်သလောက်ပြောပေါ့ ဟုတ်လား"

"ကောင်းပြီ… ကျွန်မ နောက်ချန်နေရစ်ခဲ့မယ်၊ ရှင်တို့သွားနှင့်ကြ"

ဤသို့ဖြင့် ရန်ရှန်သည် နောက်ချန်နေရစ်ခဲ့ပြီး…



ကြူးလန်းရှုနှင့် လောင်ရှောက်မေတို့နှစ်ယောက်က ရှေ့ဆက်ထွက်လာခဲ့ကြသည်။

"မိုးနတ်မယ်အဖွဲ့က ရှင့်ကိုအန္တရာယ်ပေးမှာတော့ သေချာနေပြီနော်"

မြို့ပြင်ဘက်သို့ထွက်မိသောအခါ လောင်ရှောက်မေက ကြူးလန်းရှုကိုမေးသည်။

"ကြိုက်သလို အန္တရာယ်ပေးစမ်းပါစေ… ကျုပ်မကြောက်ပါဘူး"

ကြူးလန်းရှုကပြန်ပြောသည်။

"မိုးနတ်မယ်အဖွဲ့ရဲ့အင်အားက မသေးဘူးနော်… ရှိသမျှ ဂိုဏ်းဝင်တွေအားလုံးစုပြီး ရှင့်ကိုဝိုင်းတိုက်ရင် ဘယ့်နှယ်လုပ်မလဲ"

"မိုးနတ်မယ်အဖွဲ့ရဲ့အင်အားက များပေမဲ့ တကယ့်အမာခံအင်အားအနေနဲ့ကတော့ မဟူရာမြားကညာဆယ့်နှစ်ဖော်ရယ် အဖွဲ့ခေါင်းဆောင်ရယ်ပဲရှိတယ်၊ ကျန်တဲ့ဂိုဏ်းဝင်တွေနဲ့ပိတုန်းမင်းသားတွေက အရေးမထားလောက်ပါဘူး၊ သူတို့အနေနဲ့ အဓိကအင်အားစုအားလုံးကို တစ်ကြိမ်တည်းထုတ်မသုံးရဲဘူး၊ အလွန်ဆုံး မဟူရာမြားကညာသုံးယောက်လောက်ပူးပေါင်းထားတဲ့ အင်အားလောက်ကိုပဲသုံးနိုင်တယ်၊ ဘာမှကြောက်နေစရာမလိုဘူး"

ကြူးလန်းရှုက နှစ်သိမ့်အားပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကာ တိုက်ခိုက်ရေးသိုင်းပညာတွေ သိပ်မကျွမ်းပေမဲ့ လက်နက်ပုန်းပစ်တဲ့နေရာမှာတော့ ကောင်းကောင်းကျွမ်းကျင်ပါတယ်၊ အံရေးကြုံရင် ကျွန်မလဲရှင်နဲ့အတူတူ ကူညီပေးပါ့မယ်"

"လက်နက်ပုန်းပညာကျွမ်းကျင်ထားတာက ရိုးရိုးတိုက်ခိုက်ရေးသိုင်းပညာတတ်ထားတာထက် တစ်ပန်းသာပါတယ်၊ အဲဒီပညာက အဝေးကနေ ရန်သူကိုပစ်ခတ်တိုက်ခိုက်နိုင်တယ်မဟုတ်လား"

သူတို့နှစ်ယောက်သည် စကားတပြောပြောနှင့် လာခဲ့ကြရာ ခရီးအတော်ပေါက်လာသည်။

"ဟဲင်.... ရန်ရှန်လဲ လိုက်မလာသေးပါလား၊ အခု မြို့ပြင်ကိုရောက်တာ ငါးမိုင်လောက်ရှိနေပြီ... သူလိုက်လာဖို့ကောင်းတယ်"

လောင်ရှောက်မေက နောက်သို့လှည့်ကြည့်ပြီးပြောသည်။

"လိုက်လာပါလိမ့်မယ်... သူရောက်မလာတော့ကော ဘာအရေးလဲ၊ မင်းနဲ့ကျုပ်နဲ့လွတ်လွတ်လပ်လပ် စကားပြောနိုင်တာပေါ့၊ မဟုတ်ဘူးလား"

"မဟုတ်ဘူးလေ... ရောက်သင့်လျက်သားနဲ့ ရောက်မလာဘူးဆိုရင် သူ့မှာ ပြဿနာတစ်ခုခုရင်ဆိုင်နေရလို့ ဖြစ်ချင်ဖြစ်နိုင်တယ်မဟုတ်လား"



လောင်ရှောက်မေက စိုးရိမ်မကောင်းဟန်ဖြင့်ပြောသည်။

"ရန်ရှန်ရဲ့သိုင်းပညာက သိပ်အဆင့်မြင့်တယ်၊ ဒီတော့ သူ့ကို တော်ရုံတန်ရုံလူ မယှဉ်နိုင်ပါဘူး၊ ပြဿနာပေါ်လာရင် သူ့ဘာသာသူဖြေရှင်းနိုင်ပါတယ်"

"တခြားလူတွေနဲ့ ပြဿနာဖြစ်ရင်တော့ ဟုတ်တာပေါ့၊ မိုးနတ်မယ်အဖွဲ့နဲ့ဆုံမိရင် ခက်လိမ့်မယ်"

ကြူးလန်းရှုခေါင်းညိတ်လိုက်သည်။

"မင်းပြောတာဟုတ်တယ်... ကဲ နောက်ကြောင်းပြန်ပြီး ကြည့်ရအောင်"

သူတို့နှစ်ယောက်သည် မြင်းများကိုနောက်ပြန်လှည့်ကာ မြို့ဘက်သို့ပြန်သွားမည်ပြုဆဲမှာပင် အနီးရှိတောင်ကုန်းလေးထက်မှ စကားသံတစ်သံ ထွက်ပေါ်လာသည်။

"ကြူးလန်းရှု ကျေးဇူးပြု၍ ဒီတောင်ကုန်းပေါ်တက်လာခဲ့ပါ"

အသံမှာ ကြည်လင်ချိုအေးသောအမျိုးသမီးအသံဖြစ်၏။

ယမန်နေ့က ကြားခဲ့ရသောယူခက်၏အသံနှင့် အတော်တူကြောင်း ကြူးလန်းရှုသတိထားမိလိုက်သည်။

ကြူးလန်းရှုက အသံပေါ်လာရာသို့လှမ်းကြည့်လိုက်ရာ ကြက်သွေးရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့်အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတွေ့လိုက်ရသည်။

"အဲဒါ မိုးနတ်မယ်အဖွဲ့က အမျိုးသမီးတစ်ယောက်ဖြစ်ရမယ်၊ မင်း ဒီမှာစောင့်နေခဲ့... ကျုပ်သူ့ကိုသွားတွေ့လိုက်ဦးမယ်"

ကြူးလန်းရှူက လောင်ရှောက်မေကိုတီးတိုးပြောဆို မှာကြားပြီးနောက် မြင်းကို ထိုအမျိုးသမီးရပ်နေသည့် တောင်ကုန်းလေးပေါ်သို့ ဦးတည်မောင်းနှင်သွားလေသည်။

၀၀၀

တောင်ကုန်းပေါ်သို့ ကြူးလန်းရှူ မြင်းစီးကာတက်လာခဲ့သည်။ ကြက်သွေးရောင်ဝတ်စုံဝတ်အမျိုးသမီး၏ ရှေ့ဘက် ဆယ်ပေခန့်အကွာဝယ် မြင်းကိုရပ်ကာ မြင်းပေါ်မှဆင်းလိုက်သည်။

ထိုအမျိုးသမီးမှာ အသက်(၂၅)နှစ်ခန့်ရှိသည်။

ယခင်တွေ့ခဲ့သည့်အမျိုးသမီးများနည်းတူ ရုပ်ရည်ချောမောကာ ကိုယ်ကာယတောင့်တင်းဖွံ့ဖြိုးသည်။

ဝတ်ထားသောအဝတ်အစားများမှာ ပါးလှပ်သောပိုးသားဝတ်စုံဖြစ်သည်။ အမျိုးသမီး၏ အလှအပများက ကြွားဝင့်၍နေပေသည်။

"ကျုပ်ခန့်မှန်းတာ မမှားဘူးဆိုရင် ခင်ဗျားဟာ မနေ့ညက ကျုပ်ကိုလာစကားပြောခဲ့တဲ့ ယွခက်ပဲဖြစ်ရမယ်"



ကြူးလန်းရှူက ထိုအမျိုးသမီးကိုအကဲခတ်ကြည့်ပြီး ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ်"

အမျိုးသမီးက လှပသောအပြုံးတစ်ခုပြုံးပြီး ပြန်ဖြေသည်။ အပြုံးမှာလှပသလောက် ဆွဲဆောင်ချော့မြှူမှုအပြည့်ပါသည်။

"ကိုင်း... ကိစ္စကိုပြောစမ်းပါဦး"

"တို့တို့နဲ့ရှင်းရှင်းပြောရမယ်ဆိုရင်.... ရှင်ဟာ ကျွန်မတို့လက်ထဲမှာရောက်နေပါပြီ"

ယွခက်ကပြောပြီး လက်ခုပ်တစ်ချက်တီးလိုက်သည်။

ယွခက်နှင့်မလှမ်းမကမ်းတွင်ရှိသော ချုံပုတ်ကြီးတစ်ခု၏ နောက်မှ အမျိုးသမီးသုံးယောက်ထွက်လာသည်။ ထိုအမျိုးသမီးသုံးယောက်အနက် တစ်ယောက်မှာရန်ရှန်ဖြစ်သည်။

ရန်ရှန်ကို လက်ပြန်ကြိုးတုပ်ထားသည်။

ရန်ရှန်၏ မျက်နှာနှင့်ကိုယ်ခန္ဓာပေါ်တွင်လည်း ဒဏ်ရာဒဏ်ချက်များကိုတွေ့ရသည်။ ရန်ရှန်ကိုအကြိတ်အနယ်တိုက်ပြီးမှ အမိဖမ်းခဲ့ခြင်းဖြစ်ကြောင်း ကြူးလန်းရှူအကဲခတ်မိသည်။

ရန်ရှန်ကိုဝဲယာညှပ်ကာ ဆွဲခေါ်ထုတ်လာကြသည့် အမျိုးသမီးမှာ ကို့ဆွေ့မေအမည်ခံကာ ကြူးလန်းရှူကိုလှည့်စားခဲ့သည့် ကွေ့ခက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲဘက်မှအမျိုးသမီးကိုမူ ကြူးလန်းရှ တစ်ခါမျှမမြင်ဖူးသေးပေ။

"ရန်ရှန်ဟာ ရှင်နဲ့အတူတူထွက်လာကြတာဆိုတော့ သူ့အပေါ်မှာ အန္တရာယ်တစ်ခုခုကျရောက်ခဲ့မယ်ဆိုရင် ရှင့်အတွက်မကောင်းဘူး"

ယူခက်က လေသံအေးအေးနှင့်ပြုံး၍ပြောလိုက်သည်။

ပြုံးပြုံးရယ်ရယ်ပြောနေသော်လည်း ယူခက်၏စကားဝယ်ခြိမ်းခြောက်မှုအပြည့်ပါကြောင်းကို နားလည်လိုက်သည်။

"ခင်ဗျားတို့ ဘာလိုချင်ကြသလဲဆိုတာသာပြောပါ"

ကြူးလန်းရှက အံကြိတ်ကာပြောသည်။

သူသည် ရန်ရှန်ကို မနှစ်သက်သော်လည်း မိုးနတ်မယ်အဖွဲ့၏ဖမ်းဆီးခြင်းခံထားရသည်ကိုမူ မကြည့်ရက်ပေ။

ရန်ရှန် ဘေးဒုက္ခရောက်မည်ကိုလည်း မလိုလားပေ။

"လွယ်ပါတယ်... ရှင် ကျွန်မတို့ကမ်းလှမ်းတာကို လက်ခံပြီး မိုးနတ်မယ်အဖွဲ့ရဲ့ရွှေပိတုန်းမင်းသားလုပ်ရင် ရန်ရှန်ကို အခုချက်ချင်းလွှတ်ပေးမယ်၊ မဟုတ်ရင်တော့ ရန်ရှန်အသက်ပျောက်ပြီသာမှတ်ပေတော့"

ယူခက်က ပြန်ပြောသည်။

ကြူးလန်းရှ ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။



"ကြူးလန်းရှ သူတို့ပြောတာကိုလက်မခံနဲ့ ကျွန်မအတွက်လဲ ဘာမှမပူနဲ့ သူတို့ကို အသေသာတိုက်ပစ်လိုက်စမ်း... အားလား... လား"

ရန်ရှန်က ကြားဝင်ကာပြောသည်။ ထိုသို့ပြောနေဆဲဝယ် ကွေ့ခက်က ရန်ရှန်၏ဝမ်းဗိုက်ကိုလက်ဝါးဖြင့် ခပ်ဆတ်ဆတ် ရိုက်လိုက်ရာ ရန်ရှန်သည် စကားပင်မပြောနိုင်ဘဲ နာကျင်စွာအော်လိုက်ရသည်။

"မင်းပါးစပ်ပိတ်ထားစမ်း... နောင်တစ်ခါ ဝင်ပြောရင် ဒီ့ထက်နာမယ်"

ကွေ့ခက်က လေသံမာမာဖြင့်ခြောက်လှန့်လိုက်သည်။

"အို... လုပ်ချင်တာလုပ်... ကျွန်မ မကြောက်ဘူး၊ ကြူးလန်းရှ ကျွန်မပြောတဲ့အတိုင်း သူတို့ကို အသေတိုက်ခိုက်ပစ်လိုက်စမ်းပါ"

ရန်ရှန်က ဆက်လက်၍အော်ပြောသည်။

"ခင်ဗျားတို့နဲ့ပူးပေါင်းသင့်မသင့်မဆုံးဖြတ်ခင် ခင်ဗျားတို့ရဲ့သိုင်းပညာကို အရင်ကြည့်စမ်းပါရစေဦး၊ ကျုပ် သိုင်းပညာထက်မြက်တဲ့လူတွေနဲ့ပူးပေါင်းချင်တယ်"

ကြူးလန်းရှက ကြားဝင်ကာပြောသည်။

"ကောင်းပါပြီ... ရှင် စမ်းကြည့်ချင်ရင်လဲ ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ယူခက်က ကြူးလန်းရှ၏စိန်ခေါ်မှုကိုလက်ခံကာ ကျော တွင်လွယ်ထားသောဓားအိမ်မှဓားရှည်ကို ဆွဲထုတ်လိုက်သည်။

"ကိုင်း... ဘယ်သူအရင်စမှာလဲ"

ယူခက်က ဓားရှည်ကိုအသင့်ပြင်ကာ သိုင်းကွက်နင်းရင်း ပြောသည်။

"ကျုပ်က အမျိုးသမီးတွေကိုဦးစားပေးပါတယ်၊ ခင်ဗျား အရင်စပါ"

ကြူးလန်းရှ ဤသို့ပြန်ပြောပြီး ဓားရှည်ကိုဆွဲထုတ်လိုက် သည်။

"ကိုင်း... လာပြီ"

စကားသံနှင့်အတူ ယူခက်၏ဓားချက်သုံးချက်ဝင်လာ သည်။ သိုင်းကွက်တစ်ကွက်အတွင်း၌ ဓားချက်သုံးချက်ကို ဆ တိုက်သုံးလိုက်ခြင်းဖြစ်သည်။ ခုတ်ချက်များမှာ သွက်သလော သေသပ်ကာလှပသည်။

ပန်းပွင့်သုံးပွင့်နှင့်ပစ်ပေါက်လိုက်သည့်နှယ် ထင်ရသည် ဓားချက် သုံးချက်စလုံးက ကြူးလန်းရှ၏ ကိုယ်ခန္ဓာအပေါ်ပိုင်း သေကွင်းသေကွက်နေရာများကို လွှမ်းခြုံခြိမ်းခြောက်ထားသည်

တိုက်ခိုက်လာသည့်သိုင်းကွက်မှာ အဆင့်မြင့်လှသည် တွက် ယူခက်၏ သိုင်းပညာအစွမ်းအစမသေးကြောင်း....



ကြူးလန်းရှအကဲခတ်မိသည်။

ပေါ့ပေါ့ဆဆလုပ်၍မဖြစ်ကြောင်းလည်း နားလည်လိုက် သည်။ ကြူးလန်းရှသည် ညာခြေကိုဘယ်ဘက်သို့တစ်ကွက်လှမ်း ကာ ကိုယ်ခန္ဓာကိုလည်း ညာဘက်သို့အသာတိမ်းပေးလိုက်သည်။

တစ်ပြိုင်တည်းမှာပင်....

ညာလက်ရှိဓားကို စက်ဝိုင်းသဏ္ဍာန်လွှဲခုတ်၍ ယူခက်၏ ဓားပန်းသုံးပွင့်ကို ချေဖျက်ခုခံလိုက်သည်။ ယူခက်က ဓားသွားချင်း အထိမခံ။ သူ၏ဓားရှည်ကို ပြန်ရုပ်သိမ်းလိုက်သည်။

ထို့နောက်.... ချက်ချင်းဆိုသလိုပင် ဒုတိယသိုင်းကွက်ကို ပြောင်းကာ ဆက်လက်တိုက်စစ်ဆင်သည်။ ယူခက်၏ ဓားဖျား သည် မြွေတစ်ကောင်ပေါက်လိုက်သည့်နှယ် လျင်မြန်သောအဟုန် ဖြင့် ကြူးလန်းရှ၏ လည်မျိုသို့တန်းဝင်လာသည်။

ကြူးလန်းရှက ဓားရှည်ကိုဝိုက်ကာ ခုခံချေပသည်။

ကြူးလန်းရှ၏ ဓားရိုပ်ဓားရောင်များမှာ ယပ်တောင်ဖြန့် ကြက်သလိုဖြစ်ကာ ကိုယ်ခန္ဓာအပေါ်ပိုင်းတစ်ခုလုံးကို လွှမ်းခြုံကာ ကွယ်ထားသည်။

ယူခက်၏ဓားချက်မှာ ကြူးလန်းရှ၏ ခုခံတားဆီးထား သောဓားယပ်တောင်ကိုမကျော်လွှန် မထိုးဖောက်နိုင်ပေ။

ယူခက်သည် ဓားကွက်ကိုရုပ်သိမ်းပြီး....

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်သည်။

အကွက်ကောင်းပေါ်ပေါက်လာပြီမို့ ကြူးလန်းရှုသည် ချက်ချင်းပင် တန်ပြန်တိုက်စစ်ဆင်သည်။

ကြူးလန်းရှု၏ဓားချက်များသည် ပင်လယ်လှိုင်းလုံးများပမာ တစ်ခုကိုတစ်ခုအားပြုကာ တစ်ချက်ပြီးတစ်ချက် ဆက်တိုက်လိမ့်ဝင်လာသည်။ ယူခက်မှာ အားအင်ပြင်းထန်စွာတိုးဝင် တိုက်ခိုက်လာသော ကြူးလန်းရှု၏ဓားချက်များကိုခုခံရင်း နောက်သို့ ခြေတစ်လှမ်းဆုတ်ပေးရပြန်သည်။

ယူခက်မှာ ကြူးလန်းရှုကိုတန်ပြန်တိုက်စစ်မဆင်နိုင်တော့ ကြူးလန်းရှု၏ပြင်းထန်သောဓားချက်များကို အသေအလဲခုခံ ကာကွယ်ရင်း နောက်သို့တစ်ဆုတ်တည်းဆုတ်နေရသည်။

ကြူးလန်းရှုသည် ယူခက်ကိုလက်ရဖမ်းပြီး ရန်ရှန်နှင့် အလဲအလှယ်လုပ်ရန်စိတ်ကူးထားသည်။

ထို့ကြောင့် ဓားချက်သွက်သွက်ဖြင့် ယူခက်ကိုပြေးမထွက်သာအောင် လွှမ်းခြုံထား၏။ ဘေးမှရပ်ကြည့်နေသောကွေ့ခက်သည် ယူခက်၏အခြေအနေမဟန်တော့မှန်း ရိပ်မိလာသည်။

"ယူခက်... ဘာမှမပူနဲ့ ကျွန်မဝင်ကူပေးမယ်"

ကွေ့ခက်ကအော်ဟစ်ပြောဆိုပြီး ကျားပွတ်ပျော့ကိုထုတ်ယူကာ တိုက်ပွဲအတွင်းသို့ခုန်ဝင်လာသည်။



ကွေ့ခက် အချိန်မီဝင်ကူညီသောကြောင့် ယူခက်၏အခြေအနေ အတော်တန်သွားသည်။ ကြူးလန်းရှု၏ တိုက်စစ်မှာလည်း အနည်းငယ်တုံ့ဆိုင်းသွားသည်။

သို့သော် ကြူးလန်းရှု၏ သိုင်းပညာမှာ မဟူရာမြားကညာများထက် များစွာသာလွန်သည်ဖြစ်ရာ နှစ်ယောက်တစ်ယောက်ရင်ဆိုင်တိုက်ခိုက်နေရသည့်ကြားမှပင် ယူခက်နှင့်ကွေ့ခက်တို့ကို အုပ်စီးလာနိုင်သည်။

ယူခက်နှင့်ကွေ့ခက်တို့သည် ကြူးလန်းရှုနှင့်သိုင်းကွက် (၂၅)ကွက်ခန့်သာ အကြိတ်အနယ်ရင်ဆိုင်တိုက်ခိုက်နိုင်သည်။

နောက်ပိုင်းတွင် ကြူးလန်းရှုက အသာစီးရလာသည်။

နောက်ထပ်သိုင်းကွက် (၁၀)ကွက်ခန့်တိုက်ခိုက်ပြီးလျှင် ကြူးလန်းရှုအနေဖြင့် မဟူရာမြားကညာနှစ်ယောက်စလုံးကို အမိအရဖမ်းနိုင်တော့မည်။

"ကြူးလန်းရှု ရှေ့ချည်းပဲမမနေနဲ့၊ နောက်ဘက်မှာ ဘာတွေဖြစ်နေတယ်ဆိုတာလှမ်းကြည့်လိုက်ပါဦး"

ရန်ရှန်၏ အနီး ရပ်စောင့်ကျန်နေရစ်ခဲ့သောအမျိုးသမီးက ကြူးလန်းရှုကိုလှမ်းပြောသည်။ ကြူးလန်းရှုသည် ယူခက်တို့ကို ဖိတိုက်နေရင်း နောက်သို့တစ်ချက်ခေါင်းငဲ့ကြည့်လိုက်သည်။

မြင်လိုက်ရသောမြင်ကွင်းကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှု အကြီးအကျယ်ထိတ်လန့်သွားသည်။

ချက်ချင်းပင်... တိုက်ခိုက်မှုကိုရပ်ကာ နောက်သို့ခုန်ဆုတ်လိုက်သည်။ ကြူးလန်းရှု မြင်လိုက်ရသောမြင်ကွင်းမှာလည်း ထိတ်လန့်စိုးရိမ်စရာကောင်းလှသည်။

တောင်ကုန်းလေး၏ အောက်ဘက်နားဝယ် စောင့်ကျန်နေရစ်ခဲ့သောလောင်ရှောက်မေမှာ အမျိုးသမီး နှစ်ယောက်၏ ချုပ်ဖမ်းထားခြင်းကိုခံနေရသည်။

အမျိုးသမီးတစ်ယောက်က လောင်ရှောက်မေ၏ လက်မောင်းကို ဆုပ်ကိုင်ချုပ်ဖမ်းထားသည်။ ကျန်တစ်ယောက်က လောင်ရှောက်မေ၏ လည်မျိုကို ဓားမြှောင်ဖြင့်ထောက်ထားသည်။

"အဲဒီမိန်းကလေးဟာ လက်နက်စကြာ လောင်စီပိုက်ရဲ့ သမီးဖြစ်တယ်၊ သူနဲ့ခင်ဗျားတို့နဲ့ ဘယ်လိုမှမပတ်သက် မသက်ဆိုင်ဘူး၊ သူ့ကိုဘာကြောင့်ဖမ်းချုပ်ရတာလဲ"

ကြူးလန်းရှုက ယွှခက်ကိုလှမ်းမေးသည်။

"ဆိုင်ဆိုင်မဆိုင်ဆိုင် လိုအပ်တယ်ထင်လို့ဖမ်းတာပဲ၊ ကဲ... ရှင့်လက်ကဓားကိုချလိုက်ပါ၊ မဟုတ်ရင် လောင်ရှောက်မေရဲ့ မျက်နှာကို ဓားနဲ့အမွှန်းခိုင်းလိုက်မယ်"

ယွှခက်လှောင်ပြုံးပြုံးပြီးပြောသည်။

ကြူးလန်းရှု ဘာမှားတတ်နိုင်ပါဦးမည်နည်း။



သက်ပြင်းရှည်တစ်ချက်မှုတ်ထုတ်ပြီး လက်တွင်ကိုင်ထားသောဓားရှည်ကို မြေကြီးပေါ်ပစ်ချလိုက်သည်။

"ဒီလိုလိမ္မာမှပေါ့ရှင့်"

ကွေ့ခက်က ခနဲ့တဲ့တဲ့ပြောသည်။

"ကဲ... ကျုပ်ခင်ဗျားတို့ဆီမှာလက်နက်ချပြီးအဖမ်းခံမယ်၊ ရန်ရှန်နဲ့လောင်ရှောက်မေတို့ကို ပြန်လွှတ်ပေးပါ"

ကြူးလန်းရှုကပြောသည်။

"ရှင့်အနေနဲ့အဖမ်းခံစရာမလိုပါဘူး၊ ကျွန်မတို့ကမ်းလှမ်းထားတဲ့အတိုင်း ရွှေပီတုန်းမင်းသားလုပ်ဖို့ သဘောတူလိုက်ရင် ပြီးတာပါပဲ"

ယွှခက်ကပြန်ပြောသည်။

"ခင်ဗျားတို့က အစဉ်းအကျပ်ကိုင်တောင်းဆိုလို့ ကျုပ်က မလွှဲမရှောင်သာဘဲ ခင်ဗျားတို့ရဲ့အဖွဲ့ထဲကိုဝင်ပြီဆိုပါတော့၊ ကျုပ်အနေနဲ့ခင်ဗျားတို့ရဲ့အကျိုးကို စိတ်ပါလက်ပါနဲ့လုပ်ပေးမယ်လို့ ခင်ဗျားတို့ကမျှော်လင့်ထားသလား"

"ဒီလိုတော့မမျှော်လင့်ပါဘူး၊ ရှင့်ကိုလဲ ချက်ချင်းယုံကြည်စိတ်ချမှာမဟုတ်ပါဘူး၊ ရှင့်ကိုလက်တွေ့စမ်းသပ်မှုတွေလုပ်ပြီးမှ စိတ်ချယုံကြည်ရတဲ့အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုမှာပါ"

"ခင်ဗျားတို့က ဘယ်လိုစမ်းသပ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ပထမအချက်အနေနဲ့ ကျွန်မတို့ရဲ့မိုးနတ်မယ်အဖွဲ့ထဲကို ရှင့်ဘာသာရှင် ကိုယ့်သဘောနဲ့ကိုယ် ဝင်ပါတယ်ဆိုတဲ့အကြောင်း စာနဲ့ရေးပြီး ရှင်ကိုယ်တိုင်လက်မှတ်ထိုးရမယ်၊ စာထဲမှာ ရွှေပိတုန်းမင်းသားလုပ်ဖို့သဘောတူလက်ခံကြောင်း မိုးနတ်မယ်အဖွဲ့အပေါ်မှာ သစ္စာရှိရှိနဲ့ပေးအပ်တဲ့အမိန့်အားလုံးကို နာခံလုပ်ဆောင်မှာဖြစ်တဲ့အကြောင်း၊ သစ္စာဖောက်ရင် ကြီးလေးတဲ့အပြစ်ဒဏ်ကိုခံယူမယ်ဆိုတဲ့အကြောင်းတွေ ပြည့်ပြည့်စုံစုံရေးပေးရမယ်"

ဤသို့ပြောပြီးနောက် ယွန်းခက်သည် အသင့်ယူဆောင်လာသောစက္ကူတစ်ရွက်နှင့် စုတ်တံမင်အိုးတို့ကိုထုတ်ပေးသည်။

ငြင်းပယ်၍မရတော့သောအခြေသို့ရောက်နေပြီမို့ ကြူးလန်းရှုသည်စုတ်တံတွင် မင်တို့ကာ ယွန်းခက်ပြောသည့်အတိုင်း စာရွက်ပေါ်တွင်ရေး၍ လက်မှတ်ရေးထိုးလိုက်သည်။

"ကဲ... ရော့"

လက်မှတ်ရေးထိုးပြီးနောက်... ကြူးလန်းရှုက စာရွက်ကို ယွန်းခက်ထံပစ်ပေးလိုက်သည်။ ယွန်းခက်က စာကိုဖတ်ကြည့်ကာ ခေါင်းညိတ်ပြီး ခေါက်သိမ်းထားလိုက်သည်။

"ကိုင်း... ရှေ့ဆက်ဘာလုပ်ရဦးမလဲ"

"ဒုတိယအချက်ကတော့ လူတစ်ယောက်ကိုသုတ်သင်ပေးဖို့ပါပဲ"



ယွန်းခက်က ပြောသည်။

"ဘာလဲ... ခင်ဗျားတို့က ကျုပ်ကိုပြစ်မှုကျူးလွန်ခိုင်းမလို့လား"

ယွန်းခက်ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်... ဒီလိုလုပ်ပြမှ ရှင်ဟာ ကျွန်မတို့ရဲ့အမိန့်ကို တကယ်နာခံ မနာခံသိနိုင်မှာပေါ့၊ ရှင်သုတ်သင်ရမယ့်လူက လူကောင်းတစ်ယောက်မဟုတ်ပါဘူး၊ သူတစ်ပါးအပေါ် လူညွန့်ရူးပြီး မတရားစီးပွားရှာနေတဲ့ကုန်သည်ဆိုးတစ်ယောက်ပါ၊ ဒီလူသေသွားရင် လူဆင်းရဲတွေအတွက် အမှိုက်တစ်ခုရှင်းပစ်လိုက်သလိုဖြစ်သွားမှာပါပဲ"

"ဘယ်လိုပဲဖြစ်ဖြစ်ပါ ကျုပ်အနေနဲ့ လူသတ်သမားဖြစ်သွားမှာကတော့ အမှန်ပါပဲ"

"ဒါက ကျွန်မတို့အဖွဲ့ရဲ့စည်းကမ်းချက်ပဲ၊ ကျွန်မခိုင်းတာလုပ်နိုင်မှ ရှင့်ကိုအဖွဲ့ဝင်အဖြစ်ယုံကြည်စိတ်ချရမယ်"

"ကုန်သည်ဆိုးကြီးဆိုတာက ဘယ်သူလဲ ပြောစမ်းပါဦး"

"ဟုန်ရှရန်လို့ခေါ်တယ်... သူက ငေါ့ကျူးမြို့ထဲမှာနေပြီး အပေါင်ဆိုင်တစ်ဆိုင်ရယ် ကုန်မျိုးစုံဆိုင်တစ်ဆိုင်ရယ် ဖွင့်ထားတယ်၊ အပေါင်ဆိုင်က အတိုးကြီးယူပြီး ကုန်မျိုးစုံဆိုင်ကျတော့ အမြတ်ကြီးစားတယ်၊ ငွေမျက်နှာကိုပဲကြည့်ပြီး ကိုယ်ကျိုးရှာနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်ဆိုးတစ်ယောက်ဖဲ၊ သူ့ကိုတစ်မြို့လုံးက အောနလုံးနာနေကြတယ်၊ ရှင့်အနေနဲ့ ဟုန်ရှရန်ကို သုတ်သင်ပြီးရင် ဝေါ့ကျူးမြို့အရှေ့ဘက် မိုင်နှစ်ဆယ်အကွာမှာရှိတဲ့ ဒေါင်းဖြူဇရပ်ကိုလာခဲ့ပါ၊ ကျွန်မတို့ အဲဒီမှာစောင့်နေမယ်… ရှင်တာဝန်ကျေပွန်ကြောင်း ပြနိုင်တာနဲ့ ရန်ရှန်နဲ့လောင်ရှောက်မေတို့ကို လွှတ်ပေးမယ်"

"တကယ်လို့… မထင်မှတ်တဲ့အကြောင်းတစ်ခုခုကြောင့် ဟုန်ရှရန်ကို မသုတ်သင်နိုင်ဘူးဆိုရင်ကော"

"ဒီလိုဆိုရင်လဲ… နောက်တစ်ယောက်အစား လဲပေးရမှာပေါ့၊ ဒီလိုလဲပေးမယ့်လူက ဟုန်ရှရန်လို ကုန်သည်ဆိုးတစ်ယောက် မဟုတ်တော့ဘူး၊ လူကောင်းသူကောင်းတစ်ယောက် ဖြစ်လိမ့်မယ်"

"ကောင်းပြီလေ… သန်ဘက်ခါ ညသန်းခေါင်အချိန်ကို နောက်ဆုံးထားပြီး ဟုန်ရှရန်ကိုသုတ်သင်ပေးပါ့မယ်"

"ကဲ… ရှင့်ခါးကိုပြန်ကောက်ပြီးသွားနိုင်ပါပြီ"

ကြူးလန်းရှုသည် မြေကြီးပေါ်မှဓားရှည်ကိုကောက်ယူကာ ဓားအိမ်ထဲသို့ထည့်လိုက်သည်။ ရန်ရှန်နှင့် လောင်ရှောက်မေတို့ကိုတစ်ချက်ကြည့်ပြီးနောက် မြင်းပေါ်သို့ခုန်တက်ကာ ဝေါ့ကျူးမြို့ဘက်သို့ဒုန်းစိုင်းလာခဲ့သည်။

၀၀၀



ဝေါ့ကျူးမြို့သို့ရောက်သောအခါ… ကြူးလန်းရှုသည် တည်းခိုရိပ်သာတစ်ခုတွင် အခန်းတစ်ခန်းငှားလိုက်သည်။ စိတ်ပင်ပန်း လူပင်ပန်းဖြစ်ခဲ့ရသောကြောင့် အစားအစာများ မှာယူကာ အားရပါးရစားသောက်ပြီး ခဏအနားယူအိပ်စက်သည်။

တရေးတမောအိပ်ပြီး ညနေစောင်းလောက်တွင် အိပ်ရာမှနိုးလာ၏။ ထိုအခါမှ လူလည်းလန်းလန်းဆန်းဆန်းရှိလာသည်။

ကြူးလန်းရှုသည် အခန်းကိုတံခါးပိတ်ထားခဲ့ပြီးနောက် မြို့ထဲတွင်လှည့်လည်သွားလာရင်း ကုန်သည်ဟုန်ရှရန်အကြောင်းကို လိုက်လံစုံစမ်းသည်။

BURMESE CLASSIC

ဟုန်ရှရန်မှာ အတိုးကြီးစား အမြတ်ကြီးစား ကိုယ်ကျိုးကိုသာကြည့်သောဝိသမလောဘသား ကုန်သည်တစ်ယောက်ဖြစ်ကြောင်းသိရသည်။

ထို့ပြင်…. ဟုန်ရှရန်သည် မိခင်အိုကြီးကို အလေးဂရုပြုပြုစုစောင့်ရှောက်နေသူဖြစ်ကြောင်းကိုလည်း သိခဲ့ရပြန်သည်။

ကုန်သည်ဆိုးတစ်ယောက်ဖြစ်သည်မှာ မှန်သော်လည်း မိဘကျေးဇူးသိတတ်သောလူတစ်ယောက်လည်း ဖြစ်နေပြန်သောကြောင့် ကြူးလန်းရှုသည် ဟုန်ရှရန်ကိုသုတ်သင်ပစ်ရန်အမှန်ပင် ဝန်လေးသွားသည်။

နောက်ဆုံးတွင်….

www.burmeseclassic.com

www.burmeseclassic.com



တည်းခိုရိပ်သာသို့ပြန်ကာ အေးအေးဆေးဆေးအနားယူရင်းစဉ်းစားဆုံးဖြတ်ရန်စိတ်ကူးရသောကြောင့် တည်းခိုခန်းဘက်သို့လှည့်ပြန်လာခဲ့သည်။

တည်းခိုခန်းတံခါးကိုဖွင့်ပြီး အတွင်းသို့ဝင်လိုက်သည်နှင့် ကြူးလန်းရှမှာ မျက်လုံးပြူးကာ အံ့အားသင့်သွားလေသည်။

အခန်းထဲရှိထိုင်ခုံတွင် ကျားဖြူမရှာယွင်ထိုင်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင်။

ကြူးလန်းရှမှာအံ့သြသည့်အပြင် အလွန်လည်းထိတ်လန့်သွားသည်။ ဤအတိုင်းဆိုလျှင်... ကျားဖြူမသည် ခရီးလမ်းတစ်လျှောက်လုံး မိမိတို့နောက်မှ နောက်ယောင်ခံကာ လိုက်ကြည့်နေခြင်းဖြစ်မည်ဟု ကြူးလန်းရှနားလည်လိုက်သည်။

မိမိက ရန်ရှန်ကိုလှည့်စားကာ နောက်ချန်နေရစ်ခိုင်းပြီး လောင်ရှောက်မေနှင့်တတွဲတွဲ သွားနေခဲ့ခြင်းမှစကာ ရန်ရှန်တစ်ယောက် မိုးနတ်မယ်အဖွဲ့၏လက်တွင်း၌ အဖမ်းခံနေရမှုအထိ ကျားဖြူမသိရှိပြီးဖြစ်မည်ကိုလည်း ကြူးလန်းရှတွေးမိသည်။

ဤကိစ္စအတွက်... မည်သို့ဖြေရှင်းပြောဆိုရမည်ကို ကြူးလန်းရှ မသိနိုင်တော့။ ကြံဖန်ကာ ပရိယာယ်ဆင်၍ပြောလျှင်လည်း ကျားဖြူမက ယုံကြည်လက်ခံမည်မဟုတ်။

သည်နေ့တော့...



ကျားဖြူမ၏လက်အောက်တွင် မိမိအသက် ဆုံးချင်ဆုံးရတော့မည်ဟုလည်း ကြူးလန်းရှတွေးမိသည်။

သို့သော် ကျားဖြူမ၏မျက်နှာကိုသေသေချာချာ အကဲခတ်လိုက်သောအခါတွင်မူ ဒေါသဖြစ်နေသောအမူအရာတွေ့ရဘဲ ခပ်ပြုံးပြုံးရှိနေသောကြောင့် ကြူးလန်းရှမှာ အနည်းငယ်စိတ်အေးသွားရလေသည်။

"အမေကြီးက... ကျွန်တော်တို့နောက်ကနေပြီး နောက်ယောင်ခံလိုက်ကြည့်နေတာလား"

ကြူးလန်းရှကကြိုးစားအားတင်းကာ ပြုံးရင်း မေးသည်။

ကျားဖြူမကခေါင်းညိတ်ပြသည်။

"ဒါဖြင့် လမ်းမှာဖြစ်ပျက်ခဲ့ပုံတွေကို အမေကြီးအကုန်သိပြီးပြီပေါ့"

ကြူးလန်းရှက အရဲစွန့်ကာထပ်ပြောသည်။

ကျားဖြူမကခေါင်းညိတ်ပြပြန်သည်။

"ရန်ရှန်အတွက်စိတ်ချပါ၊ သူ့ကိုလွတ်မြောက်အောင် အစွမ်းကုန်ဆောင်ရွက်ပေးပါ့မယ်"

"ငါက မင်းစိတ်ထဲမှာ လောင်ရှောက်မေပဲရှိနေတယ်မှတ်တာ၊ မင်းက ငါ့သမီးအတွက် ပူပင်ဖော်ရနေသေးတာကိုး"

ကျားဖြူမက ဤအခါတွင်မှစကားဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါကတော့ ဟိုဒင်း... အင်း... အမေကြီးကို ကျွန်တော် အစောကြီးကတည်းကပြောခဲ့ပြီးပြီပဲ၊ ဟို... ရန်ရှန်ကို ကျွန်တော် မေတ္တာမထားနိုင်ဘူးဆိုတာ အဲဒါကြောင့် ဟို... ဟို..."

"မင်းရဲ့အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ငါသဘော ပေါက်ပါတယ်၊ မင်းကိုအပြစ်မဆိုပါဘူး၊ မင်း လောင်ရှောက်မေ ကိုသဘောကျပြီး ယူချင်ယူပါ၊ ငါ့သမီးကအခြေအနေကို နားလည် ပြီး ပန်းတစ်ရာတောင်ကုန်းမှာအေးအေးချမ်းချမ်းပြန်နေဖို့ ဆုံးဖြတ် ရင် ငါကျေနပ်ပါပြီ၊ အဲဒီအခါကျရင်.... မင်းရဲ့ဗိုက်ထဲမှာရှိနေတဲ့ အဆိပ်ကောင်ကို ငါပြန်ထုတ်ပေးမယ်"

"တကယ်လို့ သူက ကျွန်တော်နဲ့မရမကလက်ထပ်ချင်နေ ရင်ကော"

"ဒီလိုဆိုရင်တော့.... မင်း သူ့ကိုလက်ထပ်ယူရမယ်၊ ကဲလေ... ဒါတွေခဏထားလိုက်ပါဦး၊ ရန်ရှန်ကိုကယ်တင်နိုင်ဖို့ မင်းဘယ်လိုလုပ်မယ်စိတ်ကူးသလဲ"

"ဟုန်ရှရန်ဆိုတဲ့ ကုန်သည်ဆိုးတစ်ယောက်ကို သုတ်သင် နိုင်ရင် ရန်ရှန်ကိုကော လောင်ရှောက်မေကိုပါ ပြန်လွှတ်ပေးမယ်လို့ မိုးနတ်မယ်အဖွဲ့ကပြောထားတယ်"

"မင်း ဟုန်ရှရန်ကိုသုတ်သင်ပြီးပြီလား"

"ဟင့်အင်း... မသုတ်သင်ရသေးပါဘူး"



"ဒါဖြင့်ရင် ရန်ရှန်ကိုကယ်တင်နိုင်မဲ့ တခြားနည်းလမ်း တစ်ခုခုကိုများ စဉ်းစားမိထားလို့လား"

"ဟင့်အင်း မစဉ်းစားမိသေးပါဘူး"

"ဒီလိုဆိုရင် ဟုန်ရှရန်ကို ဘာကြောင့် မသုတ်သင်သေး တာလဲ"

"အင်း... အမှန်အတိုင်းဝန်ခံရရင် ဟုန်ရှရန်ဟာ မသုတ် သင်ထိုက်တဲ့လူတစ်ယောက်လို့ထင်မိလို့ပါ"

"ကိုယ်ကျိုးကိုသာကြည့်ပြီး အတိုးကြီးစားနေတဲ့ကုန်သည် ဆိုးတစ်ယောက်ဟာ အသုတ်သင်မခံထိုက်ဘူးလား"

"ဟုန်ရှရန်က ကုန်သည်ဆိုးကြီးတစ်ယောက်ဖြစ်ပေမယ့် မိခင်ကိုရိုသေလေးစားပြီး ပြုစုစောင့်ရှောက်နေတဲ့သားလိမ္မာ တစ် ယောက်လဲဖြစ်နေပါတယ်"

"မင်း ဒီလိုပဲစဉ်းစားမယ်ဆိုတာ ငါက ကြိုတင်တွက်ထား ပြီးသားပါ၊ ဒါကြောင့်... မင်းကိုယ်စား ဟုန်ရှရန်ကို ငါသုတ်သင်ခဲ့ ပြီးပြီ"

"အမေကြီးက ကျွန်တော်တို့ကိုကူညီပေးချင်ရင် ရန်ရှန်ကို မိုးနတ်မယ်အဖွဲ့ဖမ်းဆီးတဲ့အခါတုန်းက ဘာကြောင့် ဝင်ပြီးမစွက် ဖက် မကူညီဘဲကြည့်နေခဲ့တာလဲ"

ကြူးလန်းရှုက အတွေးရခက်ဟန်ဖြင့်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရန်ရှန်ဟာ ပန်းတစ်ရာတောင်ကုန်းမှာပဲနေထိုင်ကြီးပြင်းလာခဲ့ရတော့ ပြင်ပဗဟုသုတအတွေ့အကြုံနည်းတယ်... လောကအကြောင်းကိုနားမလည်ဘူး၊ ဒါကြောင့်... အကျဉ်းအကျပ်အခက်အခဲနဲ့တွေ့ပြီး လောကအကြောင်းနားလည်သင့်သလောက် နားလည်စေချင်လို့ လက်မိုက်ကြည့်နေခဲ့တာပဲ၊ အခုတော့ ငါဝင်ပြီး မစွက်ဖက် မကူညီရင် သမီးရန်ရှန် ဒုက္ခတွေ့တော့မှာမို့ ဝင်ကူညီပေးရတာပါ"

"ဒေါင်းဖြူဇရပ်ကို အမေကြီးလိုက်ခဲ့ဦးမလား"

"မင်းနဲ့အတူတူ မြောင်တော့ မလိုက်ဘူး၊ နောက်ကနေတိတ်တဆိတ်ပဲလိုက်လာခဲ့မယ်၊ လိုအပ်တဲ့အချိန်မှာတော့ မင်းတို့ကိုအကူအညီပေးပါ့မယ်၊ ကဲ... မင်း အခုချက်ချင်းပဲမြို့ပြင်ကိုထွက်တာကောင်းလိမ့်မယ်၊ အချိန်ကြာသွားရင် ဟုန်ရှရန်အသတ်ခံရတာ လူတွေသိကုန်ပြီး တစ်မြို့လုံး အုတ်အုတ်ကျက်ကျက်ဖြစ်ကုန်လိမ့်မယ်"

ကျားဖြူမက ဤသို့ပြောပြီး ပြတင်းပေါက်မှခုန်ကျော်ကာထွက်သွားသည်။ ကြူးလန်းရှုကလည်း ကျားဖြူမ၏သတိပေးစကားအတိုင်း ချက်ချင်းပင် ငေါ့ကျူးမြို့မှထွက်လာခဲ့သည်။

၀၀၀



ညဥ့်သန်းခေါင်ယံအချိန်တွင် ကြူးလန်းရှုသည် ဒေါင်းဖြူဇရပ်သို့ရောက်ရှိသွားသည်။ ဒေါင်းဖြူဇရပ်မှာ ခမ်းနားကြီးကျယ်သောဇရပ်ကြီးတစ်ဆောင်ဖြစ်သော်လည်း ပြုပြင်မည့်သူမရှိဘဲ ပျက်စီးယိုယွင်းနေသောကြောင့် အကျည်းတန်၍နေသည်။

ဇရပ်တည်ရှိရာနေရာမှာလည်း... အတော်ခေါင်သောကြောင့် ကြူးလန်းရှုရောက်ရှိသွားသော ညဥ့်သန်းခေါင်ယံအချိန်တွင် ဇရပ်အနီးဝန်းကျင်၌ မည်သူ့မျှမရှိပေ။

ဇရပ်အိုကြီးမှာ မှောင်ထဲဝယ် ငြိမ်သက်၍နေသည်။

ကြူးလန်းရှုက မြင်းကို ဇရပ်ရှေ့ဝယ်ရပ်လိုက်သည်။

ထို့နောက်.... မြင်းပေါ်မှဆင်းပြီး ဇရပ်ဆီသို့ လျှောက်လှမ်းလာခဲ့၏။ ဇရပ်ထဲ၌ကျိုးပဲ့နေသောကျောက်စားပွဲနှင့်ကျောက်ထိုင်ခုံများရှိသည်။ ကြူးလန်းရှုသည် ကျောက်ထိုင်ခုံတစ်ခုပေါ်ဝယ်ထိုင်ချမည်အပြုတွင် မှောင်ရိပ်ထဲမှစကားသံတစ်ခုပေါ်လာသည်။

"ကြူးလန်းရှု ရှင်အစောကြီးရောက်လာတာကိုး"

စကားသံနှင့်အတူ ကြူးလန်းရှုရှေ့သို့လူရိပ်သဏ္ဌာန်တစ်ခု လှစ်ခနဲရောက်လာသည်။ ယူခက်ပင်ဖြစ်သည်။

"ခင်ဗျားတို့ခိုင်းလိုက်တဲ့အတိုင်း ဟုန်ရှရန်ကိုသုတ်သင်ပြီးပါပြီ၊ ဟုတ်မဟုတ် ခင်ဗျားကိုယ်တိုင်စုံစမ်းစစ်ဆေးကြည့်ပါ"

ကြူးလန်းရှုကပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"စစ်ဆေးကြည့်စရာမလိုပါဘူး... ရှင်တာဝန်ကျေခဲ့မယ်ဆိုတာ ကျွန်မယုံပါတယ်"

"ဒါဖြင့်.... လောင်ရှောက်မေနဲ့ရန်ရှန်တို့ကို လွှတ်ပေးပေတော့"

"ဝမ်းနည်းပါတယ်... သူတို့ကို လွှတ်မပေးနိုင်သေးပါဘူး"

"ဒါက ဘယ်လိုသဘောလဲ... ဟုန်ရှရန်ကိုသုတ်သင်ပေးနိုင်ရင် သူတို့ကိုလွှတ်ပေးမယ်ဆို... ကိုယ်ပြောထားတဲ့စကားကိုမေ့နေပြီလား"

"ဟုန်ရှရန်ကို ရှင်ကိုယ်တိုင်သုတ်သင်လာခဲ့ရင် ရန်ရှန်နဲ့လောင်ရှောက်မေတို့ကိုလွှတ်ပေးမယ်လို့ပြောခဲ့တာပါ၊ ဒါပေမဲ့ ဟုန်ရှရန်ကို ရှင်ကိုယ်တိုင် မသုတ်သင်ခဲ့ပါဘူး၊ ရှင်းရှင်းပြောရရင် ကျွန်မတို့က ဟုန်ရှရန်ကို ဒီလောက်အရေးမထားပါဘူး၊ ရှင့်အနေနဲ့ ကျွန်မတို့စေခိုင်းတဲ့တာဝန်ကျေပွန်မကျေပွန်ဆိုတာကိုသာ အဓိကထားတာပါ"

ကြူးလန်းရှ ငြိမ်နေသည်။ ဘာမျှပြန်မပြော။

ဘာပြန်ပြောရမည်မှန်လည်းမသိ။

"ရှင် ကျွန်မတို့ကိုလှည့်စားလို့ရမယ်များထင်နေသလား၊ ဒီလိုထင်ရင် ရှင်မှားမှာပေါ့"

ယူခက်ကပြောသည်။



"ခင်ဗျားတို့က ကျူပ်ရဲ့လှုပ်ရှားမှုတွေကို နောက်ယောင်ခံလိုက်ကြည့်နေကြတာကိုး"

"ဟုတ်ပါတယ်... ရှင့်ကိုမှ စိတ်မချရသေးတာ၊ ဒီအတိုင်းဘယ်လွှတ်ထားမှာလဲ၊ ရှင် ဘာလုပ်နေတယ်ဆိုတာတင်မကဘူး၊ ျားဖြူမ ဘယ်နေရာမှာရှိတယ်ဆိုတာကိုပါ သိထားပါတယ်"

ကြူးလန်းရှ အံ့သြသွားသည်။ ယူခက်တို့လူစုသည် သူ ၁င်မှတ်ထားသည်ထက်ပင် အကွက်ပိုစိပ်နေပါလား။

ကျားဖြူမ မိမိ၏နောက်မှတိတ်တဆိတ် လျှို့ဝှက်စွာလိုက် လာသည်ကို ကြူးလန်းရှသိသော်လည်း မည်သည့်နေရာဝယ်ရှိ ကြောင်းကိုမူ မသိပေ။

"ကျားဖြူမ အခုဘယ်မှာရှိသလဲ"

ကြူးလန်းရှကတအံ့တသြမေးသည်။

"ဒီရေပ်ရဲ့အနောက်ဘက် ပေသုံးရာအကွာက ချုံဖုတ်ကြီး တက်မှာရှိနေပါတယ်"

"အခု ခင်ဗျားတို့က ရန်ရှန်နဲ့လောင်ရှောက်မေတို့ကိုသတ် ကြတော့မှာလား"

"မသတ်သေးပါဘူး... ရှင့်ကိုအခွင့်အလမ်းတစ်ခု နောက် ပေးပါဦးမယ်... ကျူတာ့စူးကိုသုတ်သင်ပြီး သူကိုင်ခဲ့တဲ့ ဓားကို သာပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်... ဘယ်သူ"

ကြူးလန်းရှုကအလန့်တကြားမေးသည်။

"ကျူ... တာ့... စူး"

ယူခက်က တစ်လုံးချင်းပြန်ပြောပြသည်။

"ကျင်တူးမြို့စားကြီးကျူတာ့စူးကိုပြောတာလား"

"မမှားဘူး... သူပါပဲ"

"ခင်ဗျားရှူးနေသလား"

ကြူးလန်းရှုက ယူခက်ကိုစိုက်ကြည့်ပြီး မေးလိုက်သည် ဟုတ်သည်။ မြို့စားကြီးကျူတာ့စူးကိုလုပ်ကြံသတ်ဖြတ်ရန် ကြ ရွယ်သူမှာ ရူးသွပ်သူသာဖြစ်သည်။

ထိုခေတ်ကာလမှာ... မန်ချူးကျူးကျော်ရေးသမားများ တရုတ်ပြည်ကြီးကိုကျူးကျော်စစ်ဆင်ကာ တိုက်နိုက်နေသော ချိန်ကာလဖြစ်သည်။

ဝမ်ပေါ့ကျိခေါင်းဆောင်သော အမျိုးသား သစ္စာဖောက်မှ က ကျူးကျော်ရေးသမားများကို အားပေးကူညီသည်။ ကျင်တူး မှာ အရေးကြီးသောနယ်မြေဒေသတစ်ခုဖြစ်သည်။

ထိုဒေသကိုထိုးဖောက်နိုင်ပါက... မန်ချူးကျူးကျော် သမားများနှင့် ဝမ်ပေါ့ကျိဦးဆောင်သောအမျိုးသားသစ္စာဖောက် အဖို့ တရုတ်ပြည်ထဲသို့စစ်ဆင်ဝင်ရောက်ရန် လမ်းစပွင့်သွား



ဖြစ်သည်။ မူလက ကျင်တူးမြို့နယ်ကို စစ်သူကြီးရန်ချိခိုင်က ဦးစီး ကွပ်ကဲခဲ့သည်။

ကြူးလန်းရှုသည်... ရန်ချိခိုင်ထံတွင် ကိုယ်ရံတော်သိုင်း သမားတစ်ယောက်အဖြစ်အမှုထမ်းခဲ့သည်။

ရန်ချိခိုင်ကျဆုံးပြီးနောက် ကျူတာ့စူးက ဆက်လက်ကွပ် ကဲခဲ့သည်။ ကြူးလန်းရှုမှာမူ ရန်ချိခိုင်ကျဆုံးပြီးနောက်တွင် သိုင်း လောကထဲဝယ်လှည့်လည်ကျက်စားနေခဲ့သည်။

မြို့စားကြီးကျူတာ့စူးလို လူတစ်ယောက်ကိုလုပ်ကြံသတ် ဖြတ်ရန် မိုးနတ်မယ်အဖွဲ့ကကြံစည်နေသည့်အတွက် ကြူးလန်းရှု အလွန်ဒေါသထွက်သွားသည်။ ထို့ကြောင့်လည်း ယူခက်ကိုရူးနေ သလားဟုမေးလိုက်မိခြင်းဖြစ်သည်။

"ကျွန်မတို့မရူးပါဘူး... ကျွန်မတို့ရဲ့ဦးနှောက်တွေက သိပ် ပြီး ကြည်လင်သန့်စင်ပါတယ်"

ယူခက်က ပြုံးရယ်၍ပြန်ဖြေသည်။

"နေပါဦး.... မြို့စားကြီးကျူတာ့စူးဟာ ဘယ်လိုလူစားမျိုး ဆိုတာ ခင်ဗျားသိရဲ့လား"

"သိတယ်... သူဟာ စစ်သူကြီးရန်ချိခိုင်ရဲ့လက်အောက် က အဖွဲ့ဦးစီးမှူးတစ်ယောက်ပါ၊ ရန်ချိခိုင်ကျဆုံးပြီး အဖွဲ့ ဖရဲ ခဲ့သွားတဲ့အခါမှာ သူက ဦးဆောင်စုစည်းပြီး ကျင်တူးမြို့မှာ အခိုင်

www.burmeseclassic.com

www.burmeseclassic.com



အမှားစောင့်ကြပ်တယ်၊ အဲဒီမှာပဲ တော်လှန်ရေးစခန်းဖွင့်ပြီး ဝမ်[illegible] ကျိအဖွဲ့ကိုခုခံတိုက်ခိုက်နေတယ်၊ တကယ်လို့.... ကျူတာ့စူးသ[illegible] မရှိရင် မင်မင်းဆက်ပျက်စီးသွားတာကြာပါပြီ"

"ဒီလိုသိထားလျက်နဲ့ ဘာကြောင့် ကျူတာ့စူးကိုလုပ်ကြံ[illegible] ကြံစည်ရတာလဲ၊ ခင်ဗျားဟာ တိုင်းပြည်ကိုရောင်းစားမယ့်သစ္[illegible] ဖောက်တစ်ယောက်ပဲ"

ကြူးလန်းရှုကဒေါသတကြီးပြောသည်။

"ဒီမယ် ကြူးလန်းရှု.... ရန်ရှန်နဲ့လောင်ရှောက်မေတို့န[illegible] ယောက် ကျွန်မတို့လက်ထဲမှာရှိနေတယ်ကြတာကိုမမေ့ပါနဲ့"

"အဲဒါဘာဖြစ်သလဲ... ခင်ဗျားက မြို့စားကြီးကျူတာ့စူး[illegible] လုပ်ကြံရင် ကျုပ်ခင်ဗျားကိုအရင်ရှင်းပစ်ရလိမ့်မယ်"

ပြောပြောဆိုဆို ကြူးလန်းရှုက ဓားရှည်ကိုဆွဲထုတ်လိုက[illegible] သည်။ ယွခက်သည် နောက်သို့ခုန်ဆုတ်သွားပြီး ရယ်မောက[illegible] ပြောသည်။

"လောင်ရှောက်မေဟာ ပျိုမျစ်နုနယ်ပြီး ချစ်စရာကောင[illegible] တဲ့မိန်းမလှလေးတစ်ယောက်ပါ၊ သူ့ ဒုက္ခရောက်မှာကို ရှင်ကြ[illegible] ရက်သလား"

"ကျုပ်က တိုင်းပြည်အကျိုးကိုပဲ ကြည့်တယ်၊ တိုင်းပြ[illegible] ကိုရောင်းစားရမယ့်သစ္စာဖောက်မျိုးကိုမလုပ်ဘူး"



"ရှင် တကယ်ပဲ ရန်ရှန်နဲ့လောင်ရှောက်မေတို့ရဲ့အသက် အန္တရာယ်ကိုအရေးမစိုက်တော့ဘူးလား"

"ဟုတ်တယ်... အရေးမစိုက်တော့ဘူး၊ ကျူတာ့စူးလို တိုင်းပြည်သားကောင်းတစ်ယောက်ကို ဘယ်နည်းနဲ့မှမလုပ်ကြံနိုင် ဘူး၊ ခင်ဗျားတို့ လောင်ရှောက်မေကိုသတ်ပစ်ရင် သူ့အဖေ လောင် စီပိုင်က ဒီအတိုင်းကြည့်နေမှာမဟုတ်ဘူး၊ ပြီးတော့ ရန်ရှန်ရဲ့အမေ ကျားဖြူမကလဲ ခင်ဗျားတို့ကိုကောင်းကောင်းဆုံးမလိမ့်မယ်"

ကြူးလန်းရှု၏စကားဆုံးသည်နှင့်... အက်ကွဲ၍ကြောက် မက်ဖွယ်ကောင်းသောကျားဖြူမ၏ကြုံးဝါးသံက မှောင်ရိပ်ထဲမှ ထွက်ပေါ်လာသည်။

"ကြူးလန်းရှုပြောတာဟုတ်တယ်... ငါ့သမီးသာ အသက် ခံရင် မိုးနတ်မယ်တစ်ဖွဲ့လုံးကို မွှန်မွှန်ညက်ညက်ကြေအောင် လုပ် ပစ်မယ်"

စကားသံနှင့်မရှေးမနှောင်းဆိုသလိုပင်... လူရိပ်သဏ္ဍာန် တစ်ခုလှစ်ခနဲပေါ်လာပြီး ကျားဖြူမသည် ဒေါင်းဖြူဇရပ်ပေါ်သို့ ပြေးတက်လာခဲ့သည်။

"ကျားဖြူမ ကျွန်မတို့မိုးနတ်မယ်အဖွဲ့ကို အန်တုမယ်ကြံ ရင် ရှင်အမှားကြီးမှားလိမ့်မယ်"

ယွခက်က ဤသို့ပြောပြီး....

www.burmeseclassic.com

www.burmeseclassic.com



ညာဘက်ကိုမြှောက်ကာ တစ်စုံတစ်ရာကိုကြမ်းပြင်ပေါ်သို့ချလိုက်သည်။ လက်နက်ပုန်းတစ်မျိုးမျိုးဖြင့် ပစ်ခတ်သည်ထင်သောကြောင့်... ကြူးလန့်ရှုနှင့်ကျားဖြူမတို့က ခုခံရန်အသင့်ပြင်လိုက်သည်။ သို့သော်....

"ဝုန်း...."

ရုတ်တရက် ပေါက်ကွဲသံတစ်ခုပေါ်လာပြီး မီးခိုးလုံးများပေါ်လာသည်။ ထူထပ်သိပ်သည်းလှသောမီးခိုးများက ပေတစ်ရာပတ်လည်ဝန်းကျင်ကိုဖုံးသွားသည်။

ဘာကိုမှ မမြင်ရတော့။

ဤအခါတွင်မှ ယူခက်သည် မီးခိုးလုံးကိုသုံးကာ လွတ်လမ်းရှာခြင်းဖြစ်ကြောင်း ကြူးလန့်ရှုတို့ရိပ်မိလိုက်ကြသည်။

ကြူးလန့်ရှုကော ကျားဖြူမပါ အဆင့်မြင့်သိုင်းပညာရှင်များဖြစ်ကြသော်လည်း မြင်ကွင်းအားလုံးကိုထူထပ်သိပ်သည်းသောမီးခိုးလုံးများကဖုံးလွှမ်းနေသောကြောင့် ဘာမှမတတ်နိုင်ပေ။

"ညာဘက်ကိုအမြန်ဆုံးဖောက်ထွက်"

ကျားဖြူမ၏အော်ပြောသံကို ကြူးလန့်ရှုကြားရသည်။ ထို့ကြောင့် ကြူးလန့်ရှုသည် ညာဘက်သို့လျင်မြန်စွာ ပြေးထွက်သည်။

တစ်ခဏအတွင်းမှာပင်....



ကျားဖြူမနှင့်ကြူးလန့်ရှုတို့ နှစ်ယောက်သည် မီးခိုးများဖုံးလွှမ်းထားသောနေရာ၏အပြင်ဘက်သို့ ရောက်လာကြသည်။

သို့သော် သူတို့အတော်နောက်ကျသွားကြလေပြီ။

ယူခက်၏အရိပ်အရောင်ကိုပင် မမြင်ကြရတော့ပေ။

"ယူခက် ထွက်ပြေးသွားပြီ ဘယ့်နှယ်လုပ်မလဲ"

ကြူးလန့်ရှုက အရေးတကြီးမေးသည်။

"ဘာလုပ်ရမလဲ ဟိန်းတောင်ကုန်း ဟူယုန်တောင်ထိပ်ကိုလိုက်သွားရုံပဲရှိတော့တာပေါ့၊ ကဲ... ပြောနေကြာတယ်... သွားကြမယ်"

ကျားဖြူမက ဤသို့ပြောပြီး ဟိန်းတောင်တန်းရှိရာဘက်သို့ဦးတည်ကာလျင်မြန်စွာပြေးထွက်သွားသည်။ ကျားဖြူမမှာကိုယ် ဖော့ပညာအလွန်ကောင်းသူဖြစ်ရာ တစ်ခဏအတွင်းမှာပင်အဝေးသို့ရောက်သွားသည်။ ကြူးလန့်ရှုလည်း မြင်းပေါ်ခုန်တက်ပြီး ဒုန်းစိုင်းနှင်ကာ ကျားဖြူမနောက်သို့လိုက်လာခဲ့သည်။

မကြာမီမှာပင် ကျားဖြူမကိုလိုက်၍မီလာသည်။

"အမေကြီး မြင်းပေါ်တက်ပြီးလိုက်ခဲ့ပါလား"

ကြူးလန့်ရှုက ပြောလိုက်သည်။

"နေပါစေ... မြင်းပေါ်မှာ နှစ်ယောက်တက်စီးရင် မြင်းကသိပ်ပြေးနိုင်တော့မှာမဟုတ်ဘူး... ငါ့ခြေထောက်တွေကလဲ မြင်း

www.burmeseclassic.com

www.burmeseclassic.com



ထက်မနေးအောင် ပြေးနိုင်ပါတယ်"

ကျားဖြူမသည် အတော်ပင်ပြေးနိုင်သည်။ မြင်းနှင့်ယှဉ်ကာပြေးလိုက်လာသည်။ ဤသို့ဆက်လက်လာခဲ့ရာ… အရှက်ဦးရောင်နီသန်းလာချိန်တွင် အတော်ပင် ခရီးရောက်လာခဲ့ကြသည်။ ကြူးလန်းရှုစီးလာသောမြင်းမှာ မောပန်းလာသည့်အသွင်ဖြင့် သိပ်မြန်မြန်မပြေးနိုင်တော့ဘဲ ခြေကျလာသည်။

"ကဲ… ငါတို့ခဏလောက်အနားယူကြစို့"

ကျားဖြူမက ဤသို့ပြောပြီးပြေးသွားခြင်းကို ရပ်လိုက်သည်။ ကြူးလန်းရှုကလည်း မြင်းကိုရပ်ကာ မြင်းပေါ်မှခုန်ဆင်းလိုက်သည်။

ကံအားလျော်စွာပင်…. ထိုနေရာအနီးဝယ် မြက်ပင်များရှိနေသည်ကိုတွေ့ရသည့်အတွက် ကြူးလန်းရှုမြင်းကိုကြိုးလွှန်ထားလိုက်သည်။

"ကျွန်တော်တို့ အချိန်မီရောက်နိုင်ပါ့မလားမသိဘူး"

မြင်းကိုကြိုးလွှန်ထားပြီးနောက် ကြူးလန်းရှုကပြော၏။

"အရေးမကြီးပါဘူး… ဟိုမိန်းမတွေက ငါ့သမီးနဲ့လောင်ရောက်မေတို့ကို တကယ်သတ်ပစ်မှာမဟုတ်ပါဘူး"

ကျားဖြူမကပြန်ပြောသည်။

"ဘာကြောင့်ဒီလိုပြောနိုင်ရတာလဲ"



"ရန်ရှန်နဲ့လောင်ရောက်မေတို့ကိုသတ်ပစ်ရင် မိုးနတ်မယ်အဖွဲ့အတွက် ကြီးမားတဲ့ရန်သူနှစ်ယောက်တိုးလာတဲ့အပြင် ဘာမှအကျိုးမရှိနိုင်ဘူး၊ ဒီအကြောင်းကို သူတို့နားလည်ကြပါလိမ့်မယ်"

ကျားဖြူမနှင့်ကြူးလန်းရှုတို့သည် စကားဆက်မပြောကြတော့ဘဲ ငြိမ်သက်စွာထိုင်ကာ အသက်မှန်မှန်ရှူရင်း အနားယူနေကြသည်။

နာရီဝက်ခန့်ကြာသောအခါတွင်မူ ကျားဖြူမသည် ထိုင်နေရာမှ ရုတ်တရက်ထရပ်လိုက်သည်။

တစ်စုံတစ်ရာသောအန္တရာယ်ကို ရင်ဆိုင်တော့မည်ပုံမျိုး။

"အမေကြီး… ဘာဖြစ်တာလဲ"

ကျားဖြူမ၏အပြုအမူကို နားမလည်နိုင်သောကြောင့် ကြူးလန်းရှုကမေးလိုက်သည်။

"ဟိုမှာကြည့်စမ်း"

ကျားဖြူမက တောင်ဘက်စူးစူးသို့လက်ညှိုးညွှန်ပြသည်။

ကြူးလန်းရှုက ကျားဖြူမ လက်ညှိုးညွှန်ရာသို့ကြည့်လိုက်သည်။ ခပ်ဝေးဝေးတွင် မြင်းလှည်းနှစ်စီး၏အရိပ်အရောင်ကို မြင်တွေ့လိုက်ရသည်။

"မြင်းလှည်းနှစ်စီးပါလား… အဲဒါဘယ်သူတွေဖြစ်မလဲ"

ကြူးလန်းရှုကမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုးနတ်မယ်အဖွဲ့ဝင်တွေပဲဖြစ်လိမ့်မယ်... မြင်းလှည်းက သွားရိုးသွားစဉ် လမ်းမကြီးအတိုင်းမသွားဘဲ ငါတို့ဘက်ကိုဦးတည် လာနေတာ ကြည့်ပါလား"

ကျားဖြူမက ပြန်ပြောသည်။

ထိုအချိန်တွင် နေထွက်ပြူလာသောကြောင့် အလင်းရောင် ကောင်းစွာရှိပြီး မြင်ကွင်းက ရှင်းလင်းနေသည်။

မြင်းလှည်းနှစ်စီးမှာလည်း တစ်စစနီးကပ်လာသည်ဖြစ် ရာ မကြာမီမှာပင် မြင်းလှည်းများ၏အသွင်အပြင်ကိုထင်ထင်ရှား ရှားမြင်လာရသည်။

မြင်းလှည်းနှစ်စီးမှာ အလွန်ခန့်ညားထယ်ဝါသည်။ လှပ သန်မာသောမြင်းဖြူကြီးနှစ်ကောင်စီက မြင်းလှည်းများကို ဆွဲလာ ကြသည်။

မြင်းလှည်းမောင်းသမားနှစ်ယောက်မှာ နုပျိုသောလုလင် များဖြစ်ကြသည်။ အကောင်းစားပိုးသားဝတ်စုံများကို သေသပ်စွာ ဝတ်ဆင်ထားကြသည်။

"ကြည့်ရတာ... မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်ကိုယ်တိုင် ရောက်လာတာနဲ့တူတယ်"

ကျားဖြူမကတီးတိုးပြောသည်။

"အမကြီးက သူ့ကိုသိလို့လား"



ကြူးလန်းရှုက ပြန်မေးသည်။

"မသိပါဘူး... ဒါပေမယ့် ဟိုအရင် အဖွဲ့ခေါင်းဆောင် ကျင်ပေ့ှရမ့်ဟာလဲ ဒီလိုပဲ မြင်းဖြူနှစ်ကောင်ပါတဲ့ပထမတန်းစား မြင်းလှည်းနဲ့သွားလာလေ့ရှိတယ်"

"အဖွဲ့ခေါင်းဆောင်ရောက်လာတော့လဲ ကောင်းတာပေါ့၊ တစ်ခါတည်းကိုစွပြီးပြတ်အောင် ဖြေရှင်းလိုက်ရုံပဲရှိတယ်"

"တကယ်လို့ သူတို့နဲ့တိုက်ခိုက်ရတဲ့အခြေမျိုးဖြစ်လာရင် ငါက အဖွဲ့ခေါင်းဆောင်ကိုရင်ဆိုင်မယ်၊ ကျန်တဲ့လူတွေကို မင်းက ကြည့်ရှင်းပါ"

ကြူးလန်းရှုခေါင်းညိတ်ပြသည်။

မကြာမီမှာပင် မြင်းလှည်းနှစ်စီးသည် ကြူးလန်းရှုတို့ရှိရာ နှင့် ပေ(၅၀)ခန့်အကွာသို့ရောက်ရှိပြီးရပ်တန့်လိုက်လေသည်။

ဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၀ )

မြင်းလှည်းနှစ်စီးရပ်သွားသည်။ ရှေ့ဘက်ရှိ မြင်းလှည်းတံခါးပွင့်သွားပြီး အမျိုးသမီးနှစ်ယောက်ဆင်းလာသည်။

ကွေ့ခက်နှင့် ယူခက်တို့ပင် ဖြစ်သည်။ သူတို့နှစ်ယောက်သည် ရှေ့ပြေးထွက်လာသောအပျိုတော်များပမာ မြင်းလှည်းတံခါး၏ဝဲယာတစ်ဘက်တစ်ချက်ဝယ် ခပ်နွဲ့နွဲ့လေးရပ်နေလိုက်သည်။

ထို့နောက် မြင်းလှည်းထဲမှ အမျိုးသမီးတစ်ယောက်ထပ်ထွက်လာသည်။ ထိုအမျိုးသမီးသည်မျက်နှာကို ဓာပါဝအနက်တစ်ထည်ဖြင့်ဖုံးအုပ်ထားသည်။

မျက်နှာသွင်ပြင်ကိုမမြင်ရ။

ပါးလှပ်သောပန်းနုရောင်ပိုးသားဝတ်စုံကို တစ်ထပ်တည်းဝတ်ထားသောကြောင့် အမျိုးသမီး၏တောင့်တင်းအချိုးကျသောကိုယ်ကာယအလှကို ကောင်းစွာမြင်သာနိုင်သည်။

ထိုအမျိုးသမီးလျှောက်လှမ်းထွက်လာပုံမှာ...



အလွန်ပင် နန်းဆန်လှသည်။

ခြေလှမ်းများကို ဟန်ပါပါဖြင့်လှမ်းသည်။

ကိုယ်ဟန်ကလည်း အလွန်ကြော့ကြော့မော့မော့ရှိသည်။

"မင်းကိုကြည့်ရတာ... မိုးနတ်မယ်အဖွဲ့ရဲ့ခေါင်းဆောင်နဲ့တူတယ်ဟုတ်သလား"

ကျားဖြူမကမေးသည်။

ပန်းနုရောင်ဝတ်အမျိုးသမီးက ခေါင်းညိတ်ပြသည်။

"နာမည်ကိုပြောစမ်းပါဦး"

ကျားဖြူမကဆက်မေးသည်။

"ကျောင်းဖုန်းတင်လို့ခေါ်နိုင်ပါတယ်"

မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်က ပြန်အဖြေပေးသည်။

"ဟိုအရင် မိုးနတ်မယ်အဖွဲ့ခေါင်းဆောင် ကျင်ယွေ့ရမ့်နဲ့ဘယ်လိုပတ်သက်သလဲ"

"ဘယ်လိုမှမပတ်သက်ပါဘူး .... သူလုပ်ကိုင်ခဲ့တာကိုသဘောကျလို့ အတုယူပြီးလိုက်လုပ်တာပါပဲ"

"ဪ... ဒါကြောင့် မင်းကငါ့သမီးကိုဖမ်းဆီးဝံ့တာကိုး"

"ရှင့်စကားက ကျင်ယွေ့ရမ့်နဲ့အတော် ရင်းနှီးခဲ့တဲ့သဘောပါလား"

"ဟုတ်တယ်... ငါက အရင်မိုးနတ်မယ်အဖွဲ့ခေါင်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာနည်းပြဆရာပဲ၊ ကျင်ပေ့ရှမ့်ရဲ့မဟူရာမြားကညာဆယ့်နှစ်ဖော်ဟာ ငါ့ဆီမှာသိုင်းပညာသင်သွားကြတာပေါ့"

"လက်စသတ်တော့ ဒီလိုကိုး... ရှင်ဟာ မိုးနတ်မယ်အဖွဲ့ပေါင်းရဲ့သိုင်းပညာနည်းပြဆရာဖြစ်ခဲ့ပေမဲ့ ကျွန်မကအရေးမစိုက်ပါဘူး"

"မင်းက မင်းကိုယ်မင်း တော်တော်အထင်ကြီးတာကိုး"

"ကွေ့ခက် ဟိုပစ္စည်းကိုယူလိုက်ပါ"

ကျောင်းဖုန်းတင်က ကျားဖြူမနှင့်ပြောနေရာမှ ကွေ့ခက်ကိုလှမ်းအမိန့်ပေးလိုက်သည်။ ကွေ့ခက်က အမိန့်နာခံပြီးနောက် မြင်းလှည်းထဲမှအရာဝတ္ထုတစ်ခုကိုယူထုတ်လိုက်သည်။

ထိုအရာမှာ တစ်ပေခန့်ရှိသောသံပိုက်လုံးတစ်ခုဖြစ်သည်။ အရင်းတွင်လက်ကိုင်ရှိကာ လက်ညှိုးဖြင့်ကွေးညှစ်ရသော ခလုတ်တစ်ခုလည်း လက်ကိုင်နားဝယ်ရှိသည်။ ဤအရာဝတ္ထုမျိုးကို ကြူးလန်းရှုရောကျားဖြူမပါ တစ်ကြိမ်တစ်ခါမျှမမြင်ဖူးသောကြောင့် မျက်လုံးအပြူးသားနှင့် သေချာကြည့်မိကြသည်။

ပစ်ခတ်၍ရသော လက်နက်တစ်စုံတစ်ရာဖြစ်ကြောင်းကို အကဲခတ်မိသော်လည်း မည်သည့်လက်နက်မျိုးဖြစ်ပြီး မည်သည့်အစွမ်းသတ္တိမျိုးရှိကြောင်းကိုကား မသိကြပေ။

"ဒါဟာ ပြောင်းတိုသေနတ်လို့ခေါ်တယ်.... မမြင်ဖူးရင်



သေသေချာချာကြည့်ထားကြ"

ကျောင်းဖုန်းတင်က ကွေ့ခက်လှမ်းပေးသော ပစ္စည်းကိုယူကာလက်ထဲတွင်ကိုင်ပြီးပြောသည်။

ကြူးလန်းရှုသည် သေနတ်ကို မျက်မြင်ကိုယ်တွေ့မမြင်ဘူး မကြုံဘူးသော်လည်း သေနတ်အကြောင်းကိုကား ကြားဖူးသိဖူးထားသည်။

သေနတ်မှာ နိုင်ငံခြားသားများယူဆောင်လာသော အလွန်ကြောက်စရာကောင်းသည့်လက်နက်ဖြစ်ပြီး သေနတ်ဖြင့် ပစ်ခတ်ပါက အစွမ်းအထက်မြက်ဆုံးသောသိုင်းသမားပင်လျှင် မခုခံနိုင်ကြောင်း ကြူးလန်းရှုသိထားသည်။

"အဲဒီသေနတ်ဆိုတာက သိပ်ကြောက်ဖို့ကောင်းတယ်၊ အမေကြီးသတိထားပါ"

ကြူးလန်းရှုက ကျားဖြူမကိုတိုးတိုးသတိပေးလိုက်သည်။ ကျားဖြူမကမူ အရေးမစိုက်ဟန်ဖြင့် ခပ်တည်တည်ပြန်ပြောသည်။

"ဒီသေနတ်ဆိုတာက ဘာများလုပ်နိုင်မှာမို့လဲ"

"ဒိုင်း...."

ကျားဖြူမက ဤသို့ပြောနေဆဲမှာပင် ကျောင်းဖုန်းတင်က ကျားဖြူမကို သေနတ်ဖြင့်လှမ်းပစ်သည်။

နားကွဲလုမတတ် ပေါက်ကွဲသံနှင့်အတူ....

www.burmeseclassic.com

www.burmeseclassic.com



အဟုန်ပြင်းစွာလွင့်ထွက်လာသော သေနတ်ကျည်ဆံက ကျားဖြူမ၏ညာဘက်မခုံးကိုထိမှန်သွားသည်။

ကျားဖြူမမှာ ကိုယ်ခန္ဓာတစ်ပတ်လည်ပြီး မြေကြီးပေါ်လဲကျသွားသည်။ သေနတ်မှန်သည့်နေရာမှာ သေကွင်းသေကွက်မဟုတ်သော်လည်း... ဒဏ်ရာပြင်းထန်သောကြောင့် ကျားဖြူမမှာ သတိလစ်ကာ မေ့မြောသွားသည်။

ကြူးလန်းရှုသည် အတင့်ရဲကာ မနေဝံ့တော့ဘဲ မြင်းရှိရာသို့ပြေးကာ မြင်းပေါ်လွှားခနဲခုန်တက်ပြီး အတင်းဒုန်းစိုင်းထွက်ပြေးသွားသည်။

"ဒိုင်း....."

သေနတ်သံတစ်ချက်ပေါ်လာပြန်သည်။ ကြူးလန်းရှု၏မြင်းမှာတစ်ချက်တုံ့ပြီး ရှေ့သို့ဦးစိုက်ကာလဲကျသွားသည်။ မိမိ၏မြင်းကိုသေနတ်ထိမှန်သွားကြောင်း ကြူးလန်းရှုနားလည်လိုက်သည်။ သူသည် တွေဝေတုံ့ဆိုင်းမနေအဲ မြင်းပေါ်မှခုန်ဆင်းကာ တစ်ဟုန်ထိုးပြေးထွက်သွားရန်ပြင်လိုက်သည်။

"ကြူးလန်းရှု ရှင့်အသက်မသေချင်ရင် ငြိမ်ငြိမ်လေးရပ်နေပါ"

စကားသံနှင့်အတူ ကြူးလန်းရှု၏ရှေ့သို့ကျောင်းဖုန်းတာင်ရောက်ရှိလာသည်။



ကျောင်းဖုန်းတင်က ကိုယ်ဖော့ပညာသုံးကာ လျင်မြန်စွာပြေး၍ ကြူးလန်းရှု၏ရှေ့မှပိတ်ရပ်ထားခြင်းဖြစ်သည်။

ကျောင်းဖုန်းတင်၏လက်ထဲမှသေနတ်က ကြူးလန်းရှုကိုတည့်မတ်စွာချိန်ရွယ်ထားသည်။ မိမိအနေဖြင့် သေနတ်ကို ရင်ဆိုင်အန်တုရှ်မရနိုင်မှန်း ကြူးလန်းရှုသိသည်။

ထို့ကြောင့် ငြိမ်သက်စွာရပ်နေလိုက်သည်။

"ခင်ဗျားတို့ ဘာကြောင့် ကျွန်တော့်ကို အတင်းမရမကလိုက်ဖမ်းဆီးပြီးစည်းရုံးနေရတာလဲ"

ကြူးလန်းရှုကမေးသည်။

"ကျွန်မတို့ ရှင့်ကိုအသုံးချစရာရှိလို့ပါ... ရှင်ဟာ ချိုကျင်းထက် အများကြီးပိုအသုံးကျပါတယ်"

"ချိုကျင်းဟာ ဘယ်သူ့လက်ချက်ကြောင့်သေခဲ့ရတာလဲ"

ကျောင်းဖုန်းတင်က ချိုကျင်းအကြောင်းစပြောလာသောကြောင့် ကြူးလန်းရှုကအခွင့်ကောင်းကိုလက်လွှတ်မခံဘဲမေးခွန်းထုတ်လိုက်သည်။

"ကျွန်မရဲ့အမိန့်အရ မဟူရာမြားကညာတစ်ယောက်က သူ့ကိုသုတ်သင်ပစ်လိုက်တာလို့ပဲသိထားပါ"

"ပြောပါဦး.... ဘာအကြောင်းကြောင့် ချိုကျင်းကိုသုတ်သင်ပစ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ကျွန်မတို့ရဲ့အဖွဲ့ဝင်တစ်ယောက်ကဆွဲဆောင်စည်းရုံးတယ်၊ သူကဆွဲဆောင်မှုကွန်ယက်ထဲတိုးဝင်ပြီး အဲဒီအဖွဲ့ဝင်နဲ့အတူသုံးလေးရက်လောက်အတူနေကြတယ်၊ ဒါပေမဲ့ မိုးနတ်မယ်အဖွဲ့ရဲ့ပိတုန်းမင်းသားလုပ်ဖို့ပြောတဲ့အခါကျတော့ တွေးတွေးခါးခါးငြင်းပယ်တယ်၊ ကျွန်မတို့မိုးနတ်မယ်အဖွဲ့ကိုလဲ ရစရာမရှိအောင်ကဲ့ရဲ့ရှုတ်ချတယ်၊ ဒါကြောင့် သူ့ကိုဆုံးမသုတ်သင်ပစ်လိုက်ရတာပဲ"

"ကျွန်တော်ကလဲ ခင်ဗျားတို့အဖွဲ့ကိုအမျိုးမျိုးရှုတ်ချပြောဆိုတာပဲ၊ ကျွန်တော့်ကျတော့ ဘာကြောင့်သုတ်သင်မပစ်တာလဲ"

"ရှင့်ကို ချိုကျင်းထက်ပိုပြီးအသုံးချနိုင်တယ်လို့ ကျွန်မပြောပြီးပြီပဲ"

"ဒါပေမဲ့ ကျွန်တော်က ခင်ဗျားတို့စေခိုင်းတဲ့အတိုင်းလိုက်နာပြီးလုပ်ဆောင်ပေးနိုင်မယ်မထင်ဘူး"

"ရှင်ဟာ ကျွန်မရဲ့ရွှေပိတုန်းမင်းသားဖြစ်နေပြီဆိုတာကိုမမေ့ပါနဲ့"

"အင်း... ဒီကမ်းလှမ်းချက်ကို ကျွန်တော်သဘောတူလက်ခံခဲ့မိတာမှန်ပါတယ်၊ တကယ်လို့.... ခင်ဗျားတို့က မြို့စားကြီးကျူတာ့စူးကိုလုပ်ကြံဖို့မကြံစည်ရင်တော့ ကျွန်တော့်အနေနဲ့ခင်ဗျားတို့ရဲ့အဖွဲ့ဝင်အဖြစ်ဆက်နေကောင်းနေပါလိမ့်မယ်၊ အခုတော့ ခင်ဗျားတို့နဲ့လုံးဝမပူးပေါင်းနိုင်တော့ဘူး"



ဤတွင် ကျောင်းဖုန်းတင်က....

"ရှင်းရှင်းပြောရရင် ကျွန်မတို့အဖွဲ့က ရှင့်ကိုစိတ်ရှည်ရှည်ထားပြီးဆွဲဆောင်သိမ်းသင်းနေတာဟာ ကျူတာ့စူးကိုလုပ်ကြံတဲ့နေရာမှာအသုံးချချင်လို့ပါပဲ"

ကြူးလန်းရှူ မျက်မှောင်ကုပ်သွားသည်။

"ကျွန်တော့်ကိုမှရွေးပြီး ဘာကြောင့်ဒီတာဝန်ပေးရတာလဲ"

"ကျူတာ့စူးရဲ့အနီးနားမှာ ကိုယ်ရံတော်တွေသိပ်များတယ်၊ သူ့နားကိုကပ်နိုင်ဖို့ သိပ်မလွယ်ဘူး၊ ရှင်ကတော့ စစ်သူကြီးရှန်ချီခိုင်ရဲ့ကိုယ်ရံတော်သိုင်းသမားလုပ်ခဲ့ဖူးတဲ့လူဖြစ်တော့ ကျူတာ့စူးအပြင် ကျူတာ့စူးရဲ့ကိုယ်ရံတော်လက်ရွေးစင်သိုင်းသမားတွေကပါ ရှင့်ကိုသိနေကြတယ်၊ ဒီတော့... ရှင့်အနေနဲ့ ကျူတာ့စူးအနားကိုကပ်ပြီးလုပ်ကြံနိုင်တဲ့အခွင့်အလမ်း အများကြီးရှိတယ်"

ကြူးလန်းရှူ ခေါင်းခါလိုက်သည်။

"ကျွန်တော့်အနေနဲ့ ကျူတာ့စူးကို ဘယ်နည်းနဲ့မှမလုပ်ကြံနိုင်ဘူး"

"ရှင် သေသေချာချာစဉ်းစားဆုံးဖြတ်ပြီးပြီလား"

ကျောင်းဖုန်းတင်ကမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"လောင်ရှောက်မေ… ရန်ရှန်နဲ့ ကျားဖြူမရှာယွင်တို့သုံးယောက်ရဲ့ကံကြမ္မာဟာ ရှင့်ဆုံးဖြတ်ချက်ပေါ်မှာမူတည်နေတယ်ဆိုတာကိုကော ရှင်နားလည်ရဲ့လား"

"နားလည်ပါတယ်… ဒါပေမဲ့ သူတို့ရဲ့အန္တရာယ်ထက် တိုင်းပြည်အရေးကိုပိုဦးစားပေးရမယ်၊ တိုင်းပြည်ကိုရောင်းစားမဲ့အလုပ်မျိုးကို ကျွန်တော်မလုပ်နိုင်ဘူး"

ကြူးလန်းရှုက ခပ်ပြတ်ပြတ်ပင်ငြင်းဆန်လိုက်၏။

ဤတွင်….

"လီဟွေ့နဲ့လီလုံ အမိန့်နာခံ"

ကျောင်းဖုန်းတင်က မြင်းလှည်းမောင်းလာသော သိုင်းလုလင်နှစ်ယောက်ကိုလှမ်းအော်ပြောလိုက်သည်။

"အဖွဲ့ခေါင်းဆောင်ရဲ့အမိန့်ကို နာခံလျက်ပါ"

လီဟွေ့နှင့်လီလုံတို့နှစ်ယောက်သည် မြင်းလှည်းမောင်းသမားနေရာများတွင်ထိုင်နေကြရာမှ မြင်းလှည်းအောက်သို့ပြိုင်တူခုန်ချလာပြီးပြောသည်။

"ဟိုအမျိုးသမီးနှစ်ယောက်ကို အပြင်ထုတ်လိုက်ပါ"

ကျောင်းဖုန်းတင်က အမိန့်ပေးလိုက်သည်နှင့်….

"ဟုတ်ကဲ့"



လီဟွေ့နှင့်လီလုံတို့နှစ်ယောက်သည် ပြိုင်တူအသံပြုပြီး ဒုတိယမြင်းလှည်းတံခါးကိုဖွင့်ကာ အထဲမှအမျိုးသမီးနှစ်ယောက်ကို မြင်းလှည်းအပြင်သို့ဆွဲထုတ်လိုက်ကြသည်။

ထိုအမျိုးသမီးနှစ်ယောက်မှာ လောင်ရှောက်မေနှင့်ရန်ရှန်တို့ဖြစ်နေသောကြောင့် ကြူးလန်းရှုမျက်လုံးပြူးသွားသည်။

လောင်ရှောက်မေတို့ကို… မိမိမျက်စိရှေ့မှောက်တွင်ပင် သုတ်သင်ပစ်ကြလေမည်ဟုလည်း တွေးတောစိုးရိမ်မိသည်။

လောင်ရှောက်မေနှင့်ရန်ရှာတို့မှာ ပျော့ခွေကြောများနှင့်ဆွံ့အကြောများ အပိတ်ခံထားကြရဟန်ရှိသည်။ စကားလည်းမပြောနိုင်။ လှုပ်ရှားလည်းမလှုပ်ရှားနိုင်ကြ။ လီဟွေ့နှင့်လီလုံတို့ လက်ထဲဝယ် ပျော့ခွေကာရှိနေကြသည်။

"သူတို့နှစ်ယောက်ရဲ့ ဆွံ့အကြောတွေကိုဖြေပေးလိုက်ပါ"

ကျောင်းဖုန်းတင်က ဆက်လက်အမိန့်ပေးသည်။

လီဟွေ့နှင့်လီလုံတို့က အမျိုးသမီးနှစ်ယောက်၏ဆွံ့အကြောများကိုဖြေပေးလိုက်သည်။ လောင်ရှောက်မေနှင့် ရန်ရှန်တို့ စကားပြောနိုင်လာကြသည်။

ပျော့ခွေကြောများကို ဆက်လက်ပိတ်ထားသောကြောင့် လှုပ်ရှားခြင်းမူ မပြုနိုင်ကြသေးပေ။

"ကြူးလန်းရှု ကျွန်မကိုမကယ်နိုင်တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဆွဲ့အကြောများပြန်ပွင့်ကာ စကားပြောလာနိုင်သည်နှင့် လောင်ရှောက်မေက ကြူးလန်းရှုကိုအားကိုးတကြီးလှမ်းပြော၏။

ကြူးလန်းရှုမှာ ရင်ထဲနင့်ခနဲဖြစ်သွားသည်။

သို့သော်.... မည်သို့မျှမတတ်သာသည့်အခြေမို့ ခေါင်းကို ငုံ့ထားလိုက်ရသည်။

"ကြူးလန်းရှု မေမေ့ကိုကြည့်ပါဦး၊ သတိမေ့နေပြီး ဒဏ်ရာကလဲ သွေးတွေသိပ်ထွက်နေတယ်၊ သွေးမြန်မြန်တိတ်အောင် မလုပ်နိုင်ရင် မေမေတော့ဒုက္ခရောက်လိမ့်မယ်"

ရန်ရှန်ကလည်း ငိုသံပါကြီးနှင့်ပြောသည်။ ကြူးလန်းရှုသည် ခေါင်းကိုငုံ့မြဲတိုင်းငုံ့ထားသည်။ ဘာမျှပြန်မပြော။

"ကြူးလန်းရှု ရှင်သေသေချာချာထပ်စဉ်းစားပါဦး၊ ကျွန်မတို့ခိုင်းတဲ့အတိုင်းလုပ်နိုင်မှာလား"

ကျောင်းဖုန်းတင်က ကြူးလန်းရှုကိုမေးသည်။

ကြူးလန်းရှု က ခေါင်းခါယမ်းပြလိုက်သည်။

ပါးစပ်ကမူ ဘာမျှပြန်မပြော။

"လီဟွေ့နဲ့လီလုံတို့ရေ အဲဒီဒိန်းကလေးတွေရဲ့အဝတ်တွေကိုချွတ်ပစ်လိုက်ကြစမ်း"

ကျောင်းဖုန်းတင်က လီဟွေ့တို့ကိုလှမ်းအမိန့်ပေးသည်။

"ကောင်းပါပြီအဖွဲ့ခေါင်းဆောင်ကြီး"



လီဟွေ့တို့က သံပြိုင်အမိန့်နာခံကြပြီး လောင်ရှော နှင့်ရန်ရှန်တို့၏ကိုယ်ပေါ်မှ အဝတ်အစားများကိုဆွဲချွတ် ဟန်ပြင်လိုက်ကြသည်။

"အား... ကြူးလန်းရှု ကျွန်မကိုကယ်ပါဦး" ရုက်ပေါင်း

လောင်ရှောက်မေက အလန့်တကြား စူးစူးဝါးဝါးအော်ရက်နေသည်။ ကြူးလန်းရှု သည်လောက်အသည်းမမာ။ မိမိမျက်မြင်ကိုယ်တွေ့ မောက်ဝယ် မိန်းကလေးနှစ်ယောက်အရှက်တကွဲဖြစ်ရတော့မှုကို လက်ပိုက်ကြည့်မနေနိုင်တော့။

"ရပ်လိုက်ကြပါ... မလုပ်နဲ့"

ကြူးလန်းရှုက ကပျာကယာဝင်ပြောလိုက်သည်။

"ကျွန်မတို့ခိုင်းတာကိုလုပ်ပေးဖို့ သဘောတူပြီလား"

ကျောင်းဖုန်းတင်က ကျေနပ်စွာပြုံးပြီးမေးသည်။

"သဘောတူပါတယ်"

ကြူးလန်းရှုက အံကြိတ်ပြီးပြောလိုက်သည်။

ကျောင်းဖုန်းတင်က လီဟွေ့တို့ကိုလှမ်းလက်ပြကာ တားမြစ်လိုက်သည်။

လီဟွေ့တို့ကလည်း... လောင်ရှောက်မေနှင့်ရန်ရှန်တို့၏ အဝတ်အစားများကိုချွတ်ပစ်ရန်ဟန်ပြင်နေရာမှ ကိုယ်ကိုရုပ်သိမ်းသတ် လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မတို့ခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်ဖို့လိုနေ လောင်ရေ ၊ ကပျက်ကပျက်လုပ်ရင်တော့ ကျွန်မတို့ကသက်ညှာမှာ ”

ငြ

ကျောင်းဖုန်းတင်ကပြောသည်။

ငှ့ထားရ ကျွန်တော်နားလည်ပါတယ်... ကျားဖြူမကို သွေးတိတ် ဒုံစုပေးလိုက်ကြပါဦး”

ရာဝ ကြူးလန်းရှုကပြောရာ ကျောင်းဖုန်းတင်က ကွေ့ခက်ကို မ းကြည့်ပြီးခေါင်းညိတ်ပြလိုက်သည်။

ကွေ့ခက်သည် ကျားဖြူမ လဲကျနေရာသို့ လျှောက်လှမ်းသွားသည်။ သွေးတိတ်စေရန်အတွက် သက်ဆိုင်ရာသွေးကြောများကိုထိုးပိတ်လိုက်သည်။ ထို့နောက် သေနတ်ဒဏ်ရာတွင် ဒဏ်ကြေဆေးများထည့်ပြီးပတ်တီးစည်းပေးသည်။

ကျောင်းဖုန်းတင်က လီဟွေတို့အား လောင့်ရှောက်မေနှင့် ရန်ရှင်တို့ကို မြင်းလှည်းပေါ်ပြန်တင်ခိုင်းလိုက်သည်။ ထို့နောက် ကြူးလန်းရှုကိုကြည့်ပြီး ပြောသည်။

“ကျွန်မတို့ပေးအပ်တဲ့တာဝန်ကို ဘယ်နှစ်ရက်အတွင်းပြီးမြောက်အောင်ဆောင်ရွက်ပေးနိုင်မလဲဆိုတာပြောစမ်းပါ”

“ကျူတာ့စူးကကျင်တူးမြို့နယ်မြေမှာရှိနေတယ်၊ ကျင်တူးမြို့က ဒီကနေ မိုင်သုံးရာကျော်ဝေးတယ်၊ အသွားအပြန်ခရီးကိုပါထည့်တွက်ရင် နှစ်လလောက်တော့အချိန်ယူရလိမ့်မယ်”



ကြူးလန်းရှုပြန်ပြောသည်။

ကျောင်းဖုန်းတင်က....

“နှစ်လဆိုရင် သိပ်ကြာလွန်းတယ်... ရှင့်ကို ရက်ပေါင်းလေးဆယ်ပဲအချိန်ပေးနိုင်မယ်... လာမယ့်နှစ်လပိုင်း ဆယ်ရက်နေ့နောက်ဆုံးထားပြီး တာဝန်ကိုကျေပွန်အောင်ဆောင်ရွက်ရမယ်”

“ကျွန်တော် တာဝန်ကျေပွန်အောင်ဆောင်ရွက်ပြီးပြီဆိုပါတော့... ခင်ဗျားကိုဘယ်နေရာမှာလာတွေ့ရမှာလဲ”

“ရှင့်တာဝန် အောင်မြင်အောင်လုပ်ဆောင်ပြီးခဲ့ရင် ကျွန်မတို့ဆီကလူတစ်ယောက်ယောက် ရှင့်ကိုလာတွေ့ပါလိမ့်မယ်၊ သူက ရှင်ဘယ်လိုဆက်လုပ်ရမယ်ဆိုတာပြောလိမ့်မယ်”

“တကယ်လို့ မအောင်မြင်ခဲ့ရင်ကော”

“ကျွန်မတို့က အောင်မြင်တာကိုပဲလိုချင်တယ်၊ မအောင်မြင်တဲ့အကြောင်းကို မကြားချင်ဘူး၊ မလိုချင်ဘူး’

“ကျွန်တော်ဟာလူသားတစ်ယောက်ပါဗျာ၊ နတ်စစ်သည်သူရဲကောင်းမဟုတ်ပါဘူး၊ မုချအောင်မြင်ရမယ်လို့ ဘယ်ပြောနိုင်မှာလဲ”

“ပေးအပ်လိုက်တဲ့လုပ်ငန်းတာဝန်ကို ကျေပွန်အောင်လုပ်ဆောင်ပါ၊ တခြားဘာမှပြောမနေပါနဲ့တော့”

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ"

ကြူးလန်းရှုက ဤသို့ပြောပြီးလှည့်ထွက်သွားသည်။

"ခဏနေဦး"

ကျောင်းဖုန်းတင်က လှမ်းတားလိုက်၍ ကြူးလန်းရှု ခြေလှမ်းတုံ့သွားသည်။

"ဘာပြောစရာရှိသေးလို့လဲ"

ကြူးလန်းရှုက နောက်လှည့်ကြည့်ပြီးမေးသည်။

"ရှင်သွားရမယ့်ခရီးက သိပ်ဝေးတယ်၊ ခြေလျင်သွားလို့ဘယ်ဖြစ်မှာလဲ၊ ရှင့်မြင်းကို ကျွန်မကသေနတ်နဲ့ပစ်သတ်လိုက်မိတော့ ရှင့်ကိုမြင်းတစ်ကောင်အလျော်ပေးရမှာပေါ့"

ကျောင်းဖုန်းတင်က ဤသို့ပြောပြီး လီဖေ့ကိုဒုတိယမြင်းလှည်းမှ မြင်းဖြူနှစ်ကောင်အနက် တစ်ကောင်ကိုအဖြုတ်ခိုင်းပြီး ကြူးလန်းရှုအား ပေးသည်။

ကြူးလန်းရှုသည် သေနတ်ထိမှန်သေဆုံးနေသော မိမိ၏မြင်းမှ မြင်းကုန်းနှီးကကြိုးတန်ဆာများနှင့် ခရီးဆောင်အိတ်တို့ကိုဖြုတ်ယူပြီး မြင်းဖြူကြီးဝယ်တပ်ဆင်သည်။ ထို့နောက် မြင်းဖြူကြီးပေါ်သို့ခွစီးကာဒုန်းစိုင်းထွက်ခဲ့လေတော့သည်။

ooo



## အခန်း ( ၂၁ )

တစ်လပိုင်း (၁၈)ရက်နေ့တွင် ကြူးလန်းရှုသည် ကျင်တူးမြို့သို့ရောက်ရှိလာခဲ့သည်။ ကျင်တူးမြို့သို့ ကြူးလန်းရှုရောက်ရှိသွားချိန်တွင် ညနေစောင်းအချိန်ဖြစ်သည်။

ကျင်တူးမြို့မှာ အဓိကစခန်းချရာနေရာဖြစ်သောကြောင့် တစ်မြို့လုံးလိုလိုပင်… ရဲဘော်ရဲမက်သိုင်းသမားများ၊ လက်နက်နှင့်ရိက္ခာသိုလှောင်ရုံများဖြင့် ပြည့်နှက်နေသည်။

ကြူးလန်းရှုသည် ဗဟိုစခန်းသို့သွားရောက်ပြီး ကျူတော့ရှူးအားတွေ့လိုကြောင်း သတင်းပို့အကြောင်းကြားသည်။

တာဝန်ကျအဖွဲ့ခွဲမှူးက ဗဟိုစခန်းအတွင်းသို့ အကြောင်းကြားရန် ဝင်ရောက်သွားဆဲဝယ် ကြူးလန်းရှုသည် စခန်းအဝင်ဝနားရှိ ဧည့်သည်များထိုင်ရန်ပြုလုပ်ထားသော တဲအိမ်လေးထဲဝယ်ထိုင်ကာစောင့်နေသည်။

ထိုအခိုက်….

www.burmeseclassic.com

www.burmeseclassic.com



ဗဟိုစခန်းအတွင်းမှ အရပ်ဝတ်အရပ်စား ဝတ်ထားသော လူရွယ်တစ်ယောက်ထွက်လာသည်။ ထိုလူရွယ်သည် ကြူးလန်းရှု ကိုမြင်လိုက်ရသောအခါ အားရဝမ်းသာမင် လှမ်းနှုတ်ဆက်သည်။

"ဟေး... ကြူးလန်းရှု ကျွန်တော့်ကိုမှတ်မိသေးရဲ့လား"

"ဟာ... ပျံလွှားရိကျုန့်ပါလား၊ မိတ်ဆွေရောင်းရင်းကြီးပဲ ဗျာ၊ ဘယ်မမှတ်မိဘဲနေမှာလဲ"

ကြူးလန်းရှုက ထိုင်ရာမှထကာပြုံးရယ်၍ပြန်ပြောသည်။

ပျံလွှားရိကျုန့်မှာ ကြူးလန်းရှုနှင့်အတူ ရန်ချီခိုင်၏ကိုယ်ရံတော်သိုင်းသမားအဖြစ်အမှုထမ်းခဲ့ဖူးသူဖြစ်သည်။ သိုင်းပညာ အဆင့်မြင့်ပြီးကိုယ်ဖော့ပညာလည်းကောင်းလှသည်။ ကိုယ်ဖော့ပညာ ကောင်းသောကြောင့် ပျံလွှားရိကျုန့်ဟုအမည်တစ်လုံးရထားခြင်းဖြစ်သည်။ ထို့ပြင် ဉာဏ်ရည်ထက်မြက်ပြီး ပရိယာယ်လည်းကြွယ်ဝသည်။

ဤနေရာတွင် လာတွေ့နေရသည့်အတွက် ပျံလွှားရိကျုန့်သည် ကျူတာ့စူး၏ကိုယ်ရံတော်သိုင်းသမားအဖြစ် အမှုထမ်းနေခြင်းဖြစ်မည်ဟုကြူးလန်းရှုတွေးလိုက်မိသည်။

"တာဝန်ကျအဖွဲ့ခွဲမှူးက တွေ့ခွင့်တောင်းစာယူလာပြတော့ ခင်ဗျားနာမည်နဲ့လက်မှတ်ကိုတွေ့ရတယ်၊ ဒါကြောင့် ကျွန်တော် ကိုယ်တိုင်ထွက်လာခေါ်တာပဲ၊ မြို့စားကြီးက ခင်ဗျားကိုတွေ့ချင်တယ်ဆိုလို့ကျွန်တော်တို့လိုက်စုံစမ်းကြသေးတယ်၊ ဒါပေမဲ့ တစ်နှစ်ကျော်စုံစမ်းတာတောင် ခင်ဗျားသတင်းကိုမရလို့ လက်လျှော့လိုက်ရတယ်"



ပျံလွှားရိကျုန့်ကပြောသည်။

"မြို့စားကြီးကျူတာ့စူးက ဘာကြောင့်ကျွန်တော့်ကိုတွေ့ချင်ရတာလဲ"

ကြူးလန်းရှုကပြန်မေးသည်။

"ခင်ဗျားကို သူ့ရဲ့ကိုယ်ရံတော်သိုင်းသမားအဖြစ်ခန့်ထားတာဝန်ပေးချင်လို့ပါပဲ"

ပျံလွှားရိကျုန့်၏အဖြေစကားကိုကြားရသောအခါ ကြူးလန်းရှု၏ရင်ထဲဝယ် တစ်မျိုးကြီးဖြစ်သွားရသည်။ မိမိက သူ့ကို လုပ်ကြံရန်အကြံဖြင့်ရောက်ရှိလာကြောင်းကို မြို့စားကြီးကျူတာ့စူး သိရှိသွားလျှင် အတော်ပင်စိတ်မကောင်းဖြစ်သွားဟုလည်း တွေးမိသည်။

"စစ်သူကြီးရန်ချီခိုင်ကျဆုံးပြီးကတည်းက ကျွန်တော်လဲ စိတ်လေပြီး သိုင်းလောကထဲမှာလှည့်လည်သွားလာနေလို့ ဒီဘက်ကိုရောက်မလာခဲ့တာပါ"

ကြူးလန်းရှုသည် မျက်နှာမပျက်စေရန် ဣန္ဒြေဆည်ပြီး ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... လာဗျာ၊ အထဲကျမှ စကားအေးအေးဆေးဆေး ဆက်ပြောကြတာပေါ့"

ပျံလွှားရိကျန့်က ဤသို့ပြောပြီး ကြူးလန်းရှုကို ဧဟိုစခန်းထဲသို့ခေါ်သွားသည်။

ထိုနေရာမှာ... အဓိကစခန်းဖြစ်သည့်နည်းတူ မြို့စားကြီး ကျူတာ့စူး၏နေအိမ်ဂေဟာလည်းဖြစ်သည်။ ပျံလွှားရိကျန့်က ကြူးလန်းရှုကို အိမ်ဂေဟာကြီး၏အတွင်းဘက်ကျကျတွင်ရှိသော အခန်းတစ်ခန်းသို့ခေါ်သွားသည်။

အခန်းထဲသို့ရောက်နေသောအခါ နေရာထိုင်ခင်းပေးပြီး လက်ဖက်ရည်ကြမ်းပွဲဖြင့်ဧည့်ခံသည်။

"မြို့စားကြီးကိုတော့ သန်ဘက်ခါမှတွေ့ပေါ့ဟုတ်လား၊ သူက အခုဒီမှာမရှိဘူး၊ အရေးကြီးတဲ့စခန်းတစ်ခုကို သွားစစ်ဆေးနေတယ်၊ သန်ဘက်ခါကျမှပြန်ရောက်လာပါလိမ့်မယ်"

ကြူးလန်းရှုအတွက် လက်ဖက်ရည်ကြမ်းတစ်ခွက်ငှဲ့ပေးပြီးနောက် ပျံလွှားကပြောသည်။

"ခင်ဗျားက သူ့ရဲ့ကိုယ်ရံတော်သိုင်းသမားတစ်ယောက်ဖြစ်နေပြီး သူခရီးထွက်သွားတဲ့နောက်ကို ဘာကြောင့်အတူတူလိုက်မသွားရတာလဲ"

ကြူးလန်းရှုကမေးသည်။



"အခုတစ်ပတ်က ကျွန်တော်အနားယူရတဲ့အပတ်လေ၊ ကျွန်တော်တို့ကိုယ်ရံတော်သိုင်းသမား စုစုပေါင်း ငါးယောက်ရှိတယ်၊ တစ်ယောက်ကို တစ်လတစ်ကြိမ် နားရက်တစ်ပတ်စီပေးတယ်၊ ကျွန်တော့်ရဲ့နားရက်မို့ လိုက်မသွားတာပါ"

"ကျန်တဲ့ကိုယ်ရံတော်သိုင်းသမားလေးယောက်က ဘယ်သူတွေလဲ"

"သူတို့လေးယောက်ထဲက တစ်ယောက်ကိုပဲ ခင်ဗျားသိလိမ့်မယ်၊ လေပွေဓားရှူစန်စိန်လေ... ကျန်တဲ့သုံးယောက်ကိုတော့ ခင်ဗျားမသိပါဘူး၊ စစ်အမျိုးအနွယ်ကတစ်ယောက်... ဝမ်အမျိုးအနွယ်ကတစ်ယောက်၊ ဖုန်အမျိုးအနွယ်ကတစ်ယောက်ပဲ၊ သူတို့ရဲ့သိုင်းပညာတွေကမဆိုးလှပါဘူး"

ဤသို့ပြောနေရင်းမှ ပျံလွှားက ရှတ်တရက်စဉ်းစားမိဟန်ဖြင့်ဆက်ပြောသည်။

"ဩော်... မေးဖို့မေ့နေလိုက်တာ၊ ခင်ဗျား ထမင်းစားပြီးပြီလား"

"ဟင့်အင်... မစားရသေးဘူး၊ ကျွန်တော် ဒီမြို့ကိုရောက်တာနဲ့ ချက်ချင်းဒီကိုတန်းလာခဲ့တာ"

"ဒါဆိုအတော်ပဲ ကျွန်တော်တို့အပြင်ထွက်ပြီးစားသောက်ဆိုင်တစ်ခုခုမှာသွားစားကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အပြင်ကိုတော့မသွားပါနဲ့ဗျား၊ ဒီမှာပဲစားကြသောက်ကြရအောင်လား"

"ဒီမှာ အရက်ကောင်းရှိပေမဲ့ ဟင်းကောင်းမရှိဘူး၊ ရိုးရိုးဟင်းလျာတွေပဲရနိုင်တယ်"

"အထူးဟင်းလျာတွေမလိုပါဘူး၊ အရက်ကောင်းကောင်းရရင် ပြီးတာပါပဲ"

ဤသို့ပြောပြီးနောက်... ကြူးလန်းရှုက လေသံကိုနှိမ့်ကာ တီးတိုးပြောသည်။

"ပြီးတော့... ခင်ဗျားနဲ့ပြောဆိုတိုင်ပင်စရာလေးတွေ ရှိနေသေးတယ်"

"ကောင်းပြီ... ဒီလိုဆိုရင်လဲ ဒီမှာပဲစားကြသောက်ကြတာပေါ့၊ အရက်အိုးနဲ့ထမင်းဟင်းလျာတွေ လာပို့ပေးဖို့ပြောလိုက်ဦးမယ်... ခဏစောင့်ဦးနော်"

ပျံ့လွှားကဤသို့ပြောပြီး အခန်းအပြင်သို့ထွက်သွား၏၊ မကြာမီမှာပင်.... အခန်းထဲဝယ် ဟင်းလျာများနှင့်အရက်ဝိုင်း ခင်းကျင်းပြီးသွားသည်။

ကြူးလန်းရှုနှင့် ရိကျုန်တို့သည် အရက်သောက်လိုက် စကားပြောလိုက်၊ တီးတိုးတိုင်ပင်လိုက်နှင့်ပြုနေကြသည်မှာ ညသန်းခေါင်ယံအထိပင်ဖြစ်တော့သည်။



သူတို့ မည်သည့်အကြောင်းကိစ္စရပ်များကိုတိုင်ပင်နေကြပါသနည်း။

ဘာတွေများ ကျိတ်ကြံနေကြပါသနည်း။

၀၀၀

နောက်တစ်နေ့နံနက်မိုးလင်းသည်နှင့်....

ကြူးလန်းရှုနှင့်ရိကျုန်တို့သည် စခန်းမှထွက်ကာ မြို့စားကြီးကျူးတာ့စူးနေသည့်နေရာသို့လာခဲ့ကြသည်။

ထိုနေရာမှာ... ကျင်တူးမြို့နှင့်ဆယ်မိုင်ခန့်သာဝေးသည်။ လမ်းခရီးတွင် အခိုင်အမာတပ်စွဲထားသောကင်းစခန်းများကို တစ်ခုပြီးတစ်ခုဖြတ်သွားရသည်။

သက်ဆိုင်ရာအဖွဲ့မှူးများမှာ ရိကျုန်ကိုမြို့စားကြီးကျူးတာ့စူး၏ကိုယ်ရံတော်မှန်းသိနေကြသောကြောင့် စစ်ဆေးမေးမြန်းမှုအကြီးအကျယ်မခံရဘဲ စခန်းဌာနနှင့်ကင်းစခန်းများကို ကျော်ဖြတ်လာနိုင်ခဲ့ကြသည်။

နောက်ဆုံးတွင်.... မြို့စားကြီးရှိသည့်နေရာသို့ရောက်ရှိလာကြသည်။

ကျင်တူးနယ်မြေဝယ် ရဲဘော်ရဲမက်အင်အားတစ်သိန်းနီးပါးရှိသည်။ ရွက်ဖျင်တဲများဖြင့် စခန်းဌာနများချထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွက်ဖျင်တဲများမှာ တမျှော်တခေါ်ကြီး မျက်စိတဆုံးရှိနေကြသည်။ ရိကျန့်က ကြူးလန်းရှုကို မြို့စားကြီးကျူတာ့ရှူးရှိသောစခန်းသို့ ခေါ်သွားသည်။

ထိုစခန်းမှာ ကြီးမားသောရွက်ဖျင်တဲကြီးတစ်ခုဖြစ်သည်။ ရွက်ဖျင်တဲကြီး၏ပတ်ပတ်လည်ဝယ် လက်နက်ကိုင်အစောင့်အကြပ်များ တင်းကျပ်စွာချထားသည်။

"ခင်ဗျား အပြင်မှာခဏစောင့်နေပါဦး၊ ကျွန်တော်အထဲဝင်ပြီး သတင်းပို့လိုက်ဦးမယ်"

ရိကျန့်က ဤသို့ပြောပြီး ရွက်ဖျင်တဲကြီးထဲသို့ဝင်ရောက်သွားသည်။ ကြူးလန်းရှုလည်း ရွက်ဖျင်တဲအပြင်ဘက်တွင် ရပ်စောင့်ရင်းကျန်နေခဲ့သည်။ ခဏအကြာဝယ်... ရိကျန့် တဲကြီးထဲမှ ပြန်ထွက်လာပြီး ကြူးလန်းရှုကိုခေါင်းညိတ်ပြသည်။

ထို့နောက်... ရိကျန့်နှင့်ကြူးလန်းရှုတို့နှစ်ယောက် ရွက်ဖျင်တဲကြီးထဲသို့ဝင်သွားကြသည်။ ရွက်ဖျင်တဲကြီးမှာ ကျယ်ပြန့်ကာကြီးမားသည်။

တဲထဲဝယ်လူအတော်များများရှိနေ၏။

တိုက်ပွဲဝင်ဝတ်စုံအဆောင်အယောင်များ ဝတ်ဆင်ထားကြသောရဲဘော်ရဲမက်များရှိသလို အရပ်ဝတ်အရပ်စားနှင့် ကိုယ်ရံတော်သိုင်းသမားများလည်းရှိကြသည်။



မြို့စားကြီးကျူတာ့ရှူးသည် အလယ်ဗဟိုနေရာတွင် မားမားကြီးရပ်နေသည်။ ကျူတာ့ရှူးမှာ အသက်(၅၀)ခန့်ရှိသည်။

ကိုယ်ကာယ ကြံ့ခိုင်ထွားကျိုင်းပြီး စိတ်ကြမ်းကိုယ်ကြမ်းအသွင်မျိုးဖြစ်သည်။ မြို့စားကြီး အဆောင်အယောင်များကို ဝတ်ထားသည့်တွင် ပို၍ခန့်ထည်ကာ ကြောက်ရွံ့လေးစားဖွယ်ဖြစ်သည်။ ကြူးလန်းရှုက ကျူတာ့ရှူး၏ရှေ့မှောက် ဒူးထောက်ကာ အရိုအသေပေးလိုက်သည်။

"အေး... မင်းကိုငါကတွေ့ချင်နေတာကွ၊ ကဲ... ခဏစောင့်ဦးကွာ"

ကျူတာ့ရှူးက ဤသို့ပြောပြီးနောက် ရဲဘော်ရဲဘက်များကို စစ်ဆင်ရေးနှင့်ပတ်သက်၍ ညွှန်ကြားချက်များဆက်ပေးနေသည်။

မကြာခင်မှာပင်... ညွှန်ကြားချက်များပေးပြီး၍ အဖွဲ့မှူးများသည် အမိန့်နာခံကာထွက်သွားကြသည်။

ရွက်ဖျင်တဲကြီးထဲဝယ်....

မြို့စားကြီးကျူတာ့ရှူး၊ ကြူးလန်းရှု၊ ရိကျန့်နှင့် ကိုယ်ရံတော်သိုင်းသမားလေးဦး စုစုပေါင်း ခုနစ်ယောက်သာကျန်နေခဲ့သည်။

"ကဲ... မင်း ငါ့ဆီကို ဘာကိစ္စကြောင့် ရောက်လာရတယ်ဆိုတာပြောစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျူတာ့စူးက ကြူးလန်းရှုကိုမေးသည်။

"မြို့စားကြီးအနေနဲ့ ကျွန်တော့်အရည်အချင်းကို အထင်မသေးဘူးဆိုရင် မြို့စားကြီးရဲ့ကိုယ်ရံတော်သိုင်းသမားအဖြစ် အမှုထမ်းချင်လို့ပါ"

ကြူးလန်းရှုက ဦးညွှတ်အရိုအသေပေးပြီးပြန်ဖြေသည်။

"အေး… ငါကလဲ မင်းကို ငါရဲ့ကိုယ်ရံတော်သိုင်းသမားတစ်ယောက်အဖြစ်တာဝန်ပေးချင်လို့ လိုက်အရှာခိုင်းနေတာကွ၊ အခုလို မင်းကိုယ်တိုင် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတော့ သိပ်အဆင်ပြေသွားတာပေါ့၊ မင်းက မျိုးချစ်ခေါင်းဆောင် စစ်သူကြီးရန်ချီခိုင်ရဲ့ကိုယ်ရံတော်သိုင်းသမားလုပ်ခဲ့တဲ့လူဆိုတော့ မင်းရဲ့အရည်အချင်းကို ငါသိပြီးသားပါ၊ ကဲ အခုအချိန်ကစပြီး မင်းကိုငါ့ရဲ့ကိုယ်ရံတော်သိုင်းသမားအဖြစ်ခန့်လိုက်ပြီ"

"အခုလို ချီးမြှင့်တဲ့အတွက် ကျွန်တော်မျိုး ကျေးဇူးတင်ဝမ်းသာဂုဏ်ယူမိပါတယ်"

"ငါ အခုဌာနစခန်းတွေကိုလိုက်စစ်ဆေးစရာရှိတယ်၊ မင်းနဲ့ရီကျန့်တို့လဲ ငါနဲ့တူတူလိုက်ခဲ့ကြပေါ့ဟုတ်လား"

"အမိန့်အတိုင်းပါမြို့စားကြီး"

ရဲဘော်ရဲမက်အင်အား တစ်သိန်းကျော်ကိုဖြန့်ကြက်ကာချထားသောဌာနစခန်းများမှာ အတော်ပင်ရှည်လျားသည်။



ခံတပ်များ ခံကတုတ်များလည်း အများပင်ရှိသည်။ စခန်းအားလုံးကိုလိုက်လံစစ်ဆေးကြည့်ရှုရသည်ဖြစ်ရာ ညနေစောင်းလောက်တွင်မှ စစ်ဆေးမှုပြီးဆုံးသွား၏။

မြို့စားကြီးကျူတာ့စူးက ကြူးလန်းရှုကိုဂုဏ်ပြုသည့်အနေဖြင့် စားသောက်ပွဲများတည်ခင်းဧည့်ခံသည်။ ပျော်ပျော်ပါးပါးသောက်စားကြသည်မှာ ညဥ့်အတော်နက်မှပင် ပြီးစီးသည်။

ကျူတာ့စူးက ကြူးလန်းရှုအတွက် သူ၏ယာယီစခန်းချရာ ရွက်ဖျင်တဲကြီးနှင့်ဘေးချင်းကပ်လျက်ရှိသော ရွက်ဖျင်တဲတစ်ခုဝယ် နေရာချထားပေးသည်။ စားသောက်ပွဲသိမ်းပြီးနောက်ကြူးလန်းရှုသည် မြို့စားကြီးနှင့်တခြားရဲမက်ကိုယ်ရံတော်များကိုနှုတ်ဆက်ကာ မိမိအတွက်ပေးထားသောရွက်ဖျင်တဲအတွင်းသို့ ဝင်ရောက်သွားသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၂ )

ထိုနေ့ည သန်းခေါင်ယံအချိန် စခန်းတစ်ခုလုံးတိတ်ဆိတ်နေသည်။ တာဝန်ကျကင်းသမားများသာ လှည့်လည်ကင်းစောင့်နေကြသည်။ ကြူးလန်းရှုသည် ကြောင်တစ်ကောင်ပမာ ပေါ့ပါးညင်သာစွာ ရွက်ဖျင်တဲထဲမှအသာလေးထွက်လာသည်။

သူ၏လက်ထဲဝယ် ဓားရှည်အသင့်ကိုင်ထားသည်။

ကြူးလန်းရှုသည် ရွက်ဖျင်တဲဘေးမှောင်ရိပ်တွင် အသာကပ်ကာကိုယ်ယောင်ဖျောက်ရင်း ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်ရှုသည်။ ကင်းသမားများ လှည့်လည်ကင်းစောင့်နေကြသည်မှအပ ထူးထူးခြားခြားမတွေ့ရ။

ကြူးလန်းရှုက ကျေနပ်သည့်အသွင်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြီးနောက် ကိုယ်ဖော့ပညာကိုသုံးကာ ကျူးတာ့စူး၏ရွက်ဖျင်တဲကြီးရှိရာသို့ လျင်မြန်စွာချဉ်းကပ်သွားသည်။

ကျူးတာ့စူး၏ရွက်ဖျင်တဲကြီးအနီးပတ်ဝန်းကျင်တွင်....



လက်နက်ကိုင်အစောင့်များစွာရှိနေသည်။

သို့သော်.... ကြူးလန်းရှုက ကိုယ်ဖော့ပညာသုံးကာ မှောင်ရိပ်ထဲကိုယ်ယောင်ဖျောက်လျက် လျင်မြန်စွာရွေ့လျားသွားသည်ဖြစ်ရာ အစောင့်များမှာ ကြူးလန်းရှုကိုမည်သို့မျှမမြင်မတွေ့နိုင်ကြပေ။

ရွက်ဖျင်တဲကြီးနားသို့ ကြူးလန်းရှု အနှောင့်အယှက်အဟန့်အတားမရှိဘဲ ချဉ်းကပ်လာနိုင်ခဲ့သည်။

ကြူးလန်းရှုသည် ခေတ္တမျှငြိမ်ကာ အခြေအနေကိုအကဲခတ်ကြည့်သည်။ ထို့နောက်... ရွက်ဖျင်စကိုဓားဖြင့် အသာလှီးဖြတ်ကာ ရွက်ဖျင်တဲထဲသို့လျှိုဝင်လိုက်သည်။

မကြာမီမှာပင်....

"ရန်သူဟေ့... ရန်သူ... ရန်သူ"

"ရန်သူရောက်နေပြီ"

"ဝိုင်းဖမ်းကြ"

အော်ဟစ်သံများ ပေါ်လာသည်။ ကြူးလန်းရှုသည် ရွက်ဖျင်တဲကြီးထဲမှ လွှားခနဲခုန်ထွက်လာသည်။ သူ၏ညာလက်ထဲတွင် သွေးစွန်းနေသောဓားရှည်ကိုကိုင်ထားပြီး ဘယ်လက်တွင် ငွေမြား ကျောက်စီဓားတစ်လက်ကိုင်ထားသည်။ မြို့စားကြီး၏အသက်နှင့်ထပ်တူ မြတ်နိုးသောဓားပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ရွက်ဖျင်တဲကြီးအနီးတွင်ရှိနေကြသည့် အစောင့်ရဲမက်များမှာ မမျှော်လင့်သောမြင်ကွင်းကြောင့် အံ့သြကာ ငေးကြောင်ပြီး ဘာလုပ်ရမည်မသိဖြစ်သွားကြသည်။

ထိုအခိုက်မှာပင် ကြူးလန်းရှုသည် လျင်မြန်စွာပြေးထွက်သွား၏။ မရှေးမနှောင်းဆိုသလိုပင်... လေပွေဓား ဝူစန်စိန်အမှူးပြုသောကိုယ်ရံတော်သိုင်းသမားလေးယောက် ရွက်ဖျင်တဲထဲမှပြေးထွက်လာကြကာ ကြူးလန်းရှု၏နောက် အတင်းပြေးလိုက်သွားကြသည်။ ထိုအချိန်တွင်... ရိကျန့်သည်လည်း အရေးတကြီးအသွင်ဖြင့် ဓားဆွဲကာ ထိုနေရာသို့ရောက်လာသည်။

"ဘာဖြစ်ကြတာလဲ... ဘယ်ကရန်သူလဲ"

ရိကျန့်က အစောင့်များကိုမေးသည်။

"ကြူးလန်းရှုပေါ့... မြို့စားကြီးကိုသတ်ဖြတ်ပြီးထွက်ပြေးသွားတယ်"

အစောင့်တစ်ယောက်ကပြန်ဖြေသည်။

"တောက်... ခွေးကောင် ဘယ်ပြေးလဲ"

ရိကျန့်က ဒေါသတကြီးရေရွတ်ကာမေးသည်။

"ဟိုဘက်ကိုပြေးသွားတယ်... လေပွေဓားတို့လေးယောက်သူ့နောက်လိုက်သွားတယ်"

တခြားတစ်ယောက်က ကြူးလန်းရှုတို့ထွက်ပြေးသွားရာ



ဘက်သို့ လက်ညှိုးပြပြီးပြောသည်။ ရိကျန့်လည်း ထိုအစောင့်ညွှန်ပြရာဘက်သို့အပြေးပင်လိုက်သွားသည်။

ရှေ့မှပြေးသွားသော ကြူးလန်းရှုမှာ လေတိုက်သလို လျင်မြန်လှသည်။ နောက်မှလိုက်ကြသူများကလည်း လေခတ်သလိုပင် လျင်မြန်လှသည်။

ကြူးလန်းရှုသည်.... ကျင်တူးမြို့ဘက်သို့ ဦးမတည်ဘဲ တောတူထပ်ရာဘက်သို့ရှေ့ရှုကာပြေးသည်။

သို့သော်.... နောက်မှလိုက် လာကြသူများမှာ ဤနယ်ပယ်ဒေသကိုကျွမ်းနေကြသူများဖြစ်ရာ မကြာမီမှာပင် ကြူးလန်းရှုကို အမီလိုက်လာနိုင်ကြသည်။

လေပွေဓားဝူစန်စိန်က အလျင်ဦးစွာ မီလာသည်။ လိုက်၍မီလာသည်နှင့် ဘယ်ညာလက်နှစ်ဖက်တွင်ကိုင်ထားသော ဓားရှည်နှစ်လက်ကို ဟန်ချက်ကျကျဝှေ့ယမ်းပြီး ကြူးလန်းရှုအား ခုတ်ပိုင်းတိုက်ခိုက်သည်။ ဓားနှစ်လက်၏ခုတ်ချက်များက ကတ်ကြေးဖြင့်ညှပ်သလို ဘယ်ညာခွဲကာအကွက်ကျကျဝင်လာသည်။

ဓားချက်က အဆင့်မြင့်ကာအကွက်စိပ်လှသည်။

ကြူးလန်းရှုသည် ပြေးနေရင်း အတိုက်ခံရသည်ဖြစ်ရာ ပြန်လည်ခုခံရန်အခွင့်မသာပေ။ ထို့ကြောင့် လေထဲသို့ပြားခနဲ ခုန်တက်ပြီး လေပွေဓား၏တိုက်ခိုက်မှုကိုတိမ်းရှောင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယား...."

လေပွေဓားက ပါးစပ်မှအော်ဟစ်ကြုံးဝါးကာ ကြူးလန်းရှု နောက်မှခုန်လွှားကာလိုက်လာသည်။ ထို့နောက် လေထဲတွင်ရှိနေဆဲမှာပင် ကြူးလန်းရှုကိုဘယ်ဘက်ရှိဓားဖြင့် ဝိုက်ကာခုတ်သည်။

ကြူးလန်းရှုရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ လေထဲဝယ်ခုန်လွှားနေစဉ် အတိုက်ခံရခြင်းဖြစ်သောကြောင့် တိမ်းရှောင်ရန် အတော်ပင်ခက်သည်။

သို့သော်.... ကြူးလန်းရှုမှာ အတွေ့အကြုံရင့်ကျက်သော အဆင့်မြင့်သိုင်းသမားတစ်ယောက်ပီပီ အရေးကြုံတော့ သက်လုံကောင်းသည်။

ကြူးလန်းရှုက ကိုယ်ခန္ဓာကို တစ်ပတ်လှည့်လိုက်ရာ သိသိလေးကပ်လွဲသွားသည်။ ဓားချက်ကိုတိမ်းရှောင်ပြီးနောက် ကြူးလန်းရှုသည် မြေကြီးပေါ်သို့ညင်သာစွာပြန်ကျလာသည်။

ထိုအချိန်တွင်.... ကျန်သိုင်းသမားသုံးယောက်မှာလည်း ကြူးလန်းရှုကိုလိုက်၍မီလာသည်။ ထိုသူသုံးယောက်မှာ လက်နက်များကိုယ်စီကိုင်ဆောင်ထားကြပြီးဖြစ်သည်။ ဝမ်က ဓားရှည်ကိုင်သည်။ စစ်၏လက်နက်မှာမူ စုတ်တံဖြစ်သည်။

ဖုန်ကမူ ဘီးဝိုင်းလက်နက်နှစ်ခုကိုဘယ်ညာလက်များတွင် ကိုင်ဆောင်ထားသည်။



မြေကြီးပေါ်သို့ ကြူးလန်းရှုခြေချရပ်မိသည်နှင့် ဝမ်က ကြူးလန်းရှု၏ခြေထောက်အောက်ပိုင်းကို ဓားဖြင့်ဝိုက်ကာ ပိုင်းချလိုက်သည်။ အပိုင်ခုတ်ပိုင်းလိုက်သောဓားချက်ဖြစ်သည်။

တော်ရုံလူဆိုလျှင် ဓားချက်အထိခံရကာ ခြေထောက်ပြတ်ထွက်သွားလောက်သည်။ သို့ရာတွင်... ကြူးလန်းမှာ ထိပ်တန်းအဆင့်မြင့်သိုင်းသမားတစ်ယောက်ပီပီ ဝမ်၏ခုတ်ပိုင်းလာသောဓားထက် ပိုသွက်သောဓားချက်ဖြင့် ဝမ်၏လည်ပင်းကိုလှမ်းထိုးလိုက်သည်။

ဝမ်၏ဓားချက်က ကြူးလန်းရှု၏ခြေထောက်ကိုမထိမီမှာပင် ကြူးလန်းရှု၏ဓားချက်က ဝမ်၏လည်မျိုသို့ထိုးမိလုလုဖြစ်သွားသည်။ ဝမ်မှာထိတ်လန့်သွားပြီး.... ဓားချက်ကိုရုပ်သိမ်းကာ နောက်သို့ ကမန်းကတန်းဆုတ်သွားသည်။

ထိုအချိန်မှာပင် ဝမ်ကစုတ်တံလက်နက်ဖြင့် ကြူးလန်းရှုကိုထိုးနှက်တိုက်လာပြန်သည်။ စုတ်တံလက်နက်၏တိုက်ခိုက်မှုက ကြူးလန်းရှု၏နောက်ကျောဘက်မှအငိုက်ဖမ်းကာ ဝင်လာခြင်းဖြစ်သည်။ သို့သော်... အစဉ်သတိရှိနေသောကြူးလန်းရှုမှာ အငိုက်မမိပေ။

ခြေလှမ်းတစ်ဝက်ဘေးသို့လှမ်းကာ ကိုယ်ခန္ဓာကိုသာ တိမ်း၍ရှောင်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ခြေဖနောင့်ကိုဗဟိုပြုလျက် နောက်ကိုရှာခနဲလှည့်ကာ ဓားကိုဝိုက်၍ခုတ်လိုက်သည်။

"ဒေါင်...."

ဓားချက်က စစ်၏စုတ်တံလက်နက်ကိုထိသွားသည်။

သို့သော် စုတ်တံလက်နက်မှာ အကောင်းစားသံမဏိဖြင့် ပြုလုပ်ထားသောကြောင့် ကျိုးပြတ်ခြင်းမရှိပေ။ စစ်က မြဲမြံစွာကိုင်ထားသောကြောင့် လက်မှလွတ်သွားခြင်းမရှိ။ သို့သော် စစ်၏ ညာလက်တစ်ခုလုံးမှာမူ အတော်ပင်နာကျင်သွားသည်။

စစ်မှာလည်း အလန့်တကြားဖြစ်ကာ နောက်သို့ကမန်းကတန်းဆုတ်သွားပြန်သည်။ ထိုအချိန်တွင်... ဖုန်နှင့်လေပွေဓားဝှူစန့်စိန့်တို့က ကြူးလန်းရှူကိုဘယ်ညာညှပ်ကာတိုက်ခိုက်ပြန်သည်။

ကြူးလန်းရှူက ဖုန်ကိုဘယ်ခြေဖြင့်လှမ်းကန်ပြီး ညာလက်ရှိဓားဖြင့် လေပွေဓား၏ဝမ်းဗိုက်ကိုလှမ်းထိုးသည်။ လေပွေဓားက ဘယ်ညာလက်နှစ်ဖက်တွင်ကိုင်ထားသော ဓားရှည်နှစ်လက်ကို ဆီး၍ညှပ်လိုက်သည်။

ကြူးလန်းရှူ၏ဓားရှည်မှာ လေပွေဓား၏ဓားနှစ်လက်ကြားဝယ်ညှပ်မိသွားသည်။ ခြေကန်ချက်ကမူ ဖုန်ကိုကျကျနန ထိထိမိမိကန်မိသည်။ ဖုန်မှာ ခြေကန်ချက်ကြောင့် နောက်သို့ယိမ်းယိုင်ပြီး မြေကြီးပေါ်ဖင်ထိုင်လျက်လဲကျသွားသည်။



သို့သော် ချက်ကောင်းကိုမထိသောကြောင့် ဒဏ်ရာပြင်းပြင်းထန်ထန်မရပေ။ ဖင်ထိုင်လျက်လဲကျနေရာမှ ချက်ချင်းပြန်ထလာနိုင်သည်။ တစ်ယောက်ချင်းစီနှင့် ရင်ဆိုင်တိုက်ခိုက်ပြီးနောက် ဤလူလေးယောက်လုံးမှာ မိမိနှင့်ပြိုင်ဘက်မဟုတ်ကြောင်း ကြူးလန်းရှူနားလည်လိုက်သည်။

အကြိတ်အနယ်တိုက်ခိုက်လျှင် သိုင်းကွက် (၁၀၀)မပြည့်မီမှာပင် ထိုလူလေးယောက်ကိုအနိုင်ရနိုင်မည်ဖြစ်သည်။

သို့ရာတွင် လက်ရှိအခြေအနေတွင် ကြူးလန်းရှူ၏လက်စွဲဓားရှည်ကို လေပွေဓားကဓားနှစ်လက်ဖြင့်ညှပ်ကာဖမ်းမိထားသည်ဖြစ်ရာ ကြူးလန်းရှူအတွက်အကျပ်အတည်းအခြေအနေနှင့်ရင်ဆိုင်နေရသည်။

ထို့ကြောင့်.... ကြူးလန်းရှူကအညှပ်ခံထားရသော မိမိဓားရှည်ကိုဆွဲထုတ်နိုင်အောင်ကြိုးစားရသည်။

ဤသို့ ကြိုးစားမည်ကြံကာရှိသေးသည်။

စစ်၏စုတ်တံ လက်နက်က ကြူးလန်းရှူ၏သေကွင်းသေကွက်နေရာကို ခြိမ်းခြောက်တိုက်ခိုက်လာပြန်သည်။

ကြူးလန်းရှူအတွက်အညှပ်ခံထားရသောဓားရှည်ကို လွတ်အောင်ပြုဖို့အချိန်မရတော့။ ဓားရှည်ကိုဆွဲယူထုတ်နေလျှင် စုတ်တံလက်နက် အထိခံရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်… ကြူးလန်းရှုသည် ညာလက်တွင်ကိုင်ထားသောဓားရှည်ကိုလက်လွှတ်ပေးပြီး မြေခွေးမြေလူးသိုင်းကွက်ဖြင့် မြေကြီးပေါ်တွင်လှိမ့်ကာ တိမ်းရှောင်ပေးလိုက်ရသည်။

စုတ်တံလက်နက်ဖြင့် အတိုက်ခံရမည့်ဘေးမှလွတ်အောင်ရှောင်လိုက်နိုင်သည်။ သို့သော် ကြူးလန်းရှုမှာလက်နက်မဲ့ဖြစ်သွားရလေပြီ။

အင်အားကောင်းသော ရန်သူအများစုနှင့် ရင်ဆိုင်တိုက်ခိုက်နေရချိန်တွင် လက်နက်မဲ့ဖြစ်သွားမှုက ကြူးလန်းရှုအတွက် အတော်ပင် အခြေအနေဆိုးသွားစေသည်။

ဖုန်က အခွင့်ကောင်းကိုမိမိရရအသုံးချကာ မြေကြီးပေါ်လှိမ့်နေသော ကြူးလန်းရှုကို ညာဘက်လက်တွင်ကိုင်ထားသောဘီးဝိုင်းလက်နက်ဖြင့် အပိုင်ခုတ်ချတိုက်ခိုက်လိုက်သည်။

လက်နက်မဲ့ဖြစ်နေသည့်အပြင် မြေကြီးပေါ်လူးလှိမ့်ကာစုတ်တံလက်နက်ကို တိမ်းရှောင်နေရခိုက်မို့ ကြူးလန်းရှုမှာ ဖုန်၏တိုက်ခိုက်မှုကို တုံ့ပြန်နိုင်သည့်အခြေအနေတွင်မရှိ။

ဘီးဝိုင်းလက်နက်ဖြင့် ခုတ်ခံရတော့မည့်အခြေအနေမျိုးသို့ရောက်နေသည်။

"ဝှစ်…."

ထိုအချိန်မှာပင်….



တိုးညင်းသောလေခွင်းသံနှင့်အတူ သေးငယ်သောခဲလုံးလေးတစ်ခု လျှင်မြန်စွာလွင့်ပျံဝင်ရောက်လာသည်။

ထိုခဲလုံးလေးသည် ဖုန်၏ညာလက်ကောက်ဝတ်ပေါ်ရှိအစိကသွေးကြောကွက်နေရာကို ကျကျနနထိမိသည်။

သွေးကြောကွက်နေရာပေါ်သို့ ထိမိသည်ဖြစ်သောကြောင့် ဖုန်၏ညာလက်တစ်ခုလုံး ကျဉ်တက်ပြီး ညာလက်တွင်ကိုင်ထားသောဘီးဝိုင်းလက်နက်မှာလည်း လက်မှလွှတ်ထွက်သွားသည်။

"ကြူးလန်းရှု ဘာမှမပူနဲ့ ကျွန်တော်တို့ဝိုင်းကူဖို့ရောက်လာပြီ"

အော်ဟစ်ပြောဆိုသံနှင့်အတူ လူရိပ်နှစ်ရိပ်လျင်မြန်စွာပြေးဝင်ရောက်ရှိလာသည်။ မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်၏လူရင်းများဖြစ်ကြသော လီဟွေနှင့်လီလုံတို့နှစ်ယောက်ပင်ဖြစ်ကြ၏။

စောစောက… ဖုန်၏လက်ကိုထိမှန်သွားသော ခဲလုံးကိုလီဟွေကပစ်လိုက်ခြင်းဖြစ်သည်။

ကြူးလန်းရှုဘက်မှ စစ်ကူနှစ်ယောက်ပေါ်လာသည့်အတွက် ဝူစန်စိန်တို့လူစုမှာအတော်အံ့သြသွားကြသည်။ ကြူးလန်းရှုကလည်း အခွင့်ကောင်းကိုလက်မလွှတ်တမ်းအသုံးချကာ အကွက်အတည်းမှအလွတ်ရုန်းထွက်သွားနိုင်ခဲ့သည်။

ထို့ပြင်….

www.burmeseclassic.com

www.burmeseclassic.com



မြေကြီးပေါ်ကျနေသောဓားရှည်ကိုလည်း ကြူးလန်းရှုက အရပြန်ကောက်ယူလိုက်နိုင်ခဲ့သည်။ ထို့နောက် ဆက်လက်တိုက်ခိုက်ကြပြန်သည်။ ယခုအကြိမ်တိုက်ခိုက်မှုသည် ပထမတိုက်ခိုက်မှုထက် ပိုပြင်းထန်သည်။

ပိုကြောက်စရာကောင်းသည်။

ပို၍အကြိတ်အနယ်ရှိသည်။

လီပျော့က လေပွေဓားနှင့်ရင်ဆိုင်သည်။

လီလုံကမူ ဝမ်ကိုတိုက်ခိုက်သည်။

ကြူးလန်းရှုက ဖုန်နှင့်စစ်တို့ကိုရင်ဆိုင်တိုက်ခိုက်သည်။

နှစ်ယောက်နှင့်တစ်ယောက် ယှဉ်တိုက်ရသည်ဖြစ်သောကြောင့် ကြူးလန်းရှုအဖို့ စောစောကလောက် အကျဉ်းအကျပ်မတွေ့ရတော့။ အသာစီးမှတိုက်ခိုက်နေနိုင်သည်။

ထိုအချိန်မှာပင် တိုက်ပွဲဖြစ်နေရာသို့လူတစ်ယောက်ပြေးဝင်လာပြန်သည်။ ရိကျုန့်ပင်ဖြစ်သည်။

ရိကျုန့်သည် ကြူးလန်းရှု၏နောက်သို့လိုက်ရာတွင် လမ်းကြောင်းလွဲသွားခဲ့ပြီး ယခုမှမီလာခြင်းဖြစ်သည်။

"ခင်ဗျားတို့ဖယ်ကြ... ဒီကောင့်ကို ကျုပ်ကိုယ်တိုင်ရှင်းမယ်"

ရိကျုန့်က အော်ပြောသည်။



ကြူးလန်းရှုနှင့်ရင်ဆိုင်တိုက်ခိုက်နေသောဖုန်နှင့်စစ်တို့သည် နောက်ဆုတ်ပေးလိုက်ကြသည်။

ရိကျုန့်က ကြူးလန်းရှုထံသို့လွှားခနဲခုန်ဝင်ကာ ပြင်းထန်သွက်လက်လှသောဓားချက်များဖြင့် ရက်ရက်စက်စက်ပင် တိုက်ခိုက်၏။ ရိကျုန့် ဓားစွမ်းထက်ကြောင်းသိထားသည့်ကြူးလန်းရှုက သတိရှိရှိဖြင့် ရိကျုန့်၏တိုက်ခိုက်မှုများကို တစ်ကွက်ချင်းခုခံနေ၏။

"ကြူးလန်းရှု ဘာကြောင့် မြို့စားကြီးကျူတာ့စူးကိုလုပ်ကြံခဲ့ရတာလဲ"

အပြင်းအထန်တိုက်ခိုက်ရင်း ရိကျုန့်ကမေးသည်။

"ဒီလိုလုပ်တာအကြောင်းရှိလို့ပေါ့"

ကြူးလန်းရှုက ရိကျုန့်၏ပြင်းထန်သောဓားချက်များကို ပိတ်ဆို့ခုခံရင်းပြန်ဖြေသည်။

"ခင်ဗျား ဝမ်ပါကျိုရဲ့ဘက်တော်သားဖြစ်သွားပြီလား"

"အဲဒီလိုပြောမယ်ဆိုရင် ပြောနိုင်ပါတယ်"

ပါးစပ်ကစကားပြောရင်း ဓားချက်သွက်သွက်များဖြင့် တိုက်ခိုက်နေကြရာ တစ်ခဏအတွင်းမှာပင် သိုင်းကွက်သုံးဆယ်ကျော်ရင်ဆိုင်တိုက်ခိုက်ပြီးသွားသည်။

ထိုအချိန်တွင်... လီပျော့နှင့်လီလုံတို့နှစ်ယောက်၏အခြေအနေမှာ အတော်ပင်ဆိုးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်နှင့်စစ်တို့က လေပွေမားနှင့်ဝမ်တို့ကို တစ်ယောက် အားဖြည့်ကူညီပေးကြရာ လီပေ့ွနှင့်လီလုံတို့မှာ တစ်ယောက်နှင့် နှစ်ယောက်ရင်ဆိုင်တိုက်ခိုက်နေကြရသည့်အခြေအနေမျိုး ဖြစ်နေ သည်။ လီပေ့ွနှင့်လီလုံတို့မှာအရေးနိမ့်နေကြသည်။

နှစ်ယောက်သားဆုတ်ပြေးရန် ကြံရွယ်နေကြဆဲမှာပင် လီပေ့ွမှာ ဖုန်၏ဘီးဝိုင်းလက်နက်အထိခံရကာ လဲကျသွားသည်

"ကြူးလန်းရှုရေ... မဟန်တော့ဘူး၊ ကျွန်တော်တို့ဆုတ် ပြေးကြစို့"

လီလုံမှာ ဆက်လက်တိုက်ခိုက်ခြင်းမပြုဝံ့တော့ဘဲ ကြူး လန်းရှုကိုလှမ်းအော်ပြောကာ အတင်းထွက်ပြေးသွားသည်။ စစ်နှင့် ဝမ်တို့က လီလုံနောက်မှပြေးလိုက်ကြမည်ပြုရာ ....

"ဒီကောင်က အရေးမကြီးဘူး၊ သူ့နောက်ကို လိုက်မနေ ကြူးလန်းရှုကိုပဲ အပိုင်ဝိုင်းတိုက်ကြ"

လေပွေမားဝူစန်စိန်ကအော်ပြောသည်။ ထို့နောက် လေ ယောက်သား ကြူးလန်းရှုနှင့် ရိကျန့်တို့တိုက်ခိုက်နေရာသို့ ပြေး လာကြသည်။ ကြူးလန်းရှုလည်း ဆက်လက်တိုက်ခိုက်ခြင်း မပြု တော့ဘဲ ရိကျန့် နောက်သို့ဆုတ်သွားအောင် ဘွက်လက်သော ချက်များဖြင့်ဟန့်ထုတ်ပြီး ချာခနဲလှည့်ကာ လီလုံနောက်သို့ပြေး လိုက်လာခဲ့သည်။

www.burmeseclassic.com



ရိကျန့်တို့ငါးယောက်ကလည်း ကြူးလန်းရှုတို့နောက် အ တင်းပြေးလိုက်လာကြသည်။ ဤသို့ပြေးရင်းလိုက်ရင်းနှင့် အတန် ကြာသောအခါ မြစ်ကြီးတစ်ခုနားသို့ရောက်လာကြသည်။

ရှေ့ဆက်ပြေးစရာ မြေမရှိတော့။

"လီလုံ ခင်ဗျားရေကူးတတ်သလား"

ကြူးလန်းရှုကလီလုံကိုလှမ်းမေးသည်။

"ကောင်းကောင်းကူးတတ်ပါတယ်"

ဤသို့အဖြေပေးပြီး လီလုံသည် မြစ်ထဲသို့ဝုန်းခနဲခုန်ချ လိုက်သည်။ ကြူးလန်းရှုသည် လီလုံ၏နောက်မှခုန်ချ၍ လိုက်လာ ခဲ့၏။

"ရေစုန်အတိုင်း ရေငုပ်ပြီးမျှောလိုက်သွားမယ်"

ရေထဲသို့ရောက်သည်နှင့် ကြူးလန်းရှုကို ရိကျန့်တို့လူစု ဆက်မလိုက်နိုင်ကြတော့ပေ။ မြစ်ကမ်းနဖူးတွင်သာ ခြေလှမ်းကို တုံ့ရပ်လိုက်ကြရသည်။

၀၀၀

www.burmeseclassic.com



နံနက်မိုးသောက်အချိန် လူသူကင်းဝေးသောတောရိုင်းတောင်ခြေတစ်နေရာ။ တသွင်သွင်စီးဆင်းနေသောမြစ်ကမ်းဘေးသို့ လူနှစ်ယောက်ရောက်ရှိလာကြသည်။

ထိုသူနှစ်ယောက်မှာ ကြူးလန်းရှုနှင့်လီလုံတို့ ဖြစ်ကြသည်။ ကြူးလန်းရှု၏လက်ထဲဝယ် ပတ္တမြားကျောက်စီဓားတစ်လက်ကိုင်ထားသည်။

"အင်း... တကယ့်ကိုရေစီးကြမ်းတဲ့မြစ်ပဲ၊ ကံကောင်းလို့ရေနစ်မသေတယ်"

မြစ်ကမ်းပါးပေါ်သို့တက်မိသောအခါ ကြူးလန်းရှုက သက်ပြင်းလေးလေးကြီးတစ်ချက်ချပြီး ပြောသည်။

"ဟုတ်တယ်ဗျာ... ရေစီးကသန်တဲ့အပြင် ရေကလဲ သိပ်နက်တယ်၊ ကျွန်တော်ဖြင့် ကမ်းစပ်ကိုရောက်အောင် ကူးနိုင်မယ်လို့တောင် မထင်ဘူး"

လီလုံကပြန်ပြောသည်။ ကြူးလန်းရှုနှင့်လီလုံတို့သည် ရေစိုနေသောအဝတ်များကိုချွတ်ကာ ရေစင်အောင်ညှစ်၍ နေလှမ်းထားလိုက်ကြသည်။

"ခင်ဗျားနဲ့လီဟွေနဲ့က မျိုးနွယ်နာမည်ချင်းတူကြတယ်၊ ခင်ဗျားတို့နှစ်ယောက် ဘယ်လိုတော်စပ်သလဲ"

ကြူးလန်းရှုကမေးသည်။



"ကျွန်တော်တို့ညီအစ်ကိုရင်း တော်ပါတယ်"

"ဪ... ဟုတ်လား၊ ဒါပေမဲ့ လီဟွေရန်သူ့လက်ချက်ကြောင့် အသက်သေဆုံးသွားတာကို ခင်ဗျားအနေနဲ့ဘယ်လိုမှစိတ်ထိခိုက်ပုံမရပါလား"

"အင်း... စိတ်ထိခိုက်ပြီး ဝမ်းနည်းကြေကွဲနေလို့ကော ဘာအကျိုးရှိမှာလဲ၊ မိုးနတ်မယ်အဖွဲ့ရဲ့ ပိတုန်းမင်းသားလုပ်နေတဲ့နောက်တော့ ဒီလိုအလုပ်မျိုး တစ်နေ့မဟုတ်တစ်နေ့ဆုံတွေ့ရမှာပါပဲ၊ မဆန်းပါဘူး"

လီလုံက သက်ပြင်းကြီးတစ်ချက်ချကာပြောသည်။

"ဒီလိုမှန်း သဘောပေါက်နားလည်လျက်သားနဲ့ ခင်ဗျားတို့နှစ်ယောက်က ဘာကြောင့်ပိတုန်းမင်းသားတွေလုပ်နေကြရတာလဲ"

"ဒီကမ္ဘာလောကကြီးမှာ အရေးကိစ္စအတော်များများဟာကိုယ့်သဘောအလျောက်မဟုတ်ဘဲ မလွှဲသာမရှောင်သာတဲ့ အကြောင်းတစ်ခုခုကြောင့် လုပ်ဆောင်နေကြရတာပဲမဟုတ်လား၊ ခင်ဗျားကိုယ်တိုင်လဲ ကျူတာ့စူးကိုမလုပ်ကြံချင်ဘဲနဲ့ လုပ်ကြံခဲ့ရတာမဟုတ်လား"

"လက်စသတ်တော့ ခင်ဗျားတို့ညီအစ်ကိုနှစ်ယောက်ကိုမိုးနတ်မယ်အဖွဲ့က အကျပ်ကိုင်သိမ်းသွင်းထားတာကိုး၊ မြေဒိမ်း

www.burmeseclassic.com

www.burmeseclassic.com



ပါဦးဗျာ.... ဘာအကြောင်းပေါ်မှာအခြေပြုပြီး အကျပ်ကိုင်ထားတာလဲ"

"ဒီကိစ္စကိုမပြောရစေနဲ့ဗျာ"

"ခင်ဗျားမပြောချင်ရင်လဲ မမေးတော့ပါဘူး၊ မိုးနတ်မယ်အဖွဲ့ရဲ့ခေါင်းဆောင် ဘယ်မှာရှိတယ်ဆိုတာကိုသာပြောပြစမ်းပါ"

"ခင်ဗျားကို မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်ရှေ့မှောက်ရောက်အောင်ခေါ်သွားပေးပါ့မယ်၊ ဒီတော့ ခင်ဗျားမေးတဲ့မေးခွန်းကို ကျွန်တော်ဖြေစရာမလိုတော့ပါဘူး"

"သူရှိတဲ့နေရာကိုရအောင် ဘယ်နှစ်ရက်လောက်သွားရမှာလဲ"

"ဒီအကြောင်းကို ကျွန်တော့်အနေနဲ့ဖြေခွင့်မရှိပါဘူး၊ အဲဒီအတွက်ဝမ်းနည်းပါတယ်"

"ခရီးသိပ်ဝေးမယ်ဆိုရင်.... ဒီပတ္တမြားကျောက်စီဓားကို သေတ္တာတစ်ခုခုနဲ့ထုပ်ပြီး ယူသွားမှဖြစ်မယ်၊ မဟုတ်ရင် ဒီဓားကို လူတွေတွေ့ပြီး ပြဿနာတက်လာနိုင်တယ်"

"မလိုပါဘူး... ဒီနေ့ပဲ မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်နဲ့ ခင်ဗျားတွေ့ရပါလိမ့်မယ်၊ အဝတ်တွေခြောက်တာနဲ့ ကျွန်တော်တို့ ခရီးဆက်ကြတာပေါ့"

နေပူရှိန်ပြင်းသောကြောင့် မကြာမီမှာပင် ရေစိုနေသော



အဝတ်များခြောက်သွေ့သွားသည်။ ခြောက်သွေ့သွားသောအဝတ်အစားများကိုဝတ်ဆင်ပြီးနောက် ပတ္တမြားကျောက်စီဓားကို ပဝါစတစ်ခုဖြင့်ထုပ်ကာ ခရီးဆက်ခဲ့ကြလေသည်။

ဝဝဝ

ညနေလေးနာရီလောက်တွင် ကြူးလန်းရှုနှင့်လီလုံတို့ နှစ်ယောက်သည် တောင်တန်းတစ်ခု၏ခြေရင်းသို့ရောက်လာကြ၏။

"ကျွန်တော်တို့ ဒီနေရာမှာခဏလောက်နားပြီးမှ ခရီးဆက်ကြတာပေါ့"

လီလုံက ဤသို့ပြောပြီး သစ်ပင်ကြီးတစ်ပင်၏ခြေရင်းတွင် ဝင်ထိုင်လိုက်သည်။ ကြူးလန်းရှုလည်း လီလုံ၏ဘေးဝယ်ဝင်ထိုင်သည်။ လီလုံသည် သစ်ပင်ကြီးကိုအကာအကွယ်ယူကာ နောက်သို့လှမ်းမျှော်ကာကြည့်နေသည့်အတွက် ကြူးလန်းရှုက မေးခွန်းထုတ်လိုက်သည်။

"ကျွန်တော်တို့နောက်က နောက်ယောင်ခံလိုက်နေတဲ့လူရှိနေလို့လား"

"နောက်ယောင်ခံလိုက်နေတဲ့လူကိုတော့ မတွေ့ရသေးပါဘူး၊ ဒါပေမဲ့ ကြိုတင်ပြင်ဆင်မှုလုပ်တဲ့အနေနဲ့ကြည့်နေတာပါ"

လီလုံက ပြန်အဖြေပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ထမင်းအိုးတစ်လုံးချက်ခန့် ကြာသည်အထိ ထိုနေရာဝယ်ထိုင်ကာ နောက်ယောင်ခံလိုက်လာသူ ရှိမရှိ စောင့်ကြည့်ကြသည်။

မည်သူမျှနောက်ယောင်ခံကာ လိုက်မလာကြောင်း သေချာသောအခါတွင်မှ တောင်တန်းကြီး၏အလယ်ပိုင်းလောက်တွင် ရှိသော တောင်တစ်ခုပေါ်သို့တက်လာခဲ့ကြသည်။

တောင်မှာသိပ်မမြင့်ပေ။ အချိန်အနည်းငယ်အတွင်းမှာပင် တောင်ပေါ်သို့အရောက် တက်လာနိုင်ခဲ့ကြသည်။ တောင်ပေါ်တွင် အတော်ကျယ်ပြန့်သောလွင်ပြင်တစ်ခုရှိသည်။

"ဒီတောင်ကို ဘာတောင်လို့ခေါ်သလဲ"

တောင်ပေါ်လွင်ပြင်သို့ရောက်ရှိသောအခါတွင် ကြူးလန်းရှုကမေးလိုက်သည်။

"ကျားကြီးတောင်လို့ခေါ်တယ်"

လီလုံကပြန်ဖြေသည်။

"ကျွန်တော်က မိုးနတ်မယ်အဖွဲ့ဌာနချုပ်စခန်းဟာ ဟိန်းတောင်တန်းက ဟူယုန်တောင်ထိပ်မှာရှိမယ်လို့ထင်နေတာ"

လီလုံက ဘာမျှပြန်အဖြေမပေးဘဲ ရှေ့သို့ဆက်လျှောက်သွားသည်။ မကြာမီမှာပင် တောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိသွားကြသည်။



သစ်တောတွင်းသို့ မိုင်ဝက်ခန့်ဝင်မိသောအခါ အိမ်ကြီးတစ်ဆောင်ကိုတွေ့ကြရသည်။ အိမ်ကြီးမှာ အတော်ပင်ကြီးကျယ်ခမ်းနားသည်။ ကြူးလန်းရှု၏စိတ်အထင် ထိုအိမ်ကြီးအတွင်းတွင် အခန်းပေါင်းတစ်ရာကျော်ရှိမည်ဟု ခန့်မှန်းမိသည်။

ကြူးလန်းရှုနှင့်လီလုံတို့ အိမ်ရှေ့တံခါးဝသို့ရောက်သွားချိန်တွင် တံခါးပေါက်ကအဆင်သင့်ပင်ပွင့်သွားသည်။

တံခါးဖွင့်ပေးသူမှာ ကွေ့ခက်ဖြစ်သည်။

ကွေ့ခက်သည်ကြူးလန်းရှုတို့ရောက်ရှိလာသည်ကို လှမ်းတွေ့သောကြောင့် တံခါးကို အချိန်ကိုက်ဖွင့်ပေးခြင်း ဖြစ်ဟန်တူသည်။

"လာ... ကျွန်မနောက်ကိုလိုက်ခဲ့ပါ၊ အဖွဲ့ခေါင်းဆောင်ကရှင်တို့ကိုစောင့်မျှော်နေပါတယ်"

ကွေ့ခက်က ဤသို့ပြောပြီး ကြူးလန်းရှုနှင့်လီလုံတို့ကို အိမ်ကြီးထဲသို့လမ်းပြခေါ်ဆောင်သွားသည်။ ကြူးလန်းရှု တွေးဆထားသည့်အတိုင်းပင် အိမ်ကြီး၏အတွင်းဘက်တွင် အဆောင်အခန်းများ များပြားလှသည်။

ကွေ့ခက်က ကြူးလန်းရှုတို့ကို စင်္ကြံတစ်ခုမှလမ်းပြပြီး အိမ်ခန်းတစ်ခုထဲသို့ခေါ်ဆောင်သွားသည်။ ထိုအခန်းမှာ ဧည့်ခန်းဆောင်ဖြစ်ဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားထည်ဝါသောတိုင်ခုံကြီးများရှိပြီး အခန်းနံရံတွင် လက်ရာမြောက်သောပန်းချီကားချပ်များ ချိတ်ဆွဲထားသည်။

အခန်း၏အလယ်ဗဟို အချက်အချာကျသောနေရာရှိ ထိုင်ခုံကြီးတွင် မိုးနတ်မယ်အဖွဲ့၏ခေါင်းဆောင် ကျောင်းဖုန်းတင် ထိုင်နေသည်။ ကျောင်းဖုန်းတင်သည် မျက်နှာကိုပဝါအနက်ဖြင့် ဖုံးထားပြီး ဝါးလွှာသောပိုးသားဝတ်စုံကို တစ်ထပ်တည်းဝတ်ထားသည်။ ထိုင်ခုံကြီး၏နောက်တွင် အမျိုးသမီးသုံးယောက်ရပ်နေကြသည်။

တစ်ယောက်မှာ ယွခက်ဖြစ်သည်။ ကျန်နှစ်ယောက်ကိုမူ ကြူးလန်းရှု မတွေ့ဖူးမမြင်ဖူးသေးပေ။

"ကျွန်တော်လီလုံ အဖွဲ့ခေါင်းဆောင်ကိုဂါရဝပြုပါတယ်"

လီလုံကဤသို့ပြောပြီး ဦးညွှတ်အရိုအသေပေး၏။

ကြူးလန်းရှုကမူ မည်သို့မျှအရိုအသေမပေးဘဲ ရပ်မြဲရပ်နေသည်။

"လီလုံ ရှင်လဲအတော့်ကိုပင်ပန်းသွားပြီ၊ ရန်သူ့လက်ချက်ကြောင့် ရှင့်အစ်ကိုလီဟွေသေဆုံးခဲ့တာကျွန်မသိပြီးပြီ၊ မိုးနတ်မယ်အဖွဲ့အတွက် အသက်စွန့်အမှုထမ်းသွားတဲ့လီဟွေကိုချီးမြှင့်တဲ့အနေနဲ့ဆုငွေအမြောက်အမြားပေးပါ့မယ်၊ ဘာမှအားမငယ်ပါနဲ့"

ကျောင်းဖုန်းတင်က လီလုံကိုပြောသည်။



"ဟုတ်ကဲ့... အခုလိုချီးမြှင့်တဲ့အတွက် အဖွဲ့ခေါင်းဆောင်ကြီးကို ကျေးဇူးအများကြီးတင်ပါတယ်"

လီလုံက ဦးညွှတ်ကာကျေးဇူးတင်စကားပြောသည်။

"ကြူးလန်းရှု... ရှင့်ကို ကျွန်မတို့ပေးအပ်လိုက်တဲ့တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်နိုင်ခဲ့တဲ့အတွက် ကျွန်မကကြိုဆိုဂုဏ်ပြုပါတယ်"

ကျောင်းဖုန်းတင်က ကြူးလန်းရှုကိုလှမ်းပြောသည်။

"ကျွန်တော် တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ခဲ့တဲ့အကြောင်း ခင်ဗျားဘယ်လိုလုပ်သိတာလဲ"

မိုးနတ်မယ်အဖွဲ့၏လူများ မိမိနောက်မှနောက်ယောင်ခံလိုက်ကာအကဲခတ်ကြည့်နေကြမည်ဖြစ်ကြောင်း ကြူးလန်းရှုကြိုတင်တွက်ဆထားပြီးဖြစ်သည်။

သို့ရာတွင်....

တမင်မသိဟန်ဆောင်ကာ မေးလိုက်ခြင်းဖြစ်သည်။

"ရှင်လုပ်ဆောင်တာတွေကို ကျွန်မလူတွေကတစ်ဆင့်သိနေပါတယ်"

"မြို့စားကြီးကျူတာ့ရှူးရဲ့စခန်းထဲမှာ ခင်ဗျားရဲ့သူလျှိုတွေရှိနေတယ်ပေါ့ဟုတ်လား"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီမှာ ကျုံးတော့ရူးရဲ့ ပတ္တမြားကျောက်စီဓား၊ ခင်ဗျား ကိုယ်တိုင်စစ်ဆေးကြည့်ပေတော့"

ကြူးလန်းရှုက ပဝါစဖြင့်ထုပ်စည်းထားသော ပတ္တမြား ကျောက်စီဓားကိုကိုင်မြှောက်ပြပြီးပြောလိုက်သည်။

"ကိုယ်တိုင်စစ်မကြည့်တော့ပါဘူး... ရှင်ကပဲ အဝတ်ကို ဖြေပြပါ၊ ကျွန်မအဝေးကကြည့်နေမယ်"

ကျောင်းဖုန်းတင်ကပြန်ပြောသည်။

ကြူးလန်းရှုကလည်း ကျောင်းဖုန်းတင်ပြောသည့်အတိုင်း ပဝါကိုဖြေကာ ပတ္တမြားကျောက်စီဓားကိုကိုင်မြှောက်ပြသည်။

"တော်ပါပြီ... ပြန်ထုပ်ထားလိုက်ပါတော့"

ကျောင်းဖုန်းတင်က တစ်ချက်မျှသာလှမ်းကြည့်ပြီးပြော၏။ ကြူးလန်းရှုကလည်း ဓားကိုပဝါဖြင့်ပြန်ထုပ်လိုက်သည်။

"ကိုင်း... ကျွန်တော့်တာဝန်ကျေပြီ၊ ခင်ဗျားပြောထားတဲ့ အတိုင်း လောင်ရှောက်မေနဲ့ကျားဖြူမတို့သားအမိကို ပြန်လွှတ်ပေး ပါတော့"

ကြူးလန်းရှုကပြောလိုက်သည်။

"ကောင်းပါပြီ... သူတို့ကိုပြန်လွှတ်ပေးပါ့မယ်၊ ဒါပေမယ့် ပြန်လွှတ်တဲ့အထဲမှာ ရှင်တော့မပါဘူးနော်၊ ကျွန်မတို့ မိုးနတ်မယ် အဖွဲ့အတွက် ဆက်ပြီးအကျိုးဆောင်ပေးရမယ်"



"ဒါကို ကျွန်တော်နားလည်ပါတယ်"

"ပြီးတော့ ပြန်လွှတ်ပေးလိုက်တဲ့လူသုံးယောက်က ကျွန်မ တို့ကို နောက်နောင်လာရောက်မနှောင့်ယှက်ဖို့ကိုလဲ ရှင်ကတာဝန် ယူရမယ်"

"လောင်ရှောက်မေအတွက်တော့ ကျွန်တော်တာဝန်ယူပါ တယ်၊ ကျားဖြူမတို့သားအမိကိုတော့ ကျွန်တော်မပိုင်ဘူး၊ ခင်ဗျား တို့လိုလားတဲ့အတိုင်းဖြစ်ဖို့တော့ ကြိုးစားပြီးပြောပေးပါ့မယ်"

ကျောင်းဖုန်းတင်ကခေါင်းညိတ်ပြပြီးနောက် ယူခက်ဘက် သို့လှည့်၍ပြောလိုက်သည်။

"ယူခက်... ကြူးလန်းရှုကို ကျားဖြူမတို့သုံးယောက်ရှိတဲ့ နေရာကိုခေါ်သွားလိုက်ပါ၊ ကျားဖြူမတို့ကိုလဲ အကျိုးအကြောင်း ပြောပြပါ၊ တကယ်လို့ သူတို့က လာမနှောင့်ယှက်တော့ပါဘူးလို့ ကတိပေးရင် သူတို့ကိုပြန်လွှတ်ပေးလိုက်ပါ"

"အမိန့်အတိုင်းပါ"

ယူခက်သည် အမိန့်နာခံပြီးကြူးလန်းရှုကိုခေါ်ကာ အခန်း ထဲမှထွက်လာခဲ့သည်။

ooo

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၃ )

ယူခက်က ကြူးလန်းရှုကိုစကြိုလမ်းတစ်ခုအတိုင်း အိမ်အတွင်းဘက်သို့ခေါ်သွားသည်။

အခန်းတစ်ခုသို့ရောက်သောအခါ လျှို့ဝှက်ခလုတ်တစ်ခုကိုနှိပ်လိုက်ရာ နံရံဗီရိုကြီးတစ်ခုမှာရွေ့လျားသွားပြီးလျှို့ဝှက်တံခါးပေါက်တစ်ခုပေါ်လာသည်။

ယူခက်က ရှေ့ဆောင်ကာ ထိုလျှို့ဝှက်တံခါးမှဝင်ခဲ့သည်။ လျှို့ဝှက်တံခါးကိုဝင်လိုက်သည်တွင် မြေအောက်ဘက်သို့ဆင်းသောလှေကားထစ်များကိုတွေ့ရသည်။

လှေကားထစ်များအတိုင်းဆင်းလာခဲ့ကြရာ...

မြေအောက်ခန်းများသို့ရောက်လာသည်။

ထိုမြေအောက်ခန်းများမှာ အချုပ်ခန်းများပင်ဖြစ်သည်။ ယူခက်က ညာဘက်အစွန်ဆုံးရှိအချုပ်ခန်း၏တံခါးကို သော့ဖွင့်လိုက်သည်။



"အဲဒီအခန်းထဲမှာ လောင်ရှောက်မေရှိနေတယ်၊ ရှင်ဝင်သွားပေတော့"

အချုပ်ခန်းတံခါးဖွင့်ပေးပြီးနောက် ယူခက်က ကြူးလန်းရှုကိုပြုံးစစဖြင့်ကြည့်ပြီးပြောသည်။

"ဒီမှာ အချုပ်ခံနေရတဲ့လောင်ရှောက်မေတို့ကိုလွှတ်ပေးဖို့မဟုတ်လား၊ ဘာကြောင့်... ကျွန်တော်က အချုပ်ခန်းထဲကိုဝင်ရမှာလဲ"

"ရှင်တို့ချစ်သူနှစ်ယောက်ခွဲခွာနေကြရတာ ကြာပြီဆိုတော့ အလွမ်းသယ်ပြီး ချစ်တင်းနှီးနှောနိုင်အောင်လို့ စေတနာနဲ့ပြောတာပါ၊ ကျွန်မအပြင်ကစောင့်နေပါ့မယ်"

"ဟာ... မဟုတ်တာ၊ အခုလိုအခြေအနေအချိန်အခါမျိုးမှာ ဒီစိတ်ကူးမျိုးကျွန်တော့်မှာမရှိပါဘူး"

ကြူးလန်းရှုဤသို့ပြောနေခိုက်မှာပင်.... အချုပ်ခန်းထဲမှ လောင်ရှောက်မေပြေးထွက်လာသည်။

"ကြူးလန်းရှု... ကြူးလန်းရှု... ရှင်ပြန်ရောက်လာတယ်နော်... ကျွန်မ အိပ်မက်မက်နေတာလားဟင်"

ကြူးလန်းရှုကိုတွေ့ရသောအခါ လောင်ရှောက်မေအားရဝမ်းသာပြောပြီး အနီးတွင် ယူခက်ရပ်နေသည်ကိုပင် သတိမထားနိုင်တော့ဘဲ ကြူးလန်းရှု၏ရင်ခွင်ထဲသို့ပြေးဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်မဟုတ်ပါဘူး... တကယ်ပါ၊ မင်းကိုကြည့်ရတာ လန်းလန်းဆန်းဆန်း သပ်သပ်ရပ်ရပ်ပါပဲလား၊ သူတို့က မင်းကို ကောင်းကောင်းမွန်မွန်ထားတယ်နဲ့တူတယ်"

ကြူးလန်းရွှက လောင်ရှောက်မေကို အလိုက်သင့်ပွေ့ဖက်ထားပြီးပြောသည်။

"ဟွန့်... ကျွန်မကို သက်သက်လှောင်တာလား၊ ဒီမှာ ရက်ပေါင်းနှစ်ဆယ်ကျော်ကျော်လောက် အချုပ်အနှောင်ခံထားရတာ ဘယ်လောက်စိတ်ညစ်တယ်မှတ်သလဲ"

"လှောင်တာမဟုတ်ပါဘူး... မင်းက ပန်းကလေးလိုလှပနေလို့ပြောတာပါ"

ထိုအခိုက် ဘေးဘက်ရှိအချုပ်ခန်းတံခါး တဝုန်းဝုန်းလှုပ်ခါပြီး ကျားဖြူမ၏လှမ်းအော်ပြောသံပေါ်လာသည်။

"ကြူးလန်းရွှ မင်းကငါတို့သားအမိကိုမေ့နေပြီလား"

ကြူးလန်းရွှမှာလန့်သွားပြီး လောင်ရှောက်မေကို ရင်ခွင်ထဲမှအသာဖယ်ခွာလိုက်သည်။

ထို့နောက် ယူခက်ကိုလှမ်းပြောသည်။

"သူတို့သားအမိရဲ့အချုပ်ခန်းတံခါးကိုလဲ ဖွင့်ပေးဦးလေ"

ယူခက်က ခေါင်းညိတ်ပြပြီး ကျားဖြူမတို့သားအမိရှိသောအချုပ်ခန်းတံခါးကို သော့ဖွင့်ပေးလိုက်သည်။



ကျားဖြူမနှင့်ရန်ရှန်တို့ အချုပ်ခန်းထဲမှထွက်လာကြ၏။ ရက်ပေါင်းအတော်ကြာကြာအချုပ်ခံနေကြရသည့်အတွက် သူတို့သားအမိ၏အသွင်မှာ နေထိပန်းပမာ အတော်ပင်ညှိုးနွမ်းနေသည်။

"မင်းက ကျူးတာ့စူးကိုသုတ်သင်လာခဲ့ပြီလား"

ကျားဖြူမကကြူးလန်းရွှကိုမေးသည်။

"ဟုတ်ကဲ့... ဒီလိုလုပ်မှ အမေကြီးတို့ကိုကယ်တင်နိုင်မယ် မဟုတ်လား"

ကြူးလန်းရွှက ပြန်အဖြေပေးသည်။

ထို့နောက် ရန်ရှန်ကိုဆက်၍နှုတ်ဆက်စကားဆိုသည်။

"ရန်ရှန်... ခင်ဗျားကိုကြည့်ရတာ အတော်ပင်ပန်းနေပုံရတယ်၊ နေလို့ကောင်းရဲ့လား"

"အင်း... ကျွန်မ ခုမှနားလည်ပါပြီ၊ ရှင်နဲ့လောင်ရှောက်မေတို့ကချစ်သူတွေပဲကိုး"

ရန်ရှန်က စိတ်ထိခိုက်ကြေကွဲဟန်ဖြင့်ပြောသည်။

"ဒီအကြောင်းတွေကို အခုလောလောဆယ်မပြောဘဲထားရင် ကောင်းမယ်ထင်တယ်... ဟုတ်လား"

ရန်ရှန် စိတ်ထိခိုက်နေမှန်း အကဲခတ်မိသောကြောင့် ကြူးလန်းရွှမှာလည်း စိတ်မကောင်းဖြစ်မိကာ ဖျောင်းဖျသောလေသံနှင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ... ကျွန်မတို့ ပန်းတစ်ရာတောင်ကုန်းကိုပဲ ပြန်ပြီး အေးအေးဆေးဆေးနေကြပါစို့"

ရန်ရှန်က ကျားဖြူမကိုလှမ်းပြောသည်။

"လောကကြီးရဲ့အကြောင်းကို သမီးနားလည်သဘော ပေါက်ပြီလား"

ကျားဖြူမက သမီးဖြစ်သူကိုကြင်နာစွာပြောသည်။

"ဟုတ်ကဲ့... သဘောပေါက်ပါပြီ"

ရန်ရှန်က ဤသို့ပြောပြီးခေါင်းငုံ့လိုက်သည်။

ရန်ရှန်၏အသံမှာ ငိုသံပါနေသည်။

"အမေကြီးရဲ့ဒဏ်ရာကကော ဘယ့်နှယ်နေသေးလဲ"

ကြူးလန်းရှုကဝင်မေးသည်။

"အနာကျက်ပြီးသက်သာသွားပါပြီ"

ကြူးလန်းရှုကပြန်ဖြေသည်။

"ကျောင်းဖုန်းတင်က အမေကြီးတို့သားအမိကိုပန်းတစ်ရာတောင်ကုန်းကိုပြန်ပြီး အေးအေးဆေးအေးနေကြစေချင်တယ် ပြီးတော့ သူတို့နဲ့လဲ နောက်အခါမှာ မကျေမလည်ဆက်မဖြစ်ချင်ဘူးလို့ပြောတယ်"

"ဖြစ်ပြီးတာတွေကို မေ့ပျောက်ပစ်ဖို့က သိပ်မခက်ပါဘူး တို့သားအမိကိုဂုဏ်ပြုစားပွဲတစ်ခုခင်းကျင်းပေးရင် ပြီးတာပါပဲ"



ဤတွင် ကြူးလန်းရှုက ယွခက်ကိုလှမ်းကြည့်ပြီးမေး၏။

"ကဲ... ခင်ဗျားကြားတဲ့အတိုင်းပဲ၊ ခင်ဗျားတို့အဖွဲ့ခေါင်းဆောင်က ကျားဖြူမတို့သားအမိအတွက် ဂုဏ်ပြုစားသောက်ပွဲတည်ခင်းပေးနိုင်ပါ့မလား"

"ဂုဏ်ပြုစားသောက်ပွဲတည်ခင်းပေးဖို့ အဖွဲ့ခေါင်းဆောင်က သဘောတူလက်ခံပါလိမ့်မယ်၊ သူကိုယ်တိုင်ကလဲ ကျားဖြူမတို့နဲ့ ရေ့ဆက်ရန်မီးမပွားတော့ဘဲ ဆက်ဆံရေးကောင်းမွန်ချင်တဲ့ဆန္ဒရှိပါတယ်"

"ကဲ... ဒီလိုဆိုရင် ကျွန်တော်တို့အပေါ်ကိုပြန်တက်ကြစို့"

ကြူးလန်းရှု ပြောသည်။ ယွခက်ကရှေ့ဆောင်ကာ မြေအောက်ခန်းမှနေ၍အပေါ်သို့ပြန်တက်ခဲ့ကြသည်။ လျှို့ဝှက်တံခါးနေ၍ထွက်လာကြပြီးနောက် ယွခက် လျှို့ဝှက်ခလုတ်ကိုနှိပ်လိုက်ရာ ဗီရိုကြီးက လျှို့ဝှက်တံခါးပေါက်ကိုပြန်ပိတ်ဆို့သွားသည်။

"ရှင်တို့လေးယောက် ဒီအခန်းထဲမှာ ခဏလောက်အနားယူပြီးစောင့်နေကြပါဦး၊ စားသောက်ပွဲခင်းကျင်းဧည့်ခံဖို့ကိစ္စအတွက် အဖွဲ့ခေါင်းဆောင်ကို ကျွန်မသွားပြောလိုက်ဦးမယ်"

ယွခက်ကဤသို့ပြောပြီး အခန်းထဲမှထွက်သွားသည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ကြူးလန်းရှ ကျွန်မတို့ရှေ့ဆက်ပြီး ဘယ်လိုလုပ်ကြမလဲ၊ ရှင့်မှာဘယ်လိုရည်ရွယ်ချက်ရှိသလဲ"

ယူခက်ထွက်သွားပြီးသောအခါ လောင်ရှောက်မေက ကြူးလန်းရှအနီးသို့တိုးကပ်လာပြီး မေးသည်။

"ကျုပ်က မိုးနတ်မယ်အဖွဲ့ရဲ့ ရွှေပိတုန်းမင်းသားဆက်လုပ်နေရမှာပေါ့"

ကြူးလန်းရှကပြန်ဖြေသည်။

"ကျွန်မကကော"

"မင်းက ကိုယ့်အိမ်ကိုယ်ပြန်ပေါ့"

"ဟင်... ကျွန်မတို့လက်မထပ်ကြဘူးလား"

"မင်းဟာ ရုပ်ရည်ချောမောပြီး အဖိုးတန်တဲ့မိန်းကလေးတစ်ယောက်ဖြစ်တယ်၊ ကျုပ်အနေနဲ့ မင်းကိုလက်ထပ်ယူဖို့ မထိုက်တန်မသင့်လျော်ဘူး၊ မင်းကိုလက်ထပ်ရင် ဒုက္ခဆင်းရဲတွင်းထဲတွန်းပို့ပေးလိုက်သလိုဖြစ်နေလိမ့်မယ်"

"ရှင် ဒီစကားတွေကို တကယ်စိတ်ပါလို့ပြောနေတာမဟုတ်ပါဘူး"

"တကယ်ပြောတာပါ"

"ကျွန်မ မယုံဘူး"

ပြောရင်း လောင်ရှောက်မေ မျက်ရည်လည်လာသည်။



အလွန်စိတ်ထိခိုက်ကြေကွဲသွားသည့်အသွင်မျိုး....

"ကျုပ်ပြောတာတွေကို ယုံကြည်လိုက်တာက အကောင်းဆုံးပါပဲ"

"ဟင့်အင်း... မယုံနိုင်ပါဘူး၊ မိုးနတ်မယ်အဖွဲ့က ကျွန်မကိုဒုက္ခပေးဦးမှာကို ရှင်မကြည့်ရက်လို့ ရှင့်အပေါ်ကျွန်မစိတ်ဆိုးမုန်းတီးသွားအောင် တမင်သက်သက် ဒီစကားတွေပြောနေတာမဟုတ်လား၊ ကျွန်မ ရှင့်ကိုဘယ်တော့မှမမုန်းဘူး၊ အိမ်ကိုလဲ မပြန်ဘူး... သေအတူ ရှင်အတူ ရှင်နဲ့အတူတူပဲနေမယ်"

ကြူးလန်းရှက ခေါင်းအသာခါယမ်းရင်း....

"မင်းအတွက် ဆက်လက်လုပ်ဆောင်ပေးစရာ ကျုပ်မှာဘာမှမရှိတော့ဘူး၊ မင်းကို မိုးနတ်မယ်အဖွဲ့ရဲ့အဖမ်းအဆီးခံထားရတဲ့နေရာကလွတ်အောင် လုပ်ပေးပြီးပြီဆိုတော့ ကျုပ်ဝတ္တရားကျေပြီ၊ မင်းဘာသာမင်း အိမ်ပြန်ချင်ပြန် မပြန်ချင်နေ ကျုပ်နဲ့မဆိုင်ဘူး၊ မင်းနဲ့ကျုပ်နဲ့ ရှေ့ဆက်ပြီး ပတ်သက်စရာအကြောင်းလဲလုံးဝမရှိတော့ဘူး"

ကြူးလန်းရှက မျက်နှာထားတည်တည်ထားကာ ပြောလိုက်သည်။

လောင်ရှောက်မေမှာ မည်သို့မျှထိန်းမရတော့ဟန်ဖြင့် ချုံးပွဲချငိုကြွေးလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင်…

ယူခက် အခန်းထဲသို့ပြန်ဝင်လာသည်။

လောင်ရှောက်မေ ဝမ်းနည်းပန်းနည်းငိုကြွေးနေသည်ကို တွေ့ရသောအခါ ယူခက်မှာအံ့ဩသွားသည်။

"ဒါကဘယ်လိုဖြစ်တာလဲ"

ယူခက်တအံ့တဩရေရွတ်သည်။

"သူဝမ်းနည်းနေတယ်၊ သူ့ကိုအိမ်ပြန်နိုင်အောင် လမ်းပြပြီး ပို့ပေးလိုက်ပါလား"

ကြူးလန်းရှုက ယူခက်ကိုပြောသည်။

"အို… မလိုပါဘူး၊ ကျွန်မဘာသာ ကျွန်မသွားတတ်ပါတယ်"

လောင်ရှောက်မေက ထိုင်ငိုနေရာမှခုန်ထပြီးပြောသည်။

"ကြူးလန်းရှု… ကျွန်မ အခုမှ ရှင့်အကြောင်းကိုကောင်းကောင်းသိရတယ်၊ ရှင်နဲ့ကျွန်မ ထပ်တွေ့ကြသေးတာပေါ့"

လောင်ရှောက်မေသည် ကြူးလန်းရှုကိုစိန်းစိန်းကြည့်ကာ ပြောပြီး အခန်းပြင်သို့ပြေးထွက်သွားသည်။

"ကြူးလန်းရှု… ရှင်နဲ့လောင်ရှောက်မေနဲ့က ဘယ်လိုတွေဖြစ်ကုန်ကြတာလဲ"

ယူခက်ကမေးပြန်သည်။



"သူ ဒုက္ခတွေ့မှာကိုမကြည့်ရက်လို့ ကျွန်တော်က သူ့ကို အိမ်အပြန်နိုင်းတယ်၊ သူက မပြန်ချင်ဘူးတဲ့၊ ကျွန်တော်နဲ့အတူတူ နေတော့မယ်လို့ပြောတယ်၊ ဒါကြောင့်… သူကျွန်တော့်အပေါ်မုန်း သွားအောင် စကားတစ်ခွန်းနှစ်ခွန်းပြောလိုက်တာနဲ့ တစ်ခါတည်း ငိုပြီးထွက်ပြေးသွားတာပါပဲ"

"ဪ… ဒီလိုကိုး"

ယူခက်ကဤသို့ပြောကာ ပြုံး၍ခေါင်းညိတ်သည်။

ထို့နောက် ကျားဖြူမကိုလှမ်းပြောသည်။

"ရှင် တောင်းဆိုတဲ့အတိုင်း စားသောက်ပွဲနဲ့တည်ခင်း ဧည့်ခံဖို့ အဖွဲ့ခေါင်းဆောင်က သဘောတူပါတယ်၊ ဒီကနေ့ပဲ စား သောက်ပွဲခင်းကျင်းပေးပါလိမ့်မယ်"

"ကောင်းပြီ"

ကျားဖြူမကခေါင်းညိတ်ကာ ပြန်ပြောသည်။

"ရှင်တို့ ဒီမှာပဲဆက်အနားယူကြပါ၊ အလိုရှိတာတွေရှိရင် ပြောနိုင်ပါတယ်"

"အခုလောလောဆယ်… ငါတို့ရေချိုးပြီးအဝတ်အစားလဲ ချင်တယ်၊ မင်းတို့က ရက်ပေါင်းနှစ်ဆယ်ကျော်သုံးဆယ်နီးပါးချုပ် ထားကြတာဆိုတော့ ငါတို့မှာ ရေမချိုးရအဝတ်မလဲရနဲ့တစ်ကိုယ် လုံး ညှီစော်နံနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ရေချိုးအဝတ်အစားလဲနိုင်ဖို့ ကျွန်မ စီစဉ်ပေးပါ့မယ်"

ယူခက်က ပျာပျာသလဲပင် ပြောလိုက်လေသည်။

ooo

မိုးနတ်မယ်အဖွဲ့ဌာနချုပ်စခန်း၏ ပင်မခန်းမဆောင်ကြီးထဲဝယ် ကျားဖြူမတို့သားအမိအား ဂုဏ်ပြုသောစားသောက်ပွဲကို တခမ်းတနားပင်ကျင်းပလျက်ရှိသည်။

စားသောက်ပွဲသို့ မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်နှင့်တကွ၊ ဌာနချုပ်စခန်းတွင်ရှိနေကြသော....

မဟူရာမြားကညာများဖြစ်ကြသည့်....

ယူခက်၊ ကွေ့ခက်၊ ရာခက်၊ ရှမ်ခက်၊ ဇူးခက်၊ ဝေခက်တို့ ခြောက်ယောက်လည်းတက်ရောက်ကြသည်။

ကျယ်ဝန်းပြီး ပန်းပုရုပ်များ၊ ပန်းချီကားများဖြင့် မွမ်းမံထားသောခန်းဆောင်ကြီး၏အလယ်ဗဟိုတွင် ခမ်းနားသောစားပွဲရှည်ကြီးကိုတည်ခင်းထားသည်။

အိမ်ရှင်နေရာတွင် ကျောင်းဖုန်းတင်ထိုင်သည်။

ကျောင်းဖုန်းတင်၏ဘယ်ဘက်တွင် လီလို၊ ညာဘက်တွင် ကြူးလန်းရှုတို့နေရာယူထားကြသည်။



ကြူးလန်းရှု၏ဘေး၌ ယူခက်၊ ကွေ့ခက်နှင့်ရာခက်တို့ သုံးယောက် အစဉ်အတိုင်းထိုင်ကြသည်။

လီလို၏ဘေးဝယ်....

ရှမ်ခက်၊ ဇူးခက်နှင့်ဝေခက်တို့သုံးယောက် အစဉ်အတိုင်းထိုင်သည်။ ကျားဖြူမနှင့်ရန်ရှန်တို့သားအမိကမူ ဧည့်သည်နေရာဝယ်ထိုင်ကြသည်။

ပထမဦးစွာ အထူးဂုဏ်ပြုအရက်အိုးဖြင့် စတင်တည်ခင်းသည်။ အရက်အိုးကြီးထဲမှ အရက်ကိုကျောင်းဖုန်းတင်ကိုယ်တိုင်က စတင်၍တစ်ယောက်တစ်ခွက်စီယူကာ ဆုမွန်တောင်းပြီးသောက်ကြသည်။

ကြူးလန်းရှုနှင့်ကျားဖြူမတို့က အရက်ထဲဝယ် အဆိပ်ပါမပါစူးစမ်းကြည့်ပြီး အဆိပ်မပါကြောင်း အကဲခတ်မိမှစိတ်ချလက်ချမော့သောက်သည်။

ကျားဖြူမနှင့်ကြူးလန်းရှုတို့မှာ အရက်အကြောင်းကို နားလည်ကျွမ်းကျင်သောကြောင့် အရက်နံ့ကိုရှူကြည့်ရုံနှင့် အရက်ထဲ အဆိပ်ပါခြင်းရှိမရှိ အကဲခတ်နိုင်သည်။

ရန်ရှန်မှာ အရက်သောက်လေ့သောက်ထရှိသူမဟုတ်ပေ။ အားနည်းမှုအရ ပထမအရက်တစ်ခွက်သောက်လိုက်ပြီးသည်နှင့် မျက်နှာကြီးနီရဲကာ နောက်ထပ်အရက်မသောက်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဟင်းလျာများကိုသာ စားနေသည်။

ကျန်လူများမှာမူ အရက်သောက်လိုက်....

ဟင်းလျာစားလိုက်.... စကားပြောလိုက်ပြုနေကြသည်။

မကြာမီမှာပင် အရက်အိုးကြီးတစ်အိုးကုန်သွားသည်။

စားပွဲထိုးမိန်းကလေးတစ်ယောက် နောက်ထပ် အရက်အိုးတစ်အိုးယူလာကာ စားပွဲပေါ်တွင်ချပေးသည်။ ကျောင်းဖုန်းတင်က အရက်အိုးအသစ်ထဲမှအရက်များကို ခွက်သုံးခွက်ထဲသို့ကိုယ်တိုင်ငှဲ့ကာ ကြူးလန်းရှု၊ ကျားဖြူမနှင့်ရန်ရှန်တို့ရှေ့သို့ ကိုယ်တိုင်ချပေးလေသည်။

"ရှင်တို့ကိုအထူးဂုဏ်ပြုတဲ့အနေနဲ့ ကျွန်မကိုယ်တိုင် အရက်ငှဲ့ပေးပါတယ်၊ အားရပါးရသောက်လိုက်ကြပါ"

ကျောင်းဖုန်းတင်ကပြောသည်။ ကြူးလန်းရှုနှင့်ကျားဖြူမတို့က အရက်ခွက်များကိုကောက်ကိုင်ကာ မော့ချလိုက်သည်။

ရန်ရှန်ကမူ အရက်ခွက်ကိုလက်ဖြင့် ထိပင်မထိပေ။

သူမ အရက်မသောက်သည်ကိုတွေ့သည့်အခါ....

"ရန်ရှန် ဘာဖြစ်လို့မသောက်တာလဲ"

ကျောင်းဖုန်းတင်ကမေးသည်။

"ကျွန်မ သောက်လို့မရတော့လို့ပါ"

ရန်ရှန်ကပြန်ပြောသည်။



"တစ်ခွက်တည်းထပ်သောက်တာနဲ့ ဘာမှမဖြစ်လောက်ပါဘူး၊ ကျွန်မကိုယ်တိုင်ငှဲ့ပေးတဲ့အရက်ကို သောက်လိုက်စမ်းပါ"

ရန်ရှန်မှာ ဘာပြောရမည်မသိသောကြောင့် မိခင်ဖြစ်သူကို အကူအညီတောင်းသည့်အသွင်ဖြင့် လှမ်းကြည့်သည်။

"ရန်ရှန်က အရက်သောက်လေ့သောက်ထမရှိပါဘူး၊ သူ့ကိုယ်စား ငါကပဲသောက်လိုက်ပါ့မယ်"

ကျားဖြူမကဤသို့ပြောပြီး ရန်ရှန်ရှေ့တွင်ရှိသော အရက်ခွက်ကိုကောက်ယူကာမော့ချလိုက်သည်။

"အင်း... ရှင်က အရက်အတော်သောက်နိုင်သားပဲကိုး၊ ဒါပေမဲ့... ဒီတစ်ခွက်ဟာ ရှင့်အတွက်နောက်ဆုံးခွက်ပါပဲ၊ ဆက်ပြီးသောက်နိုင်မယ်မထင်တော့ဘူး"

ကျောင်းဖုန်းတင်က ကျားဖြူမကိုပြုံးကြည့်ပြီးပြောသည်။

"ဘာဖြစ်လို့ နောက်ထပ်မသောက်နိုင်တော့တာလဲ"

"အူပြတ်အရက်ကို အလွန်ဆုံးနှစ်ခွက်ပဲသောက်နိုင်တယ်၊ တစ်ခွက်သောက်ရင် သောက်ပြီး နာရီဝက်အကြာမှာ အဆိပ်တန်ခိုးပြတယ်၊ နှစ်ခွက်သောက်ရင်တော့ အဆိပ်တန်ခိုးချက်ချင်းပြလာပြီးတုံးခနဲလဲကျသွားမှာပါပဲ၊ ကဲ... ရှင် လဲကျတော့မယ်"

သို့သော် ကျားဖြူမသည် လဲကျခြင်းမရှိ။

ထိုင်မြဲထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအမူအရာမှာလည်း တည်တည်ငြိမ်ငြိမ်ပင် ရှိနေသည်။ ကျောင်းဖုန်းတင်သည် အတွေးရက်ခက်ဟန်ဖြင့် မျက်မှောင်ကြုတ်ပြီး အရက်အိုးအသစ်ယူလာပေးသော စားပွဲထိုးမိန်းကလေးကိုလှမ်းကြည့်သည်။

စားပွဲထိုးမိန်းကလေးသည် ထိတ်လန့်ကြောက်ရွံ့သောအမူအရာဖြင့် ခေါင်းကိုအကြိမ်ကြိမ်ညိတ်ပြသည်။

"ကျောင်းဖုန်းတင် မင်းကငါ့ကိုအဘွားကြီးပဲဆိုပြီး အထင်သေးတာကိုး၊ ကျားဖြူမဆိုတာ နုယ်နုယ်ရရမဟုတ်ဘူး၊ ဒီလိုအရက်ထဲအဆိပ်ခတ်ပြီး တိုက်လို့ရမယ်ထင်သလား"

ကျားဖြူမက ခပ်အေးအေးရယ်ပြီးပြောသည်။

"ရှင်က အရက်ထဲမှာအဆိပ်ပါမှန်းသိလို့ အရက်ကိုအစာအိမ်ထဲရောက်အောင်သောက်မချဘဲ အတွင်းအားနဲ့အထဲမှာ ထိန်းထားတယ်မဟုတ်လား"

ကျောင်းဖုန်းတင်က အတွေးပေါက်သွားဟန်ဖြင့်ပြော၏။

ကျားဖြူမကခေါင်းညိတ်ပြသည်။

"ရှင်သောက်လိုက်တဲ့အရက်ထဲမှာ အဆိပ်ပါနေမှန်းသိလျက်နဲ့ ဘာကြောင့်ပြန်အန်မထုတ်တာလဲ"

ကျောင်းဖုန်းတင်က ဤသို့ပြောလိုက်သည်နှင့် ကျားဖြူမသည်ပါးစပ်ဟကာ အရက်များကိုပြန်အန်ထုတ်လိုက်သည်။



"ကြူးလန်းရှူ… ရှင်ကလဲ အရက်ထဲမှာအဆိပ်ပါတယ်ဆိုတာသိနေတယ်မဟုတ်လား"

မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်က ကြူးလန်းရှူကိုလှမ်းပြောသည်။ ကြူးလန်းရှူခေါင်းညိတ်ပြသည်။

"ဟုတ်တယ်… ကျွန်တော်လဲ အခုပဲ ပြန်အန်ထုတ်ပစ်လိုက်တော့မယ်"

ကြူးလန်းရှူက ဤသို့ပြောပြီး ထိုင်နေရာမှနောက်ပြန်လှဲချလိုက်သည်။ ထို့နောက် ကြမ်းပြင်ပေါ်ဝယ် လေးငါးပတ်လိမ့်ပြီး စားပွဲရှည်ကြီးနှင့်အတော်အလှမ်းဝေးသည့်နေရာသို့ ရောက်သွားသောအခါတွင်မှ ဆတ်ခနဲထရပ်ကာ အရက်များကိုအန်ထုတ်ပစ်လိုက်သည်။

"ရှင်မရိုးသားဘူး၊ ကျွန်မတို့အပေါ်သစ္စာဖောက်တယ်"

ကျောင်းဖုန်းတင်ကပြောသည်။

"ကျွန်တော်က ခင်ဗျားတို့ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်တဲ့အပြင် ခင်ဗျားတို့အဖွဲ့ထဲမှာဆက်နေပါ့မယ်လို့လဲ ပြောပြီးပြီ…. ဒီလိုလုပ်ကိုင်ပြောဆိုနေလျက်နဲ့ ခင်ဗျားကကျွန်တော့်ကိုအဆိပ်ခတ်လုပ်ကြံတယ်၊ မရိုးသားတာကခင်ဗျား၊ သစ္စာမဲ့တာကခင်ဗျား"

ကြူးလန်းရှူပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့အဖွဲ့ထဲမှာပူးပေါင်းမယ်ဆိုတာက ရှင့်ပါးစပ်က အပြောပဲရှိမှန်း ကျွန်မသိပါတယ်၊ ရှင့်စိတ်ထဲကတကယ်မပါပါဘူး၊ ရှင့်ကိုဆက်လက်ခံယုံကြည်ထားရင် မြွေပွေးခါးပိုက်ပိုက်ထားသလိုဖြစ်လိမ့်မယ်၊ ဒါကြောင့် ရှင့်ကိုဖယ်ရှားပစ်ဖို့စီစဉ်ရတာပဲ"

ထိုအချိန်တွင်....

ယွန်ခက်၊ ကွေ့ခက်၊ ဝေခက်၊ ရာခက်၊ ရှမ်ခက်၊ စူးခက်တို့ ခြောက်ယောက်သည် ထိုင်ရာမှထကာ ကျားဖြူမကိုဝိုင်းရံထားလိုက်ကြသည်။

ကျားဖြူမကမူ မည်သို့မျှထိတ်လန့်ခြင်းမရှိဘဲ ထိုင်ခုံတွင် ဣန္ဒြေရရထိုင်နေသည်။

"ရှင့်ကိုတစ်ခုသိအောင်ပြောရဦးမယ်၊ လောင်ရှောက်မေဟာ တောင်အောက်ကို မရောက်သေးဘူး၊ ကျွန်မတို့လက်ထဲမှာပဲ ရှိနေသေးတယ်"

ကျောင်းဖုန်းတင်ကလည်း ထိုင်ရာမှမထဘဲ တည်ငြိမ်စွာ ထိုင်နေရင်းမှ ကြူးလန်းရှူကိုပြောလိုက်သည်။

ကြူးလန်းရှူ၏ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

သို့သော် မည်သို့မျှစိတ်လှုပ်ရှားထိခိုက်ခြင်းမရှိသယောင် ဟန်ဆောင်ကာ ခပ်တည်တည်ဖြင့်ပြန်ပြောသည်။

"လောင်ရှောက်မေနဲ့ကျွန်တော်နဲ့လမ်းခွဲခဲ့ကြပြီးပြီပဲ၊ သူ့



ကိုလဲ အပြတ်ပြောလိုက်ပြီးပြီ၊ ဒီတော့ သူဘာပဲဖြစ်ဖြစ် ကျွန်တော်နဲ့မဆိုင်တော့ဘူး"

"ရှင်တကယ်ပြောတာလား"

"တကယ်ပါ"

"တကယပြောတာဟုတ်မဟုတ် အခုလက်တွေ့ကြည့်ကြရအောင်... လောင်ရှောက်မေကိုခေါ်လာခဲ့ကြစမ်း"

ကျောင်းဖုန်းတင်သည် ကြူးလန်းရှူနှင့်ပြောနေရာမှ အသံကိုမြှင့်ကာအော်ပြောလိုက်သည်။

မရှေးမနှောင်းမှာပင်....

ခန်းမဆောင်၏တံခါးတစ်ချပ်ပွင့်သွားပြီး....

လူရွယ်နှစ်ယောက်က လောင်ရှောက်မေကိုဘယ်ညာညှပ်ကာကိုင်၍ခေါ်သွင်းလာကြလေတော့သည်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com



လောင်ရှောက်မေ၏ဆံပင်များရှုပ်ထွေးကာ ဖွာလန်ကျဲနေသည်။ အဝတ်အစားများမှာလည်း အစုတ်စုတ် အပြတ်ပြတ်ဖြစ်နေသည်။

ကိုယ်ပေါ်တွင်လည်း အညိုအမည်းဒဏ်ရာများကိုဗရပွရှိနေသည်ကိုတွေ့ရသည်။

ရိုက်နှက်ကာအဖမ်းခံရခြင်းဖြစ်ကြောင်း သိသာနိုင်သည်။

ထို့ပြင်....

အားအင်မရှိသည့်အသွင်မျိုးဖြင့် ပျော့ခွေနေရာ အကြောလည်းပိတ်ထားခြင်းခံထားရဟန်ရှိသည်။

"ကျောင်းဖုန်းတင်... ခင်ဗျား တယ်ရမ်းကားပါလား၊ လောင်ရှောက်မေဟာ ခင်ဗျားတို့နဲ့ ဘယ်လိုရန်ငြိုးရန်စမှမရှိဘဲနဲ့ သူ့ကို ဘာကြောင့်ဒီလိုနှိပ်စက်ရတာလဲ"

ကြူးလန်းရှူက ကျောင်းဖုန်းတင်ကိုမေးသည်။

"သူက ရှင့်ရဲ့ချစ်သူဖြစ်နေတာကိုး... ရှင့်ကိုချုပ်ကိုင်နိုင်အောင်လို့ဒီလိုလုပ်ရတာပဲ၊ ကဲ... ကျွန်မတို့အပေးအယူစကားဆိုကြရအောင်၊ ရှင် အေးအေးဆေးဆေးအဖမ်းခံမယ်ဆိုရင် လောင်ရှောက်မေကိုပြန်လွှတ်ပေးမယ်"

ကြူးလန်းရှူက....

"ကျွန်တော်က အဖမ်းမခံဘူးဆိုရင်ကော"



"ဒီလိုဆိုရင်... လောင်ရှောက်မေကို ပိတုန်းမင်းသားတွေလက်ထဲကိုအပ်လိုက်မယ်၊ ရှင့်မျက်စိရှေ့မှာပဲ လောင်ရှောက်မေကိုသူတို့ကအမဲဖျက်ပြလိမ့်မယ်"

ကြူးလန်းရှူ အတော်ပင်တုန်လှုပ်ချောက်ချားသွားသည်။

ဘာပြောရမည်မှန်း မသိတော့။

ဘာလုပ်ရမည်မှန်း မစဉ်းစားတတ်တော့။

ခေါင်းငိုက်စိုက်ကျသွားသည်။

"ရှင် ကောင်းကောင်းစဉ်းစားနော်၊ ရှင့်မျက်စိရှေ့မှောက်မှာ လောင်ရှောက်မေ ပန်းလေးတစ်ပွင့်လို အနှင်းချေခံရမှာကို ရှင်ဒီအတိုင်းကြည့်နေရက်မလား"

ကျောင်းဖုန်းတင်ကပြောသည်။

"ကြူးလန်းရှူ ဘာမှစိုးရိမ်မနေနဲ့ လောင်ရှောက်မေ ဘာမှမဖြစ်စေရဘူး... ငါအာမခံတယ်"

ကျားဖြူမကဝင်ပြောသည်။

"ရှင် သေနတ်စာအမိခံချင်သေးလို့ ဝင်စွက်ဖက်တာလား၊ အဆိပ်ကို ရှင်တားနိုင်ပေမယ့် သေနတ်ကျည်ဆံကိုတော့ မတားနိုင်ပါဘူး"

ကျောင်းဖုန်းတင်က လေသံမာမာဖြင့်ပြန်ပြောသည်။

ကျားဖြူမ နှာခေါင်းရှုံ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ အခြေအနေကတစ်မျိုးပြောင်းသွားပါပြီ၊ ရှင်း ရှင်းပြောရရင်... မင်းကိုယ်တိုင်ကော မင်းရဲ့မဟူရာမြားကညာ ခြောက်ယောက်တို့ပါ ခုနစ်ယောက်လုံးရဲ့အသက်ဟာ ငါ့လက်ထဲ မှာရှိနေတယ်"

ကျားဖြူမကတည်ငြိမ်စွာပြန်ပြောသည်။

"ရှင်ဟာ နတ်ဒေဝတာလိုအစွမ်းအစရှိလို့ ဒီစကားမျိုးပြော ရတာလား၊ ရှင့်စကားကြီးစကားကျယ်ပြောပြီး ခြိမ်းခြောက်တိုင်း ကျွန်မတို့ကမကြောက်ပါဘူး"

"ဟောဒီယူ့ခက်ဟာ မင်းရဲ့အားအကိုးရဆုံး လက်ရုံးမ ဟုတ်လား၊ အေး... သူ အခုပဲမိုက်ဇာတ်သိမ်းရစေမယ်"

ကျားဖြူမက ဤသို့ပြောပြီးသည်နှင့်မရှေးမနှောင်းမှာပင် ယူ့ခက်ထံမှ....

"အား...."

အော်သံတစ်ချက်ထွက်ကာ တစ်ကိုယ်လုံးတွန့်လိမ်ပြီး လဲကျသွားလေသည်။

ကျောင်းဖုန်းတင်မှာ အကြီးအကျယ်ထိတ်လန့်သွားပြီး ထိုင်နေရာမှထရပ်လိုက်မိသည်။

ကျန်မဟူရာမြားကညာငါးဖော်မှာလည်း လန့်ဖျပ်ကာ ကပျာကယာနောက်သို့ဆုတ်သွားမိကြသည်။



"ဒီတစ်ခါ ကွေ့ခက်အလှည့်"

စကားသံနှင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို....

"အား... အမယ်လေး"

ကွေ့ခက်သည် အော်ဟစ်ရင်း ကြမ်းပြင်ပေါ် ဝုန်းခနဲလဲ ကျသွားပြန်သည်။

"ဟင်... ရှင်... ရှင်ကအဆိပ်ကောင်တွေ... သုံးတတ်တာ ကိုး"

ကျောင်းဖုန်းတင်က အလန့်တကြားရေရွတ်လိုက်သည်။

ကျားဖြူမက လှောင်ပြုံးပြုံးကာ....

"ဟုတ်တယ်... မင်းတို့ကိုယ်ခန္ဓာထဲကို အဆိပ်ကောင်တွေ သွင်းနိုင်အောင်လို့ အခုလိုစားသောက်ပွဲခင်းကျင်းနိုင်းရတာပဲ"

ကျောင်းဖုန်းတင်သည် စားပွဲအောက်တွင် ထိုးဝှက်ထား သောပြောင်းတိုသေနတ်ကို ရုတ်တရက်ဆွဲထုတ်ပြီး ကျားဖြူမကို လှမ်းချိန်လိုက်သည်။

သို့သော်.... သေနတ်ခလုတ်ကိုမဆွဲနိုင်မီမှာပင် ဝမ်းဗိုက် တွင်းမှမခံမရပ်နိုင်အောင်နာကျင်ကာ....

တစ်ကိုယ်လုံးဆတ်ဆတ်တုန်လျက်....

လက်ထဲတွင်ကိုင်ထားသောသေနတ် လွတ်ကျသွား၏။

လူမှာလည်းမဟန်နိုင်ဘဲ....

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံပေါ် ဖင်ထိုင်လျက်သားကျသွားသည်။

ဝမ်းဗိုက်ကိုလက်ဖြင့်နှိပ်ကာ တဟင်းဟင်းညည်းညူနေလေတော့သည်။

ကျားဖြူမက ကျေနပ်အားရစွာဖြင့်....

"မင်း အဲဒီလိုခဏထိုင်နေဦး၊ ကျန်တဲ့လူတွေကို အရင်ရှင်းပြီးမှ မင်းကိုလက်စသတ်မယ်"

ထိုအချိန်တွင် ကြူးလန်းရှုက ကြမ်းပြင်ပေါ်ကျနေသော ပြောင်းတိုသေနတ်ကို အသာကောက်ယူလိုက်သည်။

ထို့နောက် လောင်ရှောက်မေအနီးတွင်ရှိကြသောလူရွယ်နှစ်ယောက်ကိုသေနတ်ဖြင့်လှမ်းချိန်ပြီး လေသံမာမာဖြင့်ပြောလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက် လောင်ရှောက်မေကိုချထားလိုက်ကြပါ၊ မဟုတ်ရင် ရင်ပွင့်သေကုန်လိမ့်မယ်"

ထိုလူရွယ်မှာ ယွှခက်နှင့်ကွေ့ခက်တို့ဖြစ်ပုံကိုမြင်ရသည့်အပြင် အဖွဲ့ခေါင်းဆောင်မှာလည်း အထိနိုးချုပ်ခံနေရသည် ဖြစ်သောကြောင့် အတော်ပင်ထိတ်လန့်နေကြသည်။

သည်ကြားထဲတွင် သေနတ်ဖြင့်အချိန်ခံရပြန်သောအခါ ကလန်ကဆန်မလုပ်ဝံ့တော့ချေ။

လောင်ရှောက်မေကိုကြမ်းပြင်ပေါ် ချထားပြီး ခန်းမဆောင်



အပြင်ဘက်သို့ တချိုးတည်းသုတ်ခြေတင်ကာထွက်ပြေးလေတော့သည်။

"ဟိုကောင်လဲ မသေချင်ရင်ဝေးရာကိုအမြန်ပြေးစမ်း"

ကျားဖြူမက လီလုံကိုပြောလိုက်သည်။

လီလုံမှာ နှစ်ကြိမ်ထပ်မပြောရ။

ထိုင်ရာမှခုန်ထကာ တစ်ချိုးတည်းထွက်ပြေးလေတော့သည်။

ဝေခက်၊ ရာခက်၊ ရှမ်ခက်နှင့်စူးခက်တို့လေးယောက်သည် ကျားဖြူမရှေ့ဝယ် ဒူးထောက်ကာကောင်းပန်အသနားခံကြသည်။

"မင်းတို့ကျူးလွန်ခဲ့တဲ့မကောင်းမှုတွေ သိပ်များနေပြီ၊ ဒီကနေ့တော့ မင်းတို့အပြစ်ဒဏ်ခံကြရမယ်"

ကျားဖြူမက ဤသို့ပြောပြီး အဆိပ်ကောင်များကိုကိုက်ခံရန်အချက်ပေးသည့်အနံ့ကိုထုတ်လိုက်သည်။ မဟူရာမြားကညာလေးယောက်တို့ ငယ်သံပါအောင်အော်ပြီး ကြမ်းပြင်ပေါ်လဲကျကုန်ကြသည်။

ရန်သူအားလုံး ရှင်းသလောက်ရှိသွားပြီ။

ကြူးလန်းရှုက ပြောင်းတိုသေနတ်ကို စားပွဲပေါ်တင်ပြီး လောင်ရှောက်မေ လဲကျနေရာသို့လျှောက်သွားကာ အပိတ်ခံထားရသောအကြောများကိုပြန်ဖွင့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှောက်မေ... ဘယ်များထိခိုက်သွားသေးလဲ"

အကြောပြန်ဖွင့်ပေးပြီးနောက် ကြူးလန်းရှုကမေးသည်။

"ဘာ... ဘာမှမဖြစ်ပါဘူး"

လောင်ရှောက်မေကပါးစပ်မှပြောရင်း....

ကြူးလန်းရှု၏ဖေးမပေးမှုဖြင့် လဲကျနေရာမှထသည်။

လောင်ရှောက်မေမှာ အတော်ပင် ထိတ်လန့်တုန်လှုပ်နေဟန်တူသည်။ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်ကာ အသံကတုန်ယင်နေသည်။

"ဘာမှမကြောက်ပါနဲ့ရှောက်မေရယ်... ပြဿနာအားလုံးအေးသွားပါပြီ"

ကြူးလန်းရှုကဖြေသိမ့်စကားပြောလိုက်သည်။

"ကျားဖြူမ ကျွန်မကိုချမ်းသာပေးပါ၊ ရှင်နဲ့ကျွန်မနဲ့အပေးအယူလုပ်ကြရအောင်လား"

ကျောင်းဖုန်းတင်သည် မိုက်နှိပ်နေရာမှ ကျားဖြူမကိုလှမ်းပြောသည်။

"ဘာမှအပေးအယူလုပ်နေစရာမလိုပါဘူး၊ မင်းရဲ့အသက်ကိုပဲ ငါကလိုချင်တယ်၊ မင်းကိုအဆိပ်ကောင်အကိုက်ခိုင်းပြီးတော့မသုတ်သင်ချင်ဘူး။ ဟောဒါလေးရဲ့အရသာကို မြည်းစမ်းကြည့်စေချင်တယ်"



ကျားဖြူမက ဤသို့ပြောပြီး ဓားမြှောင်ပေါ်ဝယ် ကြူးလန်းရှုချထားခဲ့သောပြောင်းတိုသေနတ်ကိုကောက်ကိုင်ကာ....

ကျောင်းဖုန်းတင်ကိုချိန်ရွယ်လိုက်သည်။

ထိုအခိုက်မှာပင် ကြူးလန်းရှု၏နောက်ကျောမှ သွေးကွက်တစ်ခုတင်းခနဲဖြစ်ပြီး ဓားရှန်ရှာစ်ခုကခါးကိုလာထောက်သည်။

သူ့ကိုနောက်ကျောမှချုပ်ဖမ်းကာ ဓားဖြင့်ထောက်လိုက်သူမှာ လောင်ရှောက်မေဖြစ်နေသောကြောင့် ကြူးလန်းရှု အကြီးအကျယ်အံ့ဩထိတ်လန့်သွားရသည်။

လောင်ရှောက်မေ၏မျက်နှာအမူအရာနှင့် အသွင်အပြင်မှာလည်း အပြောင်းလဲကြီးပြောင်းလဲသွားသည်။

ထိတ်လန့်ကြောက်ရွံ့နေသော မိန်းမငယ်တစ်ယောက်၏အသွင်မျိုးမဟုတ်တော့။ ကြမ်းကြုတ်၍နေသည်။

ခက်ထန်၍နေသည်။

"ရှောက်မေ... မင်းဘာလုပ်တာလဲ"

ကျားဖြူမကတအံ့တဩမေးလိုက်သည်။

"ကျွန်မအမေရဲ့ကိုယ်ခန္ဓာထဲမှာရှိနေတဲ့ အဆိပ်ကောင်ကိုပြန်ထုတ်ပေးပြီး ကျွန်မအမေကို အေးအေးဆေးဆေးထွက်သွားခွင့်ပေးပါ... မဟုတ်ရင်တော့ ကြူးလန်းရှုရဲ့အသက် အသေပဲ"

လောင်ရှောက်မေ၏စကားကြောင့် ကြူးလန်းရှုတို့မှာ မို၍

www.burmeseclassic.com

www.burmeseclassic.com



အံ့အားသင့်သွားကြရပြန်သည်။

"ဘာ... ကျောင်းဖုန်းတင်က မင်းအမေဟုတ်လား"

ကြူးလန်းရှုကတအံ့တဩပြောလိုက်သည်။

"ရှင်က အကြောင်းမှန်ကိုမသိသေးဘဲကိုး... ကျွန်မဟာ လောင်စီပိုက်ရဲ့သမီး လောင်ရှောက်မေအစစ်မဟုတ်ပါဘူး၊ မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်ကျောင်းဖုန်းတင်ရဲ့သမီး လီဟွာပါ၊ ရှင့်ကိုလှည့်စားနိုင်အောင်လို့ လောင်ရှောက်မေဆိုပြီး အယောင်ဆောင်ထားတာ"

ယခုမှပင် ကြူးလန်းရှုတို့မှာဇာတ်ရည်လည်ရတော့သည် လောင်ရှောက်မေ၏အပြုအမူများသည် အပျိုရိုင်းလေးနှင့်မတူဘဲ ရဲရဲတင်းတင်းရှိလှပုံများကိုလည်း ပြန်သတိရမိသည်။

"ကြူးလန်းရှု... မင်းတော့ ပင်လယ်မှာတက်မကျိုးဘဲ ချောင်းငယ်မှာလှေမှောက်ရပြီ"

ကျားဖြူမကပြောလိုက်သည်။

"ကဲ... စကားသိပ်မရှည်နဲ့ ကျွန်မအမေကိုယ်ထဲမှာရှိတဲ့ အဆိပ်ကောင်ကို ပြန်ထုတ်ပေးပါ၊ မဟုတ်ရင် ရှင့်သားမက်လောင်း ကြူးလန်းရှုကိုအသေသတ်လိုက်မယ်"

လောင်ရှောက်မေအဖြစ် အယောင်ဆောင်ထားသူ လီဟွာကခြိမ်းခြောက်ပြောကြားသည်။



"မင်းအတွေးလွဲသွားပြီ... ကြူးလန်းရှုဟာ ငါ့သားမက်လောင်း မဟုတ်တော့ဘူး၊ မင်းက ငါ့သမီးရန်ရှန်ကို အမိဖမ်းထားမယ်ဆိုရင်တော့ မင်းတောင်းဆိုချက်ကို ငါကလိုက်လျောကောင်းလိုက်လျောရလိမ့်မယ်၊ ကဲ... ကျောင်းဖုန်းတင် ဘုရားတရားသာ အောက်မေ့ပေတော့"

"နေပါဦး... နေပါဦး"

လီဟွာသည် စိုးရိမ်တကြီးအော်ပြောလိုက်သည်။

ထိတ်လန့်စိုးရိမ်မှုကြောင့်နေရာပြောင်းလိုက်ရာ ကြူးလန်းရှု၏ကိုယ်ခန္ဓာဘေးဘက်သို့ရောက်ရှိသွားသည်။

"ဒိုင်း....."

ကျားဖြူမက အခွင့်ကောင်းကိုလက်လွှတ်မခံဘဲ လက်ထဲတွင်ကိုင်ထားသောပြောင်းတိုသေနတ်ဖြင့် လှမ်းပစ်လိုက်သည်။

လီဟွာ၏ရင်ဘတ်ကို သေနတ်ထိမှန်ပြီး ပက်လက်လန်လဲကျသွားသည်။ ကျားဖြူမသည် လီဟွာကိုပစ်ခတ်ပြီးနောက် သေနတ်ပြောင်းကို ကျောင်းဖုန်းတင်ဘက် ဦးလှည့်လိုက်ပြန်၏။

"အမေကြီး သူ့ကိုတစ်ခါတည်း ပစ်မသတ်လိုက်ပါနဲ့ဦး"

ကြူးလန်းရှုကဝင်ရောက်တန့်တားသည်။

"ဘာဖြစ်လို့လဲ"

ကျားဖြူမကပြန်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းဖုန်းတင်ဟာ ဝမ်ပါကျီရဲ့လူရင်းတစ်ယောက်ဖြစ်ပါတယ်၊ တိုင်းတစ်ပါးသားတွေအားကိုးနဲ့တိုင်းပြည်ကိုရောင်းစားဖို့ကြံနေတဲ့အမျိုးသားသစ္စာဖောက်တွေအကြောင်း သူ့ကိုစစ်မေးရင် သိနိုင်ပါတယ်၊ သူ့ကိုအသေသတ်ပစ်တာထက် မြို့စားကြီးကျူတာ့စူးလက်ကိုအပ်လိုက်တာက ပိုအကျိုးရှိပါလိမ့်မယ်"

"ဟော... မြို့စားကြီးကျူတာ့စူး မသေသေးဘူးလား"

"ကျွန်တော်က တိုင်းပြည်ရဲ့သားကောင်းတစ်ယောက်ဖြစ်တဲ့ မြို့စားကြီးကျူတာ့စူးလိုလူတစ်ယောက်ကို လုပ်ကြံသတ်ဖြတ်မယ်လို့ အမကြီးကထင်ထားလို့လား"

"အင်း... ထင်တော့မထင်ပါဘူး၊ ဒါပေမဲ့ မင်းလုပ်ကိုင်ပုံတွေကထင်စရာဖြစ်နေတာကိုး၊ ကုန်သည်ဆိုးကြီးဟုန်ရှရုန်ရဲ့ကိစ္စတုန်းက မင်းကိုယ်စားငါက ဝင်ဆောင်ရွက်ပေးတာကို မိုးနတ်မယ်အဖွဲ့ရိပ်မိတယ်၊ အခုကိစ္စကျတော့ ဘာကြောင့်မရိပ်မိတာလဲ"

"ဒီတစ်ခါယုတ္တိရှိအောင် မြို့စားကြီးကျူတာ့စူးနဲ့တိုင်ပင်ပြီးပိပိရိရိလုပ်ထားလို့ပေါ့၊ ကျူတာ့စူးက လူမြင်မခံဘဲလုံခြုံတဲ့တစ်နေရာမှာပုန်းအောင်းနေတယ်၊ ဒါ့အပြင် သူ့ရဲ့အသုဘကိစ္စကိုလဲ တခမ်းတနားစီစဉ်ပေးတယ်၊ ဒီတော့ ကျွန်တော့်လှုပ်ရှားမှုတွေကိုစောင့်ကြည့်နေတဲ့မိုးနတ်မယ်အဖွဲ့ရဲ့သူလျှိုတွေက မြို့စားကြီးကျူတာ့စူး တကယ်ပဲလုပ်ကြံခံရတယ်လို့ ယုံကြည်ကုန်ကြတာပေါ့၊



ဒီအတိုင်းပဲ ကျောင်းဖုန်းတင်တို့ဆီသတင်းပြန်ပို့တော့ ကျွန်တော့်ရဲ့ပရိယာယ်ကို ဘယ်ရိပ်မိကြတော့မှာလဲ"

သည်တော့မှ ကျားဖြူမလည်း နားလည်သဘောပေါက်ကာ ဆတ်ခနဲခေါင်းညိတ်လိုက်လေသည်။

"ကောင်းပြီ... ကျောင်းဖုန်းတင်ကို မင်းလက်အပ်လိုက်မယ်၊ မင်းပဲ သူ့ကိုမြို့စားကြီးကျူတာ့စူးဆီခေါ်သွားပေတော့"

ဤတွင် ကြူးလန်းရှုက....

"ဟိုလေ ကောင်းမှုလေးတစ်ခုတော့ပြုခဲ့ပါဦး၊ ကျွန်တော့်ဗိုက်ထဲကအဆိပ်ကောင်ကိုပြန်ထုတ်ပေးခဲ့ပါအမကြီးရယ်"

"ဩော်... အေး... အေး... ဟုတ်သားပဲ"

ကျားဖြူမက ကြူးလန်းရှုအံ့ကိုယ် [illegible]

အဆိပ်ကောင်ကို အနံ့ပေးကာ အပြင် [illegible]

"အမကြီးတို့ထပ်န်ဆာ [illegible]

ကြတော့မလို့လား၊ ကျွန်တော့် [illegible]"

အဆိပ်ကောင်ထုတ် [illegible] ကြူးလန်းရှုက ပြောလိုက်သည်။

"ဘာ... ကူညီပေးရဦးမှာလဲ"

"ကျောင်းဖုန်းတင်ကို မြို့စားကြီးကျူတာ့စူးရှိနေတဲ့စခန်းကို အရောက်ပို့ပေးရမယ့်ခရီးက အတော်ဝေးတယ်၊ လမ်းခရီးမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဖုန်းတင်က လွတ်လမ်းရှာထွက်ပြေးသွားနိုင်တယ်၊ ဒီတော့ အမေကြီးတို့ ကျွန်တော်နဲ့အတူတူလိုက်လာခဲ့ပါလား၊ အမေကြီးတို့က သူ့ဗိုက်ထဲမှာရှိနေတဲ့အဆိပ်ကောင်ကို ထိန်းချုပ်စေခိုင်းနိုင်တာဆိုတော့ သူအကောက်မကြံဝံ့ဘဲ ငြိမ်ငြိမ်ဆိမ်ဆိမ်လိုက်လာပါလိမ့်မယ်”

ကျားဖြူမခေါင်းညိတ်လိုက်သည်။

“ကောင်းပြီလေ လိုက်ပို့ပေးပါ့မယ်၊ ကဲ ကျောင်းဖုန်းတင် သွားကြမယ်၊ မင်းလိမ်လိမ်မာမာနဲ့လိုက်လာခဲ့နော်၊ မရိုးမသားလုပ်မယ်မကြံနဲ့၊ အဆိပ်ကောင်ကိုအမိန့်ပေးပြီး ကိုက်အသတ်ခိုင်းလိုက်မယ်”

ကျားဖြူမက ကြူးလန်းရှုကိုပြောနေရာမှ ကျောင်းဖုန်းတင်ကိုဆက်၍လေသံမာမာဖြင့်ပြောလိုက်သည်။

“ကျွန်မဗိုက်ထဲကားတစစ်စစ်နဲ့နာနေတယ်၊ လမ်းလျှောက်လို့မရဘူး”

ကျောင်းဖုန်းတင်က မျက်နှာရှုံ့မဲ့၍ပြောသည်။

ကျားဖြူမက အဆိပ်ကောင်ကိုငြိမ်သက်စွာနေစေသည့်ရနံ့မျိုးကိုထုတ်လွှင့်ပေးလိုက်သည်။

ထိုအခါမှ... ကျောင်းဖုန်းတင်၏ဗိုက်ထဲမှနာကျင်မှုသည် သက်သာသွားရလေသည်။



“မင်းအသက်ဟာ ငါ့လက်ထဲမှာရှိနေပြီ၊ မင်းကိုအချိန်မရွေးအသေသတ်ပစ်နိုင်တယ်၊ ဒီတော့ ငါ့စကားကိုလိမ်လိမ်မာမာနားထောင်... ကြားလား”

ကျားဖြူမကပြောသည်။

“ကျွန်မအသက်ကိုချမ်းသာပေးရင် ပြောတာကိုနားထောင်ပါ့မယ်၊ ရှင့်မှာဒီလိုအစွမ်းအစမျိုးရှိမှန်းမသိလို့ အန္တရာယ်ပေးမိတာပါ”

ကျောင်းဖုန်းတင်က မာန်လျှော့ကာပြောသည်။

“မြို့စားကြီးကျူတော့ရှုးရဲ့ရှေ့မှောက်ကိုရောက်ရင် ဝမ်ပါ့ကျိရဲ့စစ်ရေးအစီအစဉ်တွေအကြောင်း ခင်ဗျားသိသမျှအကုန်ထုတ်ဖော်ပြောရမယ်၊ ဒါမှ ခင်ဗျားအသက်ချမ်းသာရာရမယ်”

ကြူးလန်းရှုကဝင်ပြောသည်။

“ကျွန်မသိသမျှအကုန်ပြောပြပြီးရင် ကျွန်မကိုပြန်လွှတ်ပေးမှာလား”

“ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ဘူး၊ ထိုက်သင့်တဲ့အပြစ်ဒဏ်ကိုတော့ခံရမှာပဲ၊ ဒါပေမဲ့ ခင်ဗျားရဲ့အသက် မသေရဖို့ကိုတော့ ကျွန်တော်တာဝန်ယူပါတယ်”

ထို့နောက် ကြူးလန်းရှုတို့သည် ကျောင်းဖုန်းတင်ကိုခေါ်ကာ အိမ်ကြီးအပြင်သို့ထွက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှက ဒုစရိုက်အသိုက်အမြုံဖြစ်သောအိမ်ကြီးကို မီးတင်ရှို့လိုက်သည်။ ထို့နောက်.... လေးယောက်သားတောင်အောက်သို့ဆင်းကာခရီးနှင်လာခဲ့ကြသည်။

သည်တစ်ခါတွင်တော့....

ရန်ရှန်မှာတစ်ယောက်တည်း နောက်မှမလိုက်ရတော့ပါ။

ကျားဖြူမနှင့်ကျောင်းဖုန်းတင်တို့က ရှေ့မှသွားနှင့်ကြပြီး ရန်ရှန်နှင့်ကြူးလန်းရှုတို့က နောက်မှလိုက်လာခဲ့ကြသည်။

အချစ်မင်းသားကြူးလန်းရှုအဖို့ အလှအပအစစ်အမှန်ကို ရှာဖွေတွေ့ရှိသွားခဲ့ရလေပြီ။

***ပြီး၏။***

***တက္ကသိုလ်ဝင်းကြွယ်***

BURMESE CLASSIC

www.burmeseclassic.com